www.burmeseclassic.com

မော်ဆွေစာပေ

# အောက်လမ်းဆရဲ့မဒေါခ

နှင့်

## နာနာဘာဝ ဖြစ်ရပ်မှန်များ



မောင်မှိုင်းညို့ (ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၆ ဇူလိုင်လ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ချယ်ရီမေ
ကွန်ပျူတာ - ပန်းမြတ်စုမွန် (ကညွှတ်ကွင်း)
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၀၃၇၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မောင်မှိုင်းညို့(ချောင်းဦး) ၃၉၈.၂
အောက်လမ်းသရဲမဒေါ်ခနှင့် နာနာဘာဝဖြစ်ရပ်မှန်များ/
မောင်မှိုင်းညို့(ချောင်းဦး)၊ ရန်ကုန်၊
ဇင်ရတနာစောစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၂၁-စာ၊ ၁၂ × ၁၈ စင်တီ

www.burmeseclassic.com

www.burmeseclassic.com

# အောက်လမ်းသဂုဲဗ ဒေါ်ခ

နှင့်

## နာနာဘာဝ ဖြစ်ရပ်မှန်များ

မောင်မှိုင်းညို (ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ တစ်ပွဲတိုးအောက်လမ်း ၃

၂။ ဇလွှန်နယ်က သရဲဆွဲခံရသူ ၄၀

၃။ သစ်ခက်တစ္ဆေ ၆၆

၄။ အိုးလှေသမားပြောတဲ့ နာနာဘာဝ ဇာတ်လမ်းများ ၉၅

၅။ အောက်လမ်းသရဲမ ဒေါ်ခ ၁၂၄

၆။ ထူးခြားဆန်းပြား လူဝင်စား ၁၅၂

၇။ စွဲလမ်းတစ္ဆေ ၁၉၇


www.burmeseclassic.com

www.burmeseclassic.com

# တစ်ပွဲတိုးအောက်လမ်း

သူတို့ရွာမှာ
တစ်ကြိမ်တစ်ခါမှ မကြုံဘူးတဲ့
အဖြစ်အပျက်ကြီးတစ်ခုကို
ကြုံလိုက်ကြရတယ်.....။
အဖြစ်အပျက်က
အံ့သြစရာကောင်းတယ်။
ထိတ်လန့်ချောက်ချားစရာလည်း
ကောင်းတယ်။
လူ့အသက် သေဆုံးမှုတွေလည်း
ပါဝင်နေခဲ့တယ်.....။

www.burmeseclassic.com

မိုက်ဆွေစာပေ

www.burmeseclassic.com

# တစ်ပွဲတိုးအောက်လမ်း

ခင်ခင်ဦး ရှာက ပျောက်သွားတယ်......။

ပျောက်သွားတယ်ဆိုတာထက် ထွက်သွားတယ်ဆိုတာ
က ပိုမှန်မယ်။

ဟုတ်တယ်.......။

သုံးနှစ်အရွယ်သမီးလေးရဲ့ ရက်လည်ပြီးတဲ့ညမှာပဲ ခင်
ခင်ဦး ရှာက တိတ်တဆိတ်ထွက်သွားတယ်။

သူ ဘယ်ကိုထွက်သွားတာလဲ........၊

ဘယ်သူမှ မသိဘူး။

ခင်ခင်ဦးကလည်း ဘယ်သူ့ကိုမှ မပြောဘူး။

မိခင်ကြီးဒေါ်သို့ကိုတောင် "ရောက်ရာပေါက်ရာ" ဆိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောသွားတယ်။

ခင်ခင်ဦးထွက်သွားတာ အကြောင်းရှိတယ်၊ ပေါ်ချာ
သုံးသိတယ်။

အဲဒီအကြောင်းကတော့ သူ့ရဲ့ အိမ်ထောင်ရေးကိစ္စပဲ။

ခင်ခင်ဦးက ရွာမှာ အချောဆုံး၊ အလှဆုံးလို့ ကောင်း
ပြောနိုင်တဲ့ မိန်းမချောလေးတစ်ယောက်ပါ။

ရုပ်ချောလှ ရွာချောလှအဲ့ မိဘိစုံမရှိလို့ ကွမ်းတောင်
ကိုင် သတ်မှတ်တာမခံရပေမဲ့......၊

ကာလသားတွေကတော့ ခင်ခင်ဦးရဲ့အနားမှာပဲ ဝိုင်း
ကြီးပတ်ပတ် လည်နေကြရဲ့......။

တိုတိုပဲ ဆိုကြပါစို့။

ခင်ခင်ဦး အသက် (၁၇)နှစ်အရွယ်၊ လှသွေးတွေ အ
ပြမ်းကုန် ပွင့်လန်းနေဆဲမှာပဲ အိမ်ထောင်ကျသွားခဲ့တယ်။

ခင်ခင်ဦးဘက်က မေတ္တာသက်ဝင်၊ ချစ်ခင်လို့တော့
မဟုတ်ဘူး၊ တစ်ဖက်သတ် အနိုင်ကျင့်ခံလိုက်ရတာ။

ရွာက မြေပိုင်ရှင်သား၊ ထန်းရည်သမား၊ ကြက်သမား
ခန်းမြင့်ရဲ့ လှည်းတင်ပြေးတာကို ခံလိုက်ရတာ။

တောရွာရဲ့ ဓလေ့တစ်ခုပါပဲ၊ အပျိုပြန်မဖြစ်စေ့မယ့်

www.burmeseclassic.com

www.burmeseclassic.com



အတူတူ မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို၊ မနမ်းသော်လည်း ပင့်သက်ရှူခဲ့ရတယ်။

ခင်ခင်ဦး အုန်းမြင့်ကို ယောကျ်ားတော်ခဲ့ရတယ်။

တစ်ရွာလုံးကတော့ ခင်ခင်ဦးဘက်က ရှိတယ်၊ သနားကြင်နာခဲ့ကြတယ်။

နောက်ဆုံးတော့ ဆင်းရဲနွမ်းပါးတဲ့ ခင်ခင်ဦးတစ်ယောက် အုန်းမြင့်လို မြေပိုင်ရှင်သားနဲ့ရတယ်လို့ပဲ အဆိုးထဲကအကောင်း ယူဆလိုက်ကြတယ်။

အိမ်ထောင်ပြုတယ်ဆိုတာ မိန်းမတစ်ယောက်အတွက် မမြင်နိုင်တဲ့ကံတရားနဲ့ အလောင်းအစားလုပ်ရတာပဲလေ။

မရခင်က အင်မတန်ဆိုးသွမ်းခဲ့တဲ့ ယောကျ်ား.....၊

မိန်းမရမှ လူကောင်းသူကောင်းဖြစ်သွားလို့ သူနဲ့ရတဲ့မိန်းမ ကောင်းစားသွားတာရှိသလို....၊

မိန်းမမရခင်က ကြိုးစားတဲ့၊ ရိုးသားတဲ့ယောကျ်ားက မလည်းရပြီးရော အရက်သမားဖြစ်သွားတယ်......။

ဖဲရိုက်၊ ကြက်တိုက်၊ ဆိုးမိုက်သွားတယ်......။

အဲဒီအခါကျတော့လည်း သူနဲ့ရတဲ့မိန်းမခမျာ ငိုပါးမှောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး နူးနဲ့မျက်ရည် သုတ်ရတယ်။

ခုလည်း အုန်းမြင့် လူကောင်းသူကောင်းဘ၀ ပြောင်းလဲသွားရင် ခင်ခင်ဦး ကံကောင်းနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်ကြည့်နေခဲ့ကြတယ်။

ဒါပေမဲ့ လူမိုက်ကလူမိုက်၊ အုန်းမြင့်ကအုန်းမြင့်၊ ကွဲပြားမသွားခဲ့ဘူး၊ ဆိုးမြဲမိုက်မြဲ၊ ပေမြဲတေမြဲပါပဲ။

ဒီအထဲမှာ ချီးကျူးစရာ၊ သနားစရာကောင်းတာက ခင်ခင်ဦး.....၊

မချစ်မနှစ်သက်ဘဲ ယူခဲ့ရတဲ့ယောကျ်ားပေမဲ့ မယားဝတ္တရားငါးပါးနဲ့အညီ ကျင့်ကြံနေထိုင်တယ်.....၊

ဘုရားတစ်ဆူ၊ ဂူတစ်လုံးလို လင်ကိုကိုးကွယ်တယ်။

အုန်းမြင့် သူ့အပေါ် ဘယ်လောက်ဆိုးဆိုး သည်းခံနိုင်ခဲ့တယ်၊ အနှိပ်အစက် ခံခဲ့တယ်။

သူ အနှိပ်စက်ခံလေလေ၊ သည်းခံခြင်းတရား ကြီးမားလေလေ......၊

အုန်းမြင့်ရဲ့ ရက်စက်ညှဉ်းဆဲမှုကလည်း ကမ်းကုန်အောင် ရိုင်းမိုက်လာတယ်။

တစ်ရွာလုံးရဲ့မျက်ရှုဖြစ်တဲ့ ခင်ခင်ဦးကို အမျိုးတကာ တုန်း



www.burmeseclassic.com

www.burmeseclassic.com



က ဟမ်းတမ်းစွဲ ရူးမူးခဲ့ပေမဲ့ အိမ်ထောင်ကျပြီး နောက်ပိုင်းမှာ အချိုးပြောင်းသွားတယ်။

ခင်ခင်ဦးကြောင့် တစ်ရွာလုံးမုန်းတာ ခံရတယ်.......၊

သူ့ကို လူယုတ်မာအဖြစ် မြင်ကြတယ်....၊ ဆိုတဲ့ စွပ်စွဲချက်နဲ့ အမျိုးမျိုးနှိပ်စက်လာတယ်။

သွေးထွက်သံယို ဒဏ်ရာတွေရတဲ့အထိ ကိုယ်ထိလက်ရောက် ရိုက်နှက် စော်ကားလာတယ်။

ခင်ခင်ဦးဘဝ 'လင်ဆိုးမယား တဖားဖား' ဖြစ်ခဲ့ရတယ်။

"ဝဋ်ကြွေးတွေကို ဒီဘဝမှာပဲ ကျေအောင်ဆပ်မယ်" ဆိုတဲ့ ခံယူချက်နဲ့ ဒူးနဲ့မျက်ရည်သုတ်ပြီး ခင်ခင်ဦးပေါင်းတယ်။

လူကွယ်ရာရောက်မှ ကြိတ်မှိတ်ငိုခဲ့တယ်။

ဒီလိုနဲ့ ခင်ခင်ဦးရဲ့ဘဝအမောတွေကို သက်သာစေမယ့် ဆည်းလည်းလေးတစ်လုံး ခင်ခင်ဦးဘဝထဲ ရောက်လာတယ်။

အိမ်ထောင်သက် နှစ်နှစ်အကြာမှာ သမီးလေးတစ်ယောက် မွေးဖွါးခဲ့တယ်။

သမီးလေးရလာတော့ ဂည်း သမီးမျက်နှာနဲ့ အုန်းမြင့် လိမ္မာလာလေမလား ဆိုတဲ့ မျှော်လင့်ချက်တစ်ခု ဖြစ်လာပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အိပေမဲ့ သမိ...သော တဖြည်းဖြည်း ချစ်စဖွယ်ကြီးဖြစ်လာတယ်......၊

တောက်ဆတ်၊ တောက်ဆတ် လမ်းလျှောက်တတ်လာတယ်......၊

မပီကလာ ပီကလာ၊ တွတ်တီးတွတ်တာစကားလေးတွေ ပြောတတ်လာတယ်.......၊

အုန်းမြင့်ကတော့ လူမိုက်ကလူမိုက်ပါပဲ။

မိုက်တဲ့အပြင် ဆိုးလာတယ်လို့တောင် ပြောရမယ်။

အခြားရွာက မိန်းမတစ်ယောက်ကို မယားငယ်ယူထားတယ်ဆိုတဲ့သတင်း ထွက်လာတယ်။

အချိန်တွေကြာလာတာနဲ့အမျှ တိုးတိုးတိတ်တိတ် သတင်းက ကျယ်လောင်လာတယ်။

ကျယ်လောင်ရာကနေ ထင်ရှားလာတယ်။

နောက်ဆုံးမှာ မယားငယ်မစန်းကို အိမ်ပေါ်ခေါ်လာတဲ့အထိ တိတိလင်းလင်းဖြစ်သွားတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ခင်ခင်ဦးအနေနဲ့ ထူးပြီးမခံစားရဘူး။

နဂိုကတည်းက ဝဋ်ကြွေးဆပ်တယ်လို့ သတ်မှတ်ထားတာတိုး......။

www.burmeseclassic.com

ဇော်ဆွေစာပေ

www.burmeseclassic.com



တစ်ခုတော့ ရှိတယ်။

မြန်မာ့ဓလေ့ရိုးရာ၊ အစဉ်အလာက တစ်လင်တစ်မယား စနစ် ထွန်းကားတဲ့ ဓလေ့ထုံးစံရှိတယ်။

တစ်ယောက်ကတစ်ယောက် ပြောင်းရမှာကို အရှက် အကြောက်ကင်းသူကလွဲပြီး မလုပ်နိုင်ဘူးလို့ ခံယူထားတယ်။

တစ်ပင်လဲလို့ တစ်ပင်ထူပြီး အားကိုးရာ ရှာတာမှာ တောင် ကန့်သတ်မှုတွေ ရှိတယ်။

ဒီလို ဓလေ့ထုံးစံတွေကြားမှာ မယားငယ် အိမ်ပေါ်ခေါ် တင်လာတဲ့ကိစ္စကိုတော့ ခင်ခင်ဦး မလိုလားဘူး။

ဒါပေမဲ့ မကျေနပ်တဲ့နှလုံးသား မရှိဘူး။

မယားငယ်နဲ့ တစ်အိမ်တည်းနေပြီး ယောကျ်ားတစ် ယောက် အတူပေါင်းရမှာကို ရှက်တဲ့စိတ်ပဲရှိတယ်။

ဒါ့ကြောင့် ကွာပေးဖို့ပြောတယ်။

ခင်ခင်ဦးရဲ့ ဝင့်ကြွေးတွေ ကြေဖို့အချိန်မရောက်သေးလို့ ပဲ ထင်ရဲ့......၊

အုန်းမြင့်က ကွာမပေးဘူး။

နှစ်ဆောင်ပြိုင် အိမ်မကြီးရဲ့နောက်ဖေး၊ နွားတင်းကုပ် ဘေးမှာ တဲလေးဆောက်ပြီး ခင်ခင်ဦးနဲ့သမီးကို ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်ကစပြီး မယားငယ်က၊ မယားကြီး ဖြစ်သွားတယ်။

ခင်ခင်ဦးကလည်း မယားဘဝကနေ၊ ကျွန်ဘဝကို ရောက်သွားတယ်။

တစ်အိမ်လုံးစားဖို့ ထမင်းဟင်း၊ ချက်ပြုတ်ပေးရုံမကဘူး၊ မယားငယ်ရဲ့ ထမီအကျႌမကျန် လျှော်ဖွပ်ပေးရတယ်။

အုန်းမြင့်က မယားငယ်မစန်းကို ရွှေပေါ်မြတင်၊ ပွဲတက်မယားအဖြစ်ထားပေမဲ့ ခင်ခင်ဦးခမျာမှာတော့ ကျွန်မယားဘဝနဲ့ နေနေရတယ်။

"ဒီကောင်မလေး သိပ်ဝဋ်ကြီးတာပဲ........"

"ဘယ်ဘဝက အငြိုးတွေများပါလာလို့ ဒီလောက်ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဘဝဆိုးနဲ့ ကြုံနေရတာလဲ......"

ခင်ခင်ဦးရဲ့အဖြစ်ကို မမြင်ရက်သူတွေက မြည်တမ်းသည်းတွားကြတယ်။

မျက်ရည်ကျ ကြရတယ်။

အုန်းမြင့်နဲ့ပတ်သတ်လို့ ခင်ခင်ဦးရဲ့နှလုံးသားတွေကအကျက်စိုင်ကျောက်ခဲတွေလို မာကျောတယ်၊ ခံစားချက်မဲ့တယ်ဆိုပေမဲ့.....၊

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးကို လစ်လျူရှုတဲ့အတွက်ကိုတော့ ခင်ခင်ဦး နာကြည်းတယ်၊ အမျက်သိုမိတယ်။

အုန်းမြင့်ကလည်း ခင်ခင်ဦးနဲ့ရတဲ့သမီးလေးကို (ခင်ခင်ဦးအပေါ် မကျေနပ်ချက်ကြောင့်လား၊ မယားငယ် မကြိုက်မှာစိုးတာကြောင့်လား မသိဘူး) လုံးဝမချစ်ဘူး။

ချီဖို့ ချော့ဖို့ ဝေးလို့......၊

ကလေးလဲကျပြီး ငိုနေရင်တောင် တစ်ချက်ကလေး လှည့်မကြည့်ဘူး။

'ဒီလိုနဲ့ ခင်ခင်ဦးနဲ့ သူ့ရဲ့သမီးလေး၊ သေကွဲကွဲရမယ့် နေ့တစ်နေ့က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ်။

အဲဒီနေ့က ထုံးစံအတိုင်း နွားကျောင်းသားက တင်းကုပ်ထဲကနွားတွေ ထုတ်သွားတယ်။

နွားတွေထွက်သွားတာနဲ့ တင်းကုပ်ထဲက နွားချေး၊ အညစ်အကြေးတွေကို သန့်ရှင်းရေးလုပ်ရတယ်။

ဒါက ခင်ခင်ဦးရဲ့ နေ့တာရူဝအလုပ်။

နွားချေးတွေကြုံးနေတုန်းမှာ သမီးငယ်က တဲရှေ့မှာ တစ်ယောက်တည်း ဆော့ကစားနေတယ်။

တော်တော်လေးကြာတော့ သမီးငယ်ရဲ့ ရှူးရူးဝါးဝါး

www.burmeseclassic.com

www.burmeseclassic.com



အော်သံနဲ့ လှေကားပေါ်က တစ်စုံတစ်ခုကျတဲ့ တဒုန်းဒုန်းအသံကြီးကို ကြားလိုက်ရတယ်။

ကြားရတာက အိမ်မကြီးဆီက......၊

ခင်ခင်ဦး စိုးရိမ်တကြီး အိမ်မကြီးဆီပြေးသွားတယ်။

လှေကားရင်း၊ အုတ်တမံသလင်းမှာ သွေးအလိမ်းလိမ်းနဲ့ စကားမေးမရတော့တဲ့ သမီးလေးကိုတွေ့ရတယ်။

ခင်ခင်ဦး လှေကားပေါ်မော့ကြည့်မိတော့ အုန်းမြင့်နဲ့ သူမယားမစန်းကို အပေါ်ထပ်လှေကားထိပ်မှာ ငုံ့ကြည့်နေတာတွေ့ရတယ်။

ခင်ခင်ဦးမျက်လုံးတွေ မီးဝင်းဝင်း တောက်သွားတယ်။

"နင်.... နင်.... နင်တို့...၊

ငါ့သမီးကို........"

ဒီလောက်ပဲ ပြောနိုင်တယ်။

ဒေါသထွက်လွန်းလို့ အသံတွေတုန်ပြီး တိမ်ဝင်သွားတယ်။

သမီးလေးကို ပွေ့ယူပြီး..........၊

ဆေးဆရာကြီး ဦးကြာညွန့်အိမ်ကို ပြေးတယ်။

ဗုဒ္ဓရွေတွေ၊ သိကျွာတွေ၊ ရှက်ရမှာတွေ၊ ကြောက်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ သူဘာတစ်ခုမှ မမြင်တော့ဘူး။

ဆံပင်တွေကလည်း ဖိုးရိုးဖားရား၊ ခြေထောက်မှာလည်း ဖိနပ်မပါ၊ ပွေ့ထားတဲ့ ကလေးကလည်း သွေးအလိမ်းလိမ်းနဲ့။

သမီးအတွက် စိုးရိမ်စိတ်က ငယ်ထိပ်ရောက်နေတာကြောင့် ခင်ခင်ဦးရဲ့မျက်လုံးတွေကလည်း ပြူးကြောင်နေတယ်။

အဲဒီအချိန်မှာ သူ့အသွင်ဟာ စိတ်မနှံ့တဲ့ အရူးမတစ်ယောက်နဲ့မခြား ဖြစ်နေတယ်။

ဖြစ်မယ်ဆိုလည်း ဖြစ်လောက်ပါရဲ့......၊

သူ့သမီးလေးသာ သူ့ကမ္ဘာဖြစ်နေတာကိုး။

သူ့ကမ္ဘာလေး မပျက်စီးဖို့၊ သူ့သမီးလေးအသက်ကို ကယ်တင်နိုင်ဖို့ အရူးလုံးလုံးစိတ်နဲ့ သူပြေးခဲ့တာဖြစ်တယ်။

သူ ဘယ်လိုပဲကြိုးစားခဲ့ပေမဲ့ သူ့ကမ္ဘာလေး ပျက်စီးသွားခဲ့တယ်။

သမီးလေးဟာ သူ့လက်ထဲမှာပဲ ဘဝတစ်ပါးကိုပြောင်းသွားခဲ့ရတယ်။

ဆရာကြီးဦးကြာညွန့် ကလေးမလေးရဲ့လက်ကို ကိုင်ပြီး စမ်းသပ်ကြည့်တယ်၊ ပြီးတော့.....၊

"ကလေး အသက်မရှိတော့ဘူး သမီးရယ်...." လို့ ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

ခင်ခင်ဦးအသည်းနှလုံးတွေ တစ်စစီ၊ တစ်စစီ ကြေကွဲလွင့်စင်သွားတယ်။

ရပ်တည်ခြင်းဌာ မစွမ်းသာတော့ဘဲ နေရာမှာတင် ပျော့ခွေလဲကျသွားခဲ့တယ်......။

အဆိုးထဲက အကောင်းလို့ပဲ ပြောရမယ်ထင်ပါရဲ့......။

ရက်လည်ပြီးတဲ့ညမှာ ခင်ခင်ဦး ရွာကနေ တိတ်တဆိတ် ထွက်ခွါသွားတယ်။

ဒီလို ထွက်ခွါခြင်းဟာ အုန်းမြင့်အပေါ်မှာ သူဆပ်ရမယ့် ဝဋ်ကြွေးတွေ ကြေသွားလို့ပဲလို့ တစ်ရွာလုံးက မှတ်ထင်ယူဆခဲ့ကြပါတယ်။

❖ ❖ ❖

''ခင်ခင်ဦး ရွာကိုပြန်ရောက်လာပြီတဲ့......''

''ခင်ခင်ဦး ပြန်ရောက်လာပြီဟေ့......''

ဒီသတင်းကြောင့် တစ်ရွာလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားတယ်။

ဟုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့သုံးနှစ်က ရွာက တိတ်တဆိတ်ထွက်သွားတဲ့ ခင်ခင်ဦးတစ်ယောက်.....၊

မမျှော်လင့်ဘဲ ရွာကိုပြန်ရောက်လာပြီ ဖြစ်တယ်။

ခင်ခင်ဦးအပေါ် သနားကြင်နာနေသူတွေ၊ ချစ်ခင်သူတွေ၊ ပွမ်းတသသရှိနေသူတွေ ခင်ခင်ဦးရောက်နေတဲ့ မိခင်ကြီးဒေါ် ညိုအိမ်ကို သွားကြတယ်။

ခင်ခင်ဦး၊ အုန်းမြင့်အိမ်ကို မသွားဘူး။ မိခင်ကြီးအိမ်မှာ ပဲ နေတယ်။

သုံးနှစ်လောက် ကြာခဲ့ပြီဖြစ်တာကြောင့် လင်ခန်းမယား ခန်းပြတ်ပြီလို့ တွေးထားဟန်ရှိတယ်။

အချိန်က ကုစားပေးလိုက်တာကြောင့်လည်း ဖြစ်မယ်၊ အသည်းတွေ ပိုမာလာဟန်ရှိတယ်။

ခင်ခင်ဦးရဲ့အသွင်က ဟိုးတုန်းကအသွင်နဲ့ ခြားနားနေ တယ်၊ ပိုပြီးလည်း တည်ငြိမ်လာတယ်။

ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသူ၊ ရဲရင့်သူတစ်ယောက်ရဲ့ အသွင်တွေ ထင်ထင်ရှားရှား ပေါ်လွင်နေတယ်။

တစ်ခုကောင်းတာက အုန်းမြင့်ကိုယ်တိုင်ကလည်း ခင် ခင်ဦးဆီ မလာဘူး၊ ဘာသိဘာသာပဲ နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သဘောက သူ့ဘက်ကလည်း ပြတ်ပြီဆိုတဲ့သဘော။

ဒီလိုအနေအထားကို ခင်ခင်ဦးကလည်း ကြိုက်တယ်။

ရောက်တဲ့နေ့ကစပြီး အုန်းမြင့်တို့လင်မယားနဲ့ မျက်နှာချင်းမဆိုင်မိအောင် ရှောင်တယ်။

မရှောင်နိုင်လို့ တည့်တည့်တိုးရင်လည်း အသိမိတ်ဆွေတွေလို ခေါ်ပြောနှုတ်ဆက်တာ လုပ်တယ်။

ရွာသူရွာသားတွေကလည်း လွတ်လပ်ငြိမ်းချမ်းသွားတဲ့ ခင်ခင်ဦးအတွက် ဝမ်းသာနေကြတယ်။

ဒီလိုနဲ့ ခင်ခင်ဦးရွာကိုပြန်ရောက်လာတာ ခြောက်လတင်းတင်း ပြည့်သွားခဲ့တယ်။

အဲဒီအချိန်မှာပဲ သူတို့ရွာမှာ တစ်ကြိမ်တစ်ခါမျှ မကြုံဘူးတဲ့ အဖြစ်အပျက်ကြီးတစ်ခုကို ကြုံလိုက်ကြရတယ်။

အဖြစ်အပျက်က အံ့သြစရာကောင်းတယ်။

ထိတ်လန့်ချောက်ချားစရာလည်း ကောင်းတယ်။

လူ့အသက် သေဆုံးမှုတွေလည်း ပါဝင်နေခဲ့တယ်။

❖ ❖ ❖

မြို့ဝင်းတံခါးရဲ့ အတွင်းဘက်မလှမ်းမကမ်းမှာ [illegible]လာင်း



www.burmeseclassic.com

www.burmeseclassic.com



သိုးလောင်းရှိနေတယ်။

အုန်းမြင့်၊ သူမိန်းမ၊ ပြီးတော့ (၂)နှစ်အရွယ် သူတို့ရဲ့သမီးလေးရဲ့ အလောင်းတွေ.....။

ထူးခြားချက်က တံခါးတွန်းဖွင့်ပြီး ခြံထဲဝင်လိုက်တာနဲ့ အကောင်းသားကြီးကနေ ရုတ်တရက်၊ ဗိုင်းခနဲ လဲကျသေဆုံးသွားကြတဲ့ အဖြစ်ပါ။

အုန်းမြင့်ရဲ့အဖြစ်ဆိုးကို မြင်လိုက်တာနဲ့ သူ့မိန်းမမိစန်းက သားတဲ့ကလေးကိုချီပြီး ခြံထဲအမြန်ပြေးတယ်။

သူ့ယောက်ျား လဲကျနေတဲ့ဆီ သွားတယ်။

အဲဒီမှာ သူပါလဲကျ သေဆုံးသွားတယ်။

တစ်ခါ.....၊

သမီးငယ်လေးကလည်း တောက်တောက် တောက်တောက်နဲ့ မအေ့နောက် ပြေးလိုက်သွားတယ်။

ခြံထဲဝင်လိုက်တာနဲ့ မအေ့ဆီတောင် မရောက်လိုက်ဘူး။

မြေပေါ်လဲကျပြီး ပက်လက်လေးသေသွားတယ်။

သူတို့အိမ်က ရွာလယ်ပိုင်းမှာ၊

နောက်ပြီး နေ့လယ်ဘက်ဖြစ်နေလို့ ဖြစ်ပုံပျက်ပုံအလုံးစုံကို အိမ်နီးနားချင်းတွေအားလုံး သိနေ၊ မြင်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြီး တစ်ယောက်ပြီးတစ်ယောက် လဲကျ သေဆုံးနေရတဲ့ အဖြစ်ကိုကြည့်ပြီး အံ့သြထိတ်လန့်နေကြတယ်။

သူတင်းက တောမီးလောင်သလို ချက်ချင်းပျံ့နှံ့သွား တယ်။

တစ်ရွာလုံးကလူတွေ အုန်းမြင့်တို့ အိမ်ရှေ့လမ်းပေါ်မှာ စုပြုံရောက်လာကြတယ်။

"ခြံထဲကို ဘယ်သူမှမဝင်ကြနဲ့.....၊

မဝင်ကြနဲ့......"

ရွာထိပ်မှာနေတဲ့ ဆရာကြီးဦးကြာညွန့် ရောက်လာပြီး အော်ဟစ်ပြောတယ်။

တစ်ချိန်တည်းလိုလို ရွာလူကြီးပါ ရောက်လာတယ်။

"ဆရာကြီး ဘယ်လိုဖြစ်တာလဲ ခင်ဗျ......"

ရွာလူကြီးက ဦးကြာညွန့်ကို မေးတယ်။

"ကျုပ်လည်း အတိအကျတော့ မပြောနိုင်သေးဘူး၊

ဒါပေမဲ့ မျက်မြင်တွေ့တဲ့လူတွေ ပြောတဲ့စကားအတိုင်း ဆိုရင်တော့ ရိုးရိုးသားသား မဖြစ်နိုင်ဘူး.....၊

ဒါဟာ အသက်သေအောင်ထိ ပြုလုပ်ထားတဲ့အောက် လမ်းပညာသည်ရဲ့ အစီအရင် ဖြစ်နိုင်တယ်ဗျ....."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်လိုဆက်လုပ်ကြမလဲ....."

ရွာလူကြီးက စိုးရိမ်တကြီးအသံနဲ့ မေးတယ်။

"စောင့်ကြည့်ရဦးမှာပဲ....."

လောလောဆယ်တော့ အုန်းမြင့်တို့ခြံထဲကို ဘယ်သူမှ မဝင်အောင် ပြောရမယ်.....၊

ဝင်တဲ့သူမှန်သမျှ အောက်လမ်းစက်မိပြီး အသက်သေသွားနိုင်တယ်....."

"ဒါဆိုရင် ဒီအလောင်းတွေကို မသင်္ဂြိုဟ်ဘဲ ဒီအတိုင်းထားရတော့မှာလား ဆရာကြီး....."

"အဲဒီလိုလည်း မဟုတ်ပါဘူး...၊

ဘယ်လိုအောက်လမ်းစက်လည်းဆိုတာ သိအောင်လုပ်ပြီး စက်ကိုဖြတ်ရမယ်၊

အောက်လမ်းစက်ပြတ်သွားရင် ခြံထဲဝင်လို့ ရမှာပါ....."

ဆရာကြီး ဦးကြာညွှန့် ရွာလူကြီးကို ရှင်းပြတယ်။

ပြီးတော့ အုန်းမြင့်တို့ မိသားတစ်စုလုံးကို သေလောက်တဲ့အထိ အမုန်းအငြိုးရှိသူ ဘယ်သူဖြစ်နိုင်မလဲဆိုတာ စဉ်းစားကြည့်တယ်။

ဆရာကြီးရဲ့ မျက်လုံးထဲမှာ တစ်စုံတစ်ယောက်ကို ပြက်

www.burmeseclassic.com

www.burmeseclassic.com



ပြက်ထင်ထင် မြင်လိုက်ရတယ်။

သူက ခင်ခင်ဦးဆိုတဲ့ မိန်းမတစ်ယောက်.....၊

သေသူအုန်းမြင့်ရဲ့ ပထမ–မယား.....၊

သမီးလေးတစ်ယောက်ရမှ အုန်းမြင့်ရဲ့ စွန့်ပစ်မှုကိုခံခဲ့ရတဲ့သူ။

တစ်ရွာတည်းသားတွေ ဖြစ်တာကြောင့် သူတို့အကြောင်းကို ဆရာကြီးအနေနဲ့ အစကအဆုံး၊ တစ်လုံးအကျန် သိနေခဲ့တယ်။

အုန်းမြင့်ကို သေစေလောက်တဲ့အထိ အငြိုးအတေးကြီးနိုင်တဲ့အရာဆိုလို့ အုန်းမြင့်ရဲ့ပထမ–မယား၊ ခင်ခင်ဦးနဲ့ပတ်သက်တဲ့ အကြောင်းအရာပဲ ရှိတယ်။

အဖြစ်အပျက်က ကြာတော့ကြာခဲ့ပါပြီ။

လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဖြစ်တဲ့အဖြစ်အပျက်ပါ။

ဒီအဖြစ်အပျက်တွေကို တွေးမိတာနဲ့ ဆရာကြီးဦးကြာညွန့် ရွာလယ်လမ်းအတိုင်း အသာလျှောက်လာခဲ့တယ်။

အုန်းမြင့်တို့အိမ်နဲ့ မျက်စောင်းထိုးမှာရှိတဲ့ အိမ်ကိုရှေ့တစိုက် ကြည့်လာတယ်။

အဲဒီအိမ်က ခင်ခင်ဦးနေတဲ့အိမ်.....၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးကြာညွန့် ထင်တဲ့အတိုင်းပဲ.....၊

အိမ်ရှေ့ လသာဆောင်ကနေ အုန်းမြင့်တို့အိမ်ဘက် မျက်နှာမူကြည့်နေတဲ့ ခင်ခင်ဦးကို တွေ့ရတယ်။

ခင်ခင်ဦး အံကိုတင်းတင်းကြိတ်ထားတယ်။

မျက်လုံးတွေကလည်း မီးဝင်းဝင်းတောက်နေတယ်။

အဲဒီအချိန်မှာပဲ ခင်ခင်ဦးဟာ သူ့ကိုလှမ်းဝှက်အကဲခတ်နေ တဲ့ ဆရာကြီးဦးကြာညွန့်ကို မြင်သွားတယ်။

သူက ဆရာကြီးရဲ့မျက်လုံးတွေကို စိုက်ကြည့်တယ်။

ဒါဟာ အသံတိတ်၊ ပဉ္ဉာပြိုင်လိုက်တာပဲ.....။

တော်တော်ကြာတဲ့အထိ တစ်ယောက်မျက်လုံး တစ် ယောက် စိုက်ကြည့်နေကြတယ်။

အရင်ဆုံး မျက်လုံးကို စ–လွှဲဖယ်လိုက်သူက ခင်ခင်ဦး

ဒါဟာ သူ့အနေနဲ့ အရှုံးပေးလိုက်ခြင်းဆိုတာ သူရော ဆရာကြီးဦးကြာညွန့်ရော သိလိုက်ကြတယ်။

❖❖❖

"ကဲ.... ကဲ၊ ဝိုသမီးလေး စိတ်ကိုလျှော့ထားတော့ သမီးရဲ့ဆန္ဒလည်း ပြည့်ဝခဲ့ပြီ မဟုတ်လား.....၊ ဒါဆို

www.burmeseclassic.com

www.burmeseclassic.com



နပ်တော့.....”

အခုအချိန်က အပြစ်မရှိတဲ့သူတွေရဲ့အသက်တွေ အလ ဟဿမဆုံးရှုံးအောင် တားဆီးရမယ့်အချိန် ဖြစ်နေပြီ၊

ဒါ့ကြောင့် ဆရာကြီးမေးတာကို မှန်မှန်ဖြေ၊ ဟုတ်ပြီ လား.....”

အရိပ်အကဲကြည့်ပြီး အတတ်သိလိုက်တဲ့ဆရာကြီးဟာ ခင်ခင်ဦးရှိတဲ့ အိမ်ပေါ်ထပ်ထိတက်သွားပြီး ခင်ခင်ဦးကို ပြောလိုက် တယ်။

ခင်ခင်ဦးက ဆရာကြီးဦးကြာညွန့်ကို ရိုသေစွာနဲ့လက် အုပ်ချီ ရှိခိုးတယ်။

“တောင်းပန်ပါတယ် ဆရာကြီးရယ်.....၊

သူနဲ့ပတ်သက်ပြီး ဘယ်လိုမှမခံစားနိုင်တာကြောင့် က လဲ့စားချေမိပါတယ်.....၊

ဝဋ်ကြွေးပါရင်လည်း နောင်ဘဝ ကျွန်မပြန်ဆပ်ပါ့မယ်”

“အေးပေါ့ကွယ်....၊

အကြွေးရှိရင်တော့ ဘယ်သူမဆို ဆပ်ကြရမှာ ပဲပေါ့....၊

သမီးရဲ့ အနေအထားကိုကြည့်ရင် ပညာသည်စစ်စစ် တော့တ်ဘူးဆိုတာ ဆရာကြီးသိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သမီး တစ်ပွဲတိုးအောက်လမ်း မဟုတ်လား”

“ဟုတ်ပါတယ် ဆရာကြီး......”

“ဒါဆိုရင် ဘယ်နှသက် ခွင့်တောင်းခဲ့လဲသမီး....”

“ခုနစ်သက်ပါ ဆရာကြီး....”

“မိုက်လိုက်ပါပေ့ သမီးရယ်......၊

ကဲ.... ကဲ၊ ဆရာကြီးနောက်မှ ပြန်လာမယ်၊

ခုတော့ သွားလိုက်ဦးမယ်....”

“ဟုတ်ကဲ့ပါ ဆရာကြီး....”

ဆရာကြီးဦးကြာညွန့် အိမ်ပေါ်က ခပ်သုတ်သုတ်ဆင်းတယ်။

အုန်းမြင့်တို့အိမ်ရှိရာဆီ ပြန်လှည့်ခဲ့တယ်။

နေက မွန်းတည့်လောက် ရောက်နေပြီ။

ဘယ်သူမှ မဝင်ရဲတာကြောင့် အလောင်းတွေကိုပြုပြင်စီရင်မယ့် သူမရှိဘူး။

မြေပေါ်မှာ ပိုးလိုးပက်လက်၊ အမြင် မတင့်မတယ်ဖြစ်နေတယ်။

အုန်းမြင့်ရဲ့အိမ်နဲ့ မျက်နှာချင်းဆိုင်၊ လမ်းတစ်ဖက်ကသစ်ပင်ကြီးအရိပ်မှာ ရွာလူကြီးတွေနဲ့ ရွာသားတော်တော်များ



www.burmeseclassic.com

www.burmeseclassic.com



များ ထိုင်နေကြတယ်။

အဲဒီအထဲမှာ အုန်းမြင့်ရဲ့ အဖေ၊ အမေနဲ့ ဆွေမျိုးသား ချင်းတွေ ပါတယ်။

ငိုတဲ့သူကငို၊ ရှိုက်တဲ့သူက ရှိုက်နှင့်....၊

အချို့ကလည်း စိုးရိမ်ကြောက်လန့်တဲ့အကြည့်နဲ့ ကြည့် နေကြတယ်။

"ဆရာကြီး ဘယ်ပျောက်သွားတာလဲ...."

ရွာလူကြီးက ဆရာကြီးဦးကြာညွန့် ရောက်လာတာနဲ့ မေးတယ်။

"အဲဒါတွေ မေးမနေနဲ့တော့ ဦးသိန်းရေ.....၊

အခု ဖြစ်နေတဲ့ကိစ္စက တစ်ပွဲတိုးအောက်လမ်းပညာ သည်ရဲ့ အစီအရင်တွေပဲ၊

အသက် ခုနစ်သက်သေမှ အောက်လမ်းစက်ပြတ် တယ်....."

"ဟာ.... ဒါဆို နောက်ထပ်လေးယောက် သေဦးမှာ လား...၊ ခက္ခပါပဲ....."

ရွာလူကြီးဦးသိန်း အလန့်တကြား ညည်းတွားမိုက် တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးကြာညွန့်ကတော့ စကားမပြန်ဘဲ တစ်ခ
တစ်ခုကို လေးလေးနက်နက် စဉ်းစားနေတယ်။

အဲဒီအချိန်မှာ တဝုန်းဝုန်း၊ ဆူဆူညံညံအသံ ကြားလိုက်
တယ်။

ကြည့်လိုက်တော့......၊

ရွာလယ်လမ်းအတိုင်း နွားကြီးတွေ ပြေးလာနေတယ်

နွားကျောင်းသားတစ်ယောက်လည်း နွားတွေနောက်
ခပ်လှမ်းလှမ်းကနေ ပြေးလိုက်လာတယ်။

နွားကျောင်းသားကိုမြင်လိုက်တာနဲ့ ဆရာကြီးဦးကြာ
ညွန့် ထိတ်လန့်စိုးရိမ်သွားတယ်။

'ဟာ' ခနဲ အာမေဋိတ်သံနဲ့အတူ ထရပ်တယ်။

နွားကျောင်းသားဆီကို ပြေးသွားတယ်။

မျက်နှာချင်းဆိုင်က ပြေးလာတဲ့နွားတွေ ဆရာကြီးဘေး
ကနေ တဝုန်းဝုန်းပြေးသွားကြတယ်။

ရွာလူကြီး ဦးသိန်းရော၊ ကျန်တဲ့ ရွာသူရွာသားတွေ
ရော၊ ဆရာကြီးဦးကြာညွန့် ဘာလုပ်တယ်ဆိုတာ ရုတ်တရက်
မသိဘူး။

အံ့ဩစွာနဲ့ပဲ ကြောင်ကြည့်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်က အရမ်းမြန်တယ်။

စက္ကန့်အနည်းငယ်အတွင်းမှာ လျှပ်ပြက်လိုက်သလို ဖြစ်သွားတယ်။

နွားသိုးကောင်ဟာ အုန်းမြင့်ခြံထဲ တန်းဝင်သွားကြတယ်။

ခြံထဲဝင်မိလိုက်တာနဲ့ မမြင်ရတဲ့အားကောင်းမောင်းသံကြီးတစ်ခုကြောက်က ထိပ်ကို ပေါက်ဆိန်ကြီးနဲ့ထုလိုက်သလို နွားကောင်ရေတစ်ကောင် ဗုန်းခနဲ၊ ဗုန်းခနဲ ပစ်လဲသွားကြတယ်။

ဆရာကြီးဟာ နွားတွေနဲ့အတူ ခြံထဲပြေးလိုက်သွားမယ့် နွားကျောင်းသားကို အချိန်မီဖမ်းဆွဲ၊ တားဆီးနိုင်ခဲ့တယ်။

နွားကျောင်းသားကတော့ ဘာမပြော၊ ညာမပြော၊ လက်ဆွဲတားဆီးခံလိုက်ရတာကို နားမလည်နိုင်တဲ့အကြည့်နဲ့ ဆရာကြီးဆီကို ကြည့်နေတယ်။

ဆရာကြီးက နွားကျောင်းသားကို သစ်ပင်ရိပ်အောက်ဆီ ဆွဲခေါ်လာခဲ့တယ်။

နွားတွေ အတုံးအရုံး၊ လဲကျ သေဆုံးနေတာကို မြင်လိုက်တယ်။

"နွားတွေနဲ့အတူ ခြံထဲဝင်သွားရင် မင်းလည်းနွားတွေ



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုသေမှာပဲ....”

နွားကျောင်းသားခများ ဒီတော့မှ ကြောက်လန့်ပြီး ဒူးတွေ တဆတ်ဆတ် တုန်သွားတယ်။

“ဦးသိန်းရေ ခင်ဗျား ရာအိမ်မှူးတွေထဲက တစ်ယောက် ကို ကြက်နှစ်ကောင်အရှင် ရှာခိုင်းပေးပါ။

အရေးကြီးလို့ အမြန်ရလေ၊ ပိုကောင်းလေပဲဗျို့....”

ဆရာကြီးက ရွာလူကြီးဦးသိန်းကို ပြောလိုက်တယ်။

ဦးသိန်း၊ ရာအိမ်မှူးတစ်ယောက်ခေါ်ပြီး ကြက်အရှင်နှစ် ကောင်ရဖို့ စီစဉ်တယ်။

ရာအိမ်မှူးလည်း ထွက်သွားပြီး သိပ်မကြာခင်မှာပဲ ကြက်အရှင်နှစ်ကောင်ပိုက်ပြီး ပြန်ရောက်လာတယ်။

“တစ်ကောင်ကို ခြံတံခါးဝကနေ ခြံထဲကိုလွှတ်လိုက် ပါ.....”

ဆရာကြီးအမိန့်ဆုံးတာနဲ့ ရာအိမ်မှူးက ကြက်တစ် ကောင်ကို ခြံဝကနေ၊ ခြံထဲခေါင်းတည်ပြီး လွှတ်တယ်။

ကြက်ကလည်း လူ့လက်ကလွတ်တာနဲ့ ခေါင်းတည် ထားတဲ့အတိုင်း ခြံထဲကိုပြေးဝင်သွားတယ်။

ချက်ချင်းမှ ချက်ချင်းဆိုသလိုပါပဲ......။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဟာ အကောင်းအတိုင်းကနေ လဲကျသွားတယ်၊
ောင်ပံ တဖျတ်ဖျတ်ရိုက်ခတ်ပြီး ငြိမ်ကျသွားတယ်။

"ကျန်တဲ့ ကြက်တစ်ကောင် ထပ်လွှတ်လိုက်ဦး...."

ဆရာကြီးက ထပ်ပြီး အမိန့်ပေးလိုက်တယ်။

ရာအိမ်မှူးကလည်း စောစောကအတိုင်း ကြက်ကိုခြံထဲ
င်းတည်ပြီး ခြံဝကနေလွှတ်လိုက်တယ်။

ကြက်က ခြံထဲဝင်ပြေးသွားတယ်။

ပြီးတော့ နွားသေတစ်ကောင်ရဲ့ ကိုယ်လုံးပေါ်တက်၊ ပိုး
ောင်မွှားကောင်လေးတွေ ရှာစားနေတယ်။

ကြည့်နေတဲ့သူအားလုံး "ဒီကြက်လည်း သေမှာပဲ" လို့
သထားကြတယ်။

ခု......၊ ကြက် မသေတာတွေ့တော့ ဇဝေဇဝါဖြစ်ကုန်ကြ
ယ်။

"ပညာသည်က အုန်းမြင့်တို့မိသားစုသုံးယောက်နဲ့ ဆွေ
ထဲက လေးယောက်၊ စုစုပေါင်း ခုနစ်ယောက်အသက် ဆိုး
ောင် စီရင်ထားတယ်.....၊

အခု လူသုံးယောက်၊ နွားသုံးကောင်နဲ့ ကြက်တစ်
ောင် သေပြီဆိုတော့ အသက် ခုနစ်သက်၊ အလောင်း ခုနစ်



www.burmeseclassic.com

www.burmeseclassic.com



လောင်းပြည့်သွားပြီ....၊

အောက်လမ်းပညာစက်လည်း အဆုံးသတ်သွားပြီ၊

ဒို့ကြောင့် နောက်ဆုံးလွှတ်လိုက်တဲ့ကြက်၊ မသေတာ

ဖြစ်တယ်.....၊

ခုချိန်ကစပြီး အုန်းမြင့်တို့ခြံထဲကို ဘယ်သူဝင်ဝင်၊ ဝင်

လို့ရပြီ.....၊

လုပ်စရာ ကိုင်စရာရှိတဲ့ကိစ္စတွေ၊ လုပ်လို့ကိုင်လို့ ရပြီ....

ဆရာကြီးဦးကြာညွန့် ခွင့်ပြုလိုက်ပေမဲ့ ခြံထဲကိုဘယ်သူ

မှ မဝင်ရဲသေးဘူး။

ကြောက်ကြောက်လန့်လန့်နဲ့၊ ဝင်ရမှာ တွန့်ဆုတ်တွန့်

ဆုတ် ဖြစ်နေကြတယ်။

ဆရာကြီးက သူတို့ဖြစ်နေတဲ့အခြေအနေကို ရိပ်မိတာ

ကြောင့် ရှေ့ကပဲ ဦးဆောင်ဝင်လိုက်တယ်။

"ကဲ.... လာကြ.... လာကြ......၊

ကျုပ်ပဲ ရှေ့ကဦးဆောင်သွားမယ်၊

ခင်ဗျားတို့ ကျုပ်နောက်က လိုက်ခဲ့ကြပါ...."

ပြောရင်းဆိုရင်း ခြံတံခါးကိုတွန်းဖွင့်ပြီး ဆရာကြီးပြ

ဝင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတောင် လူတွေက နောက်ကနေ ထက်ကြပ်မကွာ လိုက်မလာဘူး......။

ခြံထဲရောက်လို့ ဆရာကြီး ဘာမှမဖြစ်တာမြင်မှ မဝံ့မရဲ ဝင်လာကြတယ်။

ပြီးတော့ အုန်းမြင့်တို့မိသားစုရဲ့ အလောင်းတွေကို ဦးစီးသယ်တယ်၊ အလောင်းတွေကို သန့်စင်ပေးပြီး အိမ်ပေါ်မှာပြင်ဆင်တယ်။

ကျန်တဲ့သူတွေက နွားသေတွေကို နောက်ဖေးနွားတင်းကုပ်ထဲ သယ်ပို့တယ်၊ တင်းလျှာအဖြစ် ကိုင်တွယ်နေကြတယ်။

ဒီလို လူတွေအားလုံး၊ ကိုယ်စီကိုယ်ငှ အလုပ်တွေနဲ့ ယောက်ယက်ခတ် ရှုပ်ထွေးနေချိန်မှာ ဆရာကြီးဦးကြာညွှန့် ခြံအပြင်ကို ထွက်လာခဲ့တယ်။

ရွာလယ်လမ်းမအတိုင်း အရှေ့ဘက်ဆီ လျှောက်လာတယ်။

အိမ်တစ်အိမ်ရဲ့ရှေ့ကိုရောက်တော့ ခြံထဲဝင်သွားတယ်။ သူ ဝင်လိုက်တဲ့ခြံက တစ်ပွဲတိုးအောက်လမ်းပညာသည်ကလေး ခင်ခင်ဦးရဲ့ ခြံပဲဖြစ်ပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ပြီး ဒီပညာတွေကို တတ်လာတာလဲ သမီး....၊

ဆရာကြီးကို ရှင်းပြပါဦး......"

ဆရာကြီးလာမယ်ဆိုတာ ကြိုသိနေတာကြောင့် ခင်ခင်ဦးက ဘုရားခန်းမှာ သင်ဖြူးဖျာခင်းထားတယ်။

ရေတာကောင်း၊ ကွမ်းအစ်၊ ထွေးခံ စသည်ဖြင့် အသင့်ထားတယ်။

ဆရာကြီး ဆေးလိပ် မသောက်တတ်တာကို သိတဲ့အတွက် ဆေးလိပ်ခွက်တော့ တည်ခင်းမထားဘူး။

ဖျာပေါ်ထိုင်မိတာနဲ့ ဆရာကြီးက ခင်ခင်ဦးကို တန်းပြီး မေးလိုက်တာဖြစ်တယ်။

"ဆရာကြီးကတော့ တစ်ရွာလုံးကို ဆေးကုသပြီး စောင့်ရှောက်ပေးသူလည်း ဖြစ်တယ်.....၊

ကျွန်မအနေနဲ့လည်း လေးစားရိုသေ-သမှု ရှိပါတယ်။ ဒါ့ကြောင့် အဖြစ်မှန်အတိုင်း မချွင်းမချန် ပြောပြပါ့မယ်"

ဒီလို စကားခံပြီး ခင်ခင်ဦးက ဆိုးရွားလှတဲ့ သူ့အကြောင်းတွေ......၊

ခုန်းမြင့်ရဲ့ အနိုင်ကျင့်မှုအောက်မှာ ငရဲကျခံနေရသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်ခဲ့တဲ့ ခံစားမှုတွေနဲ့.. ၊

တစ်ပွဲတိုးအောက်လမ်းဂါထာညာရပ်ကို သင်ယူဖြစ်ခဲ့တဲ့ အကြောင်းတွေကို ဆရာကြီးဆီမှာ မချွင်းမချန် ဖွင့်ဟပြောကြား ခန်ခံခဲ့ပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်ခွဲခန့်ကာလမှာ ခင်ခင်ဦး ရှာကထွက်ခွါ ခဲ့တယ်။

ဒီလို တစ်ယောက်တည်း ခြေဦးတည့်ရာထွက်ခွါသွားဝံ့ တဲ့ သတ္တိမျိုး ခင်ခင်ဦးမှာမရှိပါဘူး။

ဒါပေမဲ့ ကိုယ်ရော စိတ်ပါ လူရုပ်မပေါ်အောင် အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်နေတဲ့ အုန်းမြင့်လက်က လွတ်ဖို့လမ်းက ဒီလမ်း ဲ သေလမ်း.....၊

နှစ်လမ်းပဲ ရှိတယ်။

စောစောပိုင်းကတော့ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပြီး သေပစ်လိုက်ဖို့ သူအကြိမ်ကြိမ် ကြံစည်ခဲ့သေးတယ်။

လူ မမယ်အရွယ် သမီးလေးရဲ့မျက်နှာကြောင့်သာ ဆွဲ ချသေမယ့်အကြံကို အကြိမ်ကြိမ် လက်လျှော့ခဲ့တာဖြစ် တယ်။

ရုတ်တရက် မပျော်လင့်ဘဲ၊ သမီးလေး ဆုံးပါးသွားချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ သူ့အတွေးတွေ တစ်မျိုးပြောင်းသွားတယ်။

လှေကားခြေရင်းမှာ သွေးအလိမ်းလိမ်းနဲ့ လဲကျနေတဲ့ သမီးလေးကို အပေါ်လှေကားထိပ်ကနေ ငုံ့ကြည့်နေတဲ့ အုန်းမြင့် တို့လင်မယားရဲ့မျက်နှာကို သူ့မျက်လုံးထဲက မပျောက်နိုင်ခဲ့ဘူး။

သမီးလေးကို သူတို့လင်မယား တွန်းချလိုက်တာလို့ပဲ စိတ်ထဲ စွဲနေတယ်။

နှလုံးသားထဲက နာကြည်းနေတယ်။

ကိုယ့်ကိုယ်ကို သတ်သေမယ့်အကြံကို စွန့်လွှတ်လိုက် တယ်။

အဲဒီနေရာမှာပဲ ကလဲ့စားချေမယ်......၊

တစ်ဆွေတစ်မျိုးလုံးကို သတ်ပစ်မယ်......၊

အမှုန့်ချေပစ်မယ်...... ဆိုတဲ့ နာကြည်းစိတ်တွေ ဝင်လာ တယ်။

အမျက်ဒေါသတွေက လောင်စာအပြည့်ရှိနေတဲ့ မီး တောက်ကြီးလို တိုးပြီးတောက်လောင်လာတယ်။

ဒီအကြောင်းကြောင့် သူ ရွာက ထွက်ခဲ့တာဖြစ်တယ်။

အချိန်ကာလများစွာ၊ ဒုက္ခဆင်းရဲအမျိုးမျိုး၊ အဆိုဖိုက် ခံစားရင်း သူ့ရဲ့ နာကြည်းစိတ်တွေက ပိုပြီးခိုင်မာလာတာတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ တောင်ပေါ်ဒေသက ရွာလေးတစ်ရွာကို သို့ ရောက်သွားတယ်။

လှုရုပ်ပျောက်အောင် ပိန်လှီခြောက်သွေ့နေတဲ့၊ အသား ရပြတ်ပြီး မွဲလဲနေတဲ့သူ့ကို တိုင်းရင်းသား အဘိုးအဘွားလင်မယားက ကယ်တင်ပြီး စောင့်ရှောက်ခဲ့တယ်။

သူကလည်း မိခင်ဖခင်အရင်းပမာ ပြုစုစောင့်ရှောက်တယ်.....။

ရက်တွေလတွေ ကြာမြင့်လာတာနဲ့အမျှ သူတို့ရဲ့ဒိယော ဈိုတွေကလည်း ရင့်သန်လာတယ်.....၊

နိုင်မြဲ တွယ်တာလာတယ်။

အဘိုးအဘွားရဲ့ ဆင်းရဲဒုက္ခဟာ ခင်ခင်ဦးရဲ့ ဒုက္ခ ဆင်းရဲ ဖြစ်လာတယ်။

ခင်ခင်ဦးရဲ့ ကြေကွဲဝမ်းနည်းမှုတွေကလည်း အဘိုးအ ဘွားနှစ်ယောက်ရဲ့ ကြေကွဲဝမ်းနည်းမှုတွေ ဖြစ်လာတယ်။

ဒီလို အနေအထားမှာ ခင်ခင်ဦးပဲကံကောင်းတာလား၊ အန်းမြင့်တို့ပဲ ကံဆိုးချင်တာလား မသိဘူး။

အဘွားက ပညာသည်ဖြစ်နေတယ်။

"သမီး သူတို့ကို ကလဲ့စားချေချင်တယ် အခု

www.burmeseclassic.com

www.burmeseclassic.com



ကလဲ့စားချေဖို့ အသက်ဆက်ရှင်နေရတာပါ။ သူတို့ကို ကလဲ့စားချေနိုင်ဖို့ သမီးကို အမေ့ပညာသင်ပေးပါ......"

နလုံးသားချင်း ထပ်တူကျနေတဲ့အဘွားကလည်း ခင်ခင်ဦးရဲ့ဆန္ဒကို မကန့်ကွက်ဘူး။

ခင်ခင်ဦး လုပ်ချင်တဲ့အတိုင်း လုပ်နိုင်အောင် ကူညီတယ်၊ အောက်လမ်းပညာအတတ်ကို သင်ပေးတယ်။

တစ်ခုရှိတာက အောက်လမ်းပညာကို ပြည့်ပြည့်စုံစုံ သင်ပေးတာမဟုတ်ဘဲ တစ်ပွဲတိုး အောက်လမ်းပညာကိုပဲ သင်ပေးတယ်။

တစ်ပွဲတိုး အောက်လမ်းပညာက တစ်ပွဲ၊ တစ်ကြိမ်ပဲ အသုံးပြုလို့ရတဲ့ အတတ်ပညာ။

တစ်ကြိမ် အသုံးပြုပြီးတာနဲ့ အောက်လမ်းပညာတွေ သူ့ကိုယ်ကခွာသွားမယ်၊ ဒီပညာကို မတတ်တဲ့ ရိုးရိုးလူတစ်ယောက် ပြန်ဖြစ်သွားမယ်။

ကောင်းတာက ဒီတစ်ပွဲတိုး အောက်လမ်းပညာကို ကမ္ဘာဖန်ဆိုးကြီးတဲ့နတ်တွေက စောင့်ရှောက်ကူညီပေးကြတယ်။

ဒါ့ကြောင့် တော်ရုံဆရာတစ်ယောက်အနေနဲ့ ဖြေဖျက်ဆီးဖို့ မဖြစ်နိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲတိုးအောက်လမ်းပညာကို ပိုင်ပိုင်နိုင်နိုင် တတ်မြောက်တာနဲ့ ခင်ခင်ဦး ရွာကိုပြန်လာတယ်။

ဘယ်သူမှမရိပ်မိအောင် ကိုယ်ရှိန်သတ်ပြီး အခြေအနေကို စောင့်ကြည့်ခဲ့တယ်။

အခွင့်သာတဲ့တစ်နေ့မှာ သူ့ရဲ့အဆိုးစွန်ဆုံး ကလဲ့စားချေမှုကို ပြုလုပ်လိုက်တာပဲ ဖြစ်တယ်။

"သမီးက ကိုယ်တိုင်ကိုယ်ကျ ခံစားခဲ့ရသူဆိုတော့ ဆရာကြီး ဘာမှမပြောလိုပါဘူး.....၊

ဘယ်လိုပဲဖြစ်ဖြစ် ကလဲ့စားချေတယ်ဆိုတာ ရန်ကိုရန်ချင်း တုံ့နှင်းတာသာဖြစ်တဲ့အတွက် မကောင်းဘူးလို့ ဆရာကြီးပြောချင်တယ်....."

ခင်ခင်ဦးရဲ့ စကားအဆုံးမှာ ဆရာကြီးဦးကြာသွန်နဲ့က ဆိုးမကာယ်။

"ပြုသူအသစ်၊ ဖြစ်သူအဟောင်းဆိုတာ သမီးနားလည်ပါတယ်.....၊

ပြုခဲ့မိတဲ့ အပြစ်ရဲ့ရန်ကြွေးရှိရင်လည်း သမီးအပြုံးမပျက် ခံယူပါ့မယ်......၊

ဒီဘဝမှာတော့ သမီးခံစားခဲ့ရတဲ့ လောကရဲ့အတွက်၊



www.burmeseclassic.com

www.burmeseclassic.com



မရှုမလှ သေပွဲဝင်ခဲ့ရတဲ့သမီးလေးအတွက် ကလဲ့စားချေလိုက်ရတာကိုပဲ ကျေနပ်မိတယ် ဆရာကြီး....."

ဆရာကြီးဦးကြာညွှန့် ခင်ခင်ဦးရဲ့ မျက်နှာကို ကြည့်လိုက်တယ်။

ခင်ခင်ဦးမျက်နှာက တည်ငြိမ်နေတယ်။

တစ်ပွဲတိုး အောက်လမ်းပညာနဲ့ လူ့အသက်တွေသေတဲ့အထိ သူ့ရဲ့ရက်စက်တဲ့ လက်စားချေမှုကို ဘယ်ပုဒ်မ၊ ဘယ်ဥပဒေနဲ့မှ အရေးယူလို့မရပေမဲ့.....၊

သံသရာထဲက ဘဝတစ်ခုမှာတော့ ဒီအပြစ်ရန်ကြွေးကို မဖြစ်မနေ ပေးဆပ်ရမယ်ဆိုတာ သိနေတဲ့မျက်နှာ။

ဒီလို အပြစ်ကြွေးဆပ်ရမယ့်အချိန် ကျရောက်လာရင်လည်း ရဲရဲဝံ့ဝံ့ ခံယူလိုက်မယ်ဆိုတဲ့ မျက်နှာမျိုးဆိုတာ ဆရာကြီးဦးကြာညွှန့် သတိပြုမိလိုက်တယ်။

"ဒီအချိန်ကစပြီး ရတနာသုံးပါးကို ကိုးကွယ်အားထားရာဟူ၍ ဆည်းကပ်ပူဇော်ပါ.....၊

ကံငါးပါးကို လုံအောင်ထိန်းပါ.....၊

ကဲ...... ဆရာကြီးပြန်မယ် သမီး...."

ခင်ခင်ဦး ဆရာကြီးကို ပုဆစ်ဒူးတုပ်ပြီး ငါးပါးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တန်တော့တယ်။

"ဆရာကြီးရဲ့စကားကို မြေ့ဝယ်မကျ၊ နားထောင်ပါ့မယ်......" လို့ ကတိပြုတယ်။

ဆရာကြီးဦးကြာညွန့် ပြန်သွားချိန်မှာတော့ ခင်ခင်ဦး မျက်လုံးအိမ်က မျက်ရည်တွေ တပေါက်ပေါက်ကျလာတယ်။

ပြီးတော့ ရှိုက်ကြီးတငင် ငိုချလိုက်တယ်။

ဒီငိုကြွေးခြင်းဟာ ကလဲ့စားချေလိုက်ရတဲ့အတွက် ဝမ်းသာလွန်းလို့ငိုတဲ့ ငိုကြွေးခြင်းလား.....၊

သံသရာခရီးရှည်ကြီးကို မျှော်တွေးရင်း ကြောက်လန့်လို့ငိုမိတဲ့ ငိုကြွေးခြင်းလား......၊

သူ့စိတ်ထဲ၊ နှလုံးသားထဲမှာ ဘယ်လိုခံစားရမှုမျိုးနဲ့ ငိုတဲ့ ငိုကြွေးခြင်းဖြစ်မလဲ......၊

ခင်ခင်ဦးကလွဲပြီး ဘယ်သူမှ သိနိုင်မှာမဟုတ်ပါဘူး။ ။

❖❖❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# စလွန်နယ်က သရဲဆွဲခံရသူ

မောင်ဦး သရဲအဆွဲခံရတာတဲ့.....၊
အိပ်ရာထဲမှာ မေ့တစ်ချက်၊
မြော်တစ်ချက် ဖြစ်နေတုန်း
လူကြီးတစ်ယောက်
အိမ်ပေါ်တက်လာတယ်တဲ့.....၊
အဲဒီလူကြီးက မောင်ဦးကိုပွေ့ချီပြီး
အောက်ကို ခုန်ဆင်းသွားတာတဲ့။
ပြီးတော့ ရွာထိပ်ညောင်ပင်ကြီးပေါ်ကို
ခေါ်သွားတယ်......။



www.burmeseclassic.com

www.burmeseclassic.com



# စလွန်နယ်က သရဲဆွဲခံရသူ

လွန်ခဲ့တဲ့ ၂၀၁၆၊ မေ ဒုတိယပတ်က စာရေးသူဆီကို စာပတ်ပရိသတ်တစ်ဦး ဖုန်းဆက်လာပါတယ်။

''ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ ထူးထူးဆန်းဆန်း သရဲဆွဲခံရတဲ့ ဖြစ်ရပ်တစ်ခုကို ပြောပြချင်တယ်''လို့ ဆိုပါတယ်။

ဖုန်းဆက်ပြီးနောက် သုံးရက်အကြာမှာ စာရေးသူ သွားရောက်တွေ့ဆုံခဲ့ပါတယ်။

သူနေတာက ကံဘဲ့ဘူတာရုံရဲ့ အရှေ့ဘက်က ရပ်ကွက်တစ်ခုမှာ ဖြစ်ပါတယ်။

သူပြောပြတဲ့ သရဲဆွဲခံရသူဖြစ်စဉ်က အခြား၊ အခြားသော သရဲဆွဲခံရတဲ့ဖြစ်စဉ်တွေနဲ့ မတူပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်မူထူးခြား ဆန်းကြယ်တဲ့ အဖြစ်အပျက်တစ်ခုပါ။

ဒါ့ကြောင့်လည်း စာဖတ်ပရိသတ်အတွက် တင်ပြလိုက်ခြင်း ဖြစ်ပါတယ်။

❖ ❖ ❖

အချိန်ကာလက ၁၉၆၉ ခုနှစ်ခန့် ဖြစ်ပါတယ်။

အခင်းဖြစ်ပွားတဲ့နေရာကတော့ ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်၊ ဥသျှစ်ကွင်းတိုက်နယ်၊ ကော့စိန်ကျေးရွာအုပ်စုထဲက (အမည်မဖော်လိုတဲ့) ကျေးရွာလေးတစ်ခုမှာလို့ပဲ ဆိုပါရစေ။

အဲဒီကာလတုန်းက ဧရာဝတီတိုင်း တစ်တိုင်းလုံးမှာ လက်နက်ကိုင်သောင်းကျန်းမှုတွေ ချုပ်ငြိမ်းသလောက် ရှိနေပါပြီ။

ဒါပေမဲ့ လုံးဝအမြစ်ပြတ်ပြီလို့တော့ မဆိုနိုင်သေးပါဘူး။

ဒါ့ကြောင့် တပ်မတော်နဲ့ ပြည်သူအားလုံး ပူးပေါင်းပါဝင်တဲ့ သောင်းကျန်းသူ ကင်းစင်ရေးစီမံချက်တွေ လုပ်ဆောင်လျက်ရှိပါတယ်။

မြို့တိုင်းရွာတိုင်း၊ လိုအပ်တဲ့ နေရာတိုင်းမှာ ဆိုးချိုးရေးလက်ဆက်ကင်းတွေ ဆောက်လုပ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသားတွေ အလှည့်ကျ ကင်းစောင့်ကြရတယ်။

ထူးခြားဖြစ်စဉ်တစ်ခုခု ဖြစ်ပေါ်တာနဲ့ သိတဲ့ကင်းတဲက အလန့်အချက်ပေး ဝါးကလတက် ခေါက်ရတယ်။

ကင်းတဲတစ်တဲက အလန့်ကလတက်ခေါက်တာနဲ့ အရပ်ရှစ်မျက်နှာမှာရှိတဲ့ ကင်းတဲတွေအားလုံးကလည်း အလန့်ကလတက်တွေ ဝိုင်းခေါက်ကြမယ်.....။

ပတ်ဝန်းကျင်ကို သတိထားစောင့်ကြည့်နေမယ်။

ဒီလိုအချိန်မှာ လက်ဆက်ကင်းတွေကို အနီးကပ်ကြီးကြပ်ကွပ်ကဲနေတဲ့ တပ်မတော် တပ်စုတပ်စိတ်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေ အမြန်ရောက်လာမယ်။

အခင်းဖြစ်နေရာကို ပိတ်ဆို့ရှာဖွေ ရှင်းလင်းမယ်။

ဒီလိုနဲ့ သောင်းကျန်းသူတွေ နေစရာမရှိအောင်၊ အမြစ်ပြတ်ချုပ်ငြိမ်းအောင် လုပ်ဆောင်နေကြတာ ဖြစ်တယ်။

❖ ❖ ❖

ဇွန်လရဲ့ ညနေခင်းတစ်ခုမှာ မောင်လှတင့် လက်ဆက်ကင်းစောင့်ဖို့ အိမ်ကထွက်လာခဲ့တယ်။

ဒီနေ့ည သူတို့အိမ် ကင်းစောင့်ဖို့ အလှည့်ကျသယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကင်းမှူးလုပ်တဲ့သူက လာပြောသွားတယ်။

ပြီးတော့ နောက်နေ့ကလည်း မောင်လှတင့် ကျောင်းပိတ်တဲ့ရက် ဖြစ်တယ်။

မိဘတွေက ကိုးတန်းကျောင်းသား မောင်လှတင့်ကို ကင်းမစောင့်နိုင်းဘူး၊ စာပဲ ဖတ်စေချင်တယ်။

ဖခင်ကြီး နည်းနည်းမမာတာနဲ့ ကျောင်းပိတ်ရက်နဲ့ ဆုံလို့သာ မောင်လှတင့်ကို တစ်ညကင်းစောင့်နိုင်းတာ ဖြစ်တယ်။

ကင်းက နေ့ရော၊ ညရော စောင့်ရတာ။

ညနေ (၆)နာရီလောက် မောင်လှတင့်တို့အဖွဲ့သစ်သုံးယောက် ကင်းတဲကိုရောက်တယ်။

သူတို့ရောက်မှ မနေ့ကတည်းက စောင့်ကြရတဲ့ ကင်းသမားအဟောင်းတွေ အိမ်ပြန်ကြရတယ်။

မိုးလေးက တဖွဲဖွဲရွာနေတယ်။

မိုးဦးစောစောကျတဲ့ နှစ်ဖြစ်လို့ လယ်ကွင်းအချို့မှာ မြက်မွလာခင်းထားတဲ့အတိုင်း ပျိုးပင်တွေ စိမ်းမြနေတယ်။

မောင်လှတင့်တို့သုံးယောက် ဝါးကင်းတဲပေါ်ထိုင်ရင်း စကားစမြည် ပြောဆိုနေကြတယ်။

သူတို့ ကင်းတဲက တော့စိန် ရွာဦး၊ ဗျည်းဥဒ်းလမ္ဗေ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကမ်းပါးထိပ်မှာ ရှိတာကြောင့်......၊

ရွှေချောင်း၊ ငါးအိမ်တန်း၊ အရှေ့ဇင်ပြွန်နုံးကုန်း၊ ကညင်ကွင်း၊ မုတ်ထောနဲ့ သပြေလှရွာတွေကို စီးမြင်နေရတယ်။

နေလုံးကြီးက အလင်းရောင်တွေကို တစ်စစီ၊ တစ်စစီဆွဲယူရုပ်သိမ်းသွားချိန်မှာ အမှောင်က တဖြည်းဖြည်းကိုးဝင်နေတယ်......။

ညအမှောင်ထဲမှာ ရွာတွေဆီက တလက်လက်မီးရောင်လေးတွေကို မြင်နေရတယ်။

ချောင်းထဲမှာ ရေစပ်စပ်ရောက်နေလို့ ဖားတွေ ပျော်နေကြဟန်တူရဲ့......၊

"အုံးအင်၊ အုံးအင်" သံတွေ၊ "တစ်...တစ်..တစ်" ဆိုတဲ့ ဖားလက်တက်အော်သံတွေ ရောထွေးဆူညံနေတယ်။

လေပြည်က လယ်ကွင်းပြင်တွေကိုဖြတ်သန်းပြီး မောင်လှတင့်ရင်ခွင်ထဲ တိုးဝှေ့လာတယ်။

မိုးငွေ့ပါတဲ့ လေပြည်ကြောင့် မောင်လှတင့် ကြက်သီးဖိုးဖိုး ထသွားတယ်။

"ဟာ... အေးတယ်ဟ"

မောင်လှတင့် မေးခိုက်တုန်ပြရင်း စောင်ကို ခြုံယူပြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကင်းတဲပေါ် လဲလျောင်းလိုက်တယ်။

သူ ကင်းစောင့်ရမယ့်အချိန်က ညဉ့်နက်ပိုင်းဖြစ်လို့ စော စောပိုင်းမှာအိပ်ဖို့ ကြံလိုက်တာလည်း ဖြစ်တယ်။

ဒါပေမဲ့.....၊

သူ အိပ်ဖို့ အခွင့်မသာလိုက်ဘူး။

ချောင်းတစ်ဖက်ကမ်းက ကြားရတဲ့ အလန့်အချက်ပေး ကလတက်ခေါက်သံကြောင့် ချက်ချင်းခေါင်းထောင်ကြည့်ပြီး လူး လဲထလိုက်ကြသည်။

သူ့ကင်းတဲကလည်း ဝါးကလတက်ကို တတောက် တောက်မြည်အောင် အဆက်မပြတ် ခေါက်လိုက်တယ်။

တစ်ချိန်တည်းမှာပဲ ဟိုကသည်က၊ အနီးကအဝေးက၊ အရပ်ရှစ်မျက်နှာအနှံ့ဆီက ကလတက်ခေါက်သံတွေ ဆူညံပွက် လောရိုက်အောင် ထွက်ပေါ်လာတယ်။

သူများကင်းတဲက ခေါက်လို့သာ လိုက်ခေါက်နေရတယ်၊ ဘာဖြစ်လို့ခေါက်မှန်း ဖမောင်လှတင်တို့ မသိဘူး။

အခြားကင်းတဲတွေလည်း ချက်ချင်းတော့ သိကြဦးမှာ မဟုတ်ဘူး။

ဖမောင်လှတင့် ကလတက်စခေါက်တဲ့ ချောင်းတစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



တမ်း အမှောင်ထဲကို စိုက်ကြည့်စုံစမ်းနေမိတယ်။

ဓါတ်မီးရောင်တွေ တဝင်းဝင်းနဲ့ လူအုပ်စုတစ်စုရဲ့ လှုပ်လှုပ်ရှားရှား သွားလာနေတာကိုတွေ့ရတယ်။

တစ်စုံတစ်ဦးကို တစ်ယောက်တစ်ပေါက်၊ အော်ဟစ်ခေါ်နေကြတဲ့ အသံတွေကလည်း ဆူညံနေတယ်။

ဆူညံသံတွေက လေနဲ့အတူပါလာပြီး ကျယ်ကျယ်လောင်လောင်ကြားလိုက်၊ လေလွင့်ရာပါသွားပြီး ဝေးကွာသွားလိုက်နဲ့ ထင်ထင်ရှားရှား မကြားရဘူး။

"ဘာဖြစ်တာလဲ.....၊ သွားကြည့်ကြရအောင်"

မောင်လှတင့် ကင်းအတူတူကျသူတွေကို ပြောလိုက်တယ်။

ချောင်းက ပေနှစ်ဆယ်လောက်ပဲ ကျယ်တယ်၊ ရေကလည်း ခပ်စပ်စပ်၊ ခြေမျက်စိတောင် မမြုပ်သေးဘူး။

နောက်ပြီး သူတို့ကော့စိန်နဲ့ တစ်ဖက်ကမ်းရွာက တစ်ရွာတည်းလို နေကြသူတွေ။

တစ်ယောက်နဲ့တစ်ယောက် ဆွေမျိုးတွေလို ခင်မင်နေကြတာကြောင့် စိုးရိမ်စရာ ဘာမှမရှိဘူး။

ဒီ့ကြောင့်လည်း သွားကြည့်ကြဖို့ မောင်လှတင့် ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာဖြစ်တယ်။

သူပြောတာကို ကျန်တဲ့ကောင်းသမားတွေကလည်း လက်ခံတယ်။

ဒါနဲ့ပဲ သူတို့သုံးယောက်စလုံး ချောင်းကိုဖြတ်ပြီး တစ်ဖက်ကမ်းကရွာဆီ ထွက်ခဲ့ကြတယ်။

တတ်မီးရောင်တဝင်းဝင်းနဲ့ လူအုပ်ရှိရာ သွားတယ်၊ မေးမြန်းကြည့်တယ်။

ဒီတော့မှ လူတစ်ယောက် ရုတ်တရက်ဆိုသလို ပျောက်သွားလို့ ဝိုင်းဝန်းရှာဖွေနေကြတယ်ဆိုတာ သိကြတယ်။

ပျောက်သွားတဲ့သူက မောင်ဦးဆိုတဲ့သူ။

အသက်နှစ်ဆယ်လောက် လူရွယ်။

ထူးခြားတာက မောင်ဦးဟာ နေ့ရောမလား၊ ညသော မလား စောင့်ကြည့်နေရတဲ့......၊

အိပ်ရာဖုံကြီးက မလာနိုင်တဲ့ သေကောင့်မယ် လူမမာတစ်ယောက် ဖြစ်နေတာပါပဲ။

❖ ❖ ❖

"သားရေ.....၊ မောင်ဦးရေ......"



www.burmeseclassic.com

www.burmeseclassic.com



"သားရေ..... မောင်ဦး...."

ငိုသံပါကြီးနဲ့ သားကို အော်တစ်ခေါ်နေတဲ့ အဒေါ်ကြီး တစ်ယောက်ရဲ့အသံကို ကြားရတယ်။

ဒီ... ရွာလယ်ပိုင်းက ဒေါ်ကြည်မြကြီးရဲ့ အသံဆိုတာ မောင်လှတင့် သိလိုက်တယ်။

သူက မုဆိုးမကြီး၊ သူ့ယောက်ျား ဆုံးသွားတာကြာပြီ။

သူ့မှာ သမီးကြီးတစ်ယောက်နဲ့ သားလေးတစ်ယောက် ရှိတယ်။

သမီးကြီးက အသက်အစိတ်လောက်ရှိပြီး.....၊

သားအငယ်ကတော့ မောင်လှတင့်ထက်ကြီးတယ်၊ အသက်နှစ်ဆယ်လောက် ရှိနေပြီ။

"ဒေါ်ကြည်မြကြီးက သူ့သားကို အော်ခေါ်နေတာဆိုတော့ ပျောက်တာမောင်ဦးပေါ့...." လို့ မောင်လှတင့်တွေးမိတယ်။

တစ်ဆက်တည်းမှာပဲ "ဘယ်လိုဖြစ်တာပါလိမ့်......" ဆိုတဲ့ နားမလည်နိုင်မှုတွေနဲ့လည်း နဝေတိမ်တောင် ဖြစ်သွားရတယ်။

ဘာလို့လည်းဆိုတော့ ဒေါ်ကြည်မြကြီးရဲ့သား မောင်ဦး ဟာ ကောင်ပေါင်းလဲ ရောဂါဖြစ်နေတယ်ဆိုတာ သူသိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်လှတင့်တို့ရွာ ကော့စိန်နဲ့ ဒေါ်ကြည်မြတို့ ရွာက နှစ်ရွာတစ်ရွာလိုဖြစ်နေတော့ တစ်ရွာမှာ အပ်ကျတာကအစ တစ် ရွာကသိနေတတ်တယ်။

ဒေါ်ကြည်မြကြီးသား မောင်ဦး နေထိုင်မကောင်းဖြစ်နေ တာ ခြောက်လ၊ ခုနစ်လလောက် ရှိနေပြီ။

နောက်ဆုံး ဇလွန်မြို့နယ်၊ ဆေးရုံကတောင် အစွမ်းကုန် ကုသပြီးပြီ၊ ထူးခြားမလာလို့ဆိုပြီး အိမ်ပြန်သယ်ခွင့် ပေးခဲ့တယ်

မောင်ဦးကို ဆေးရုံကနေ ရွာပြန်သယ်လာပြီး.....၊

ဟိုဆရာ ကောင်းနိုးနိုး၊ ဒီဆရာ ကောင်းနိုးနိုးနဲ့ ကုသ ပေမဲ့လည်း မသက်သာဘူး၊ ပိုသာဆိုးလာတယ်။

ရက်ရှည်လများ ရောဂါဝေဒနာ ခံစားရ၊ အစာမဝင် ရေမဝင်ဖြစ်နေတာကြောင့် ပိန်လှီခြောက်ကပ်ပြီး အရိုးနဲ့ဝေ ဖြစ်နေတယ်။

မောင်ဦးတစ်ကိုယ်လုံးမှာ ခေါင်းနဲ့မျက်လုံးပဲ မြင်ရတော့ တယ်။

ကုသမှုဆရာတွေကလည်း တစ်ပတ်ပဲ ခံတော့မယ်ပြော သူပြော.....၊

တစ်လထက်မပိုတော့ဘူး ပြောသူကပြောနှင့် လက်

www.burmeseclassic.com

www.burmeseclassic.com



ဈေးဖျော့သွားကြတယ်။

မောင်ဦး ကူကယ်ရာမဲ့ဘဝနဲ့ အိပ်ရာထဲမှာ ပင်ကဲလက်လေး ကျန်ရစ်ခဲ့တယ်။

တစ်ခုထူးခြားတာက မောင်ဦး အသက်ပြင်းတယ်။

မနက်သေမလား၊ ညသေမလား စောင့်ကြည့်ရင်း.....၊ စောင့်ကြည့်ရင်း ရက်တွေလတွေသာ ပြောင်းသွားတယ်။

သူကတော့ မသေဘူး။

တစ်ချို့ကလည်း "မောင်ဦးက သေပြီးပြီ၊ ဒါ ဖုတ်သက်ရှိတော့တယ်၊ ဖုတ်ထုတ်ရမယ်" လို့ တီးတိုး တီးကိုး ပြောလာကြတယ်။

ဒီလိုထိ၊ ဒီလောက်ထိ အခြေအနေ ဆိုးဆိုးရွားရွားဖြစ်နေတဲ့ လူမမာမောင်ဦးပျောက်နေတာဆိုတော့ မောင်လှတင့် နားမလည်နိုင်ဘူး။

ဒါ့ကြောင့် ဒေါ်ကြည်မြကြီးအနီး ရောက်အောင်တိုးသွားတယ်။

"လေးလေး ဒေါ်ကြည်မြ၊ ကိုမောင်ဦးက ဘယ်လိုပျောက်သွားတာလဲ...." လို့ မေးကြည့်တယ်။

"ဟဲ့.... နင်က ဘယ်သူလဲဟဲ့......"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်မြ လက်ထဲကမီးအုပ်မြှောက်ပြီး မောင်လှတင့်ကို ကြည့်တယ်။

"အော်.... ကော့စိန်က ကိုလှသားကိုး....၊

ဘယ်လိုဖြစ်တာလဲ ဆိုတာတော့ မသိသေးပါဘူး သားရယ်....၊

မှောင်လာလို့ မောင်ဦးအိပ်ရာဘေးမှာ မီးခွက်လေးထွန်းပေးနေတုန်း.....၊

မောင်ဦးရယ်လေ၊ ပက်လက်ကြီး လေထဲမြှောက်လာတယ်.....၊

အဒေါ်ကလည်း ရုတ်တရက်ဆိုတော့ လန့်ပြီးကြောင်ကြည့်နေမိတယ်....၊

မောင်ဦးစန္ဒာကိုယ်က ရေထဲမှာ မျောနေသလို၊

လေထဲမှာ ပက်လက်အနေအထားနဲ့ မျောဝဲပြီး အိမ်အောက်အမှောင်ထဲ ရောက်သွားတယ်၊

အဖေ့ါသတိရလို့ လှမ်းဆွဲလိုက်သေးတယ်၊ မမိဘူး....၊

အဲဒါကြောင့် လူတွေစုပြီး လိုက်ရှာနေကြတာ....၊

ချောင်းထဲလည်း နှံ့နေပြီ၊ ကွင်းတွေထဲလည်း နှံ့နေပြီ— မတွေ့သေးပါဘူး သားရယ်....."



www.burmeseclassic.com

www.burmeseclassic.com

စလွန်နုယ်က သာရဲဆွဲခဲ့ရသူ

မောင်ဦး ပျောက်သွားတဲ့အကြောင်း ဒေါ်ကြွယ်မြစာ
မောင်လှတင့်ကို ရှင်းပြတယ်။

ပြီးတာနဲ့ "သားရေ... သားရေ... မောင်ဦးရေ..." လို့
အနားစရာကောင်းလောက်အောင် အော်ခေါ်နေပါတယ်။

မောင်လှတင့်တို့အဖွဲ့လည်း လူအုပ်ကြီးနဲ့ပျော့ပြီး လိုက်
ရှာကြတယ်။

မောင်ဦးရဲ့နာမည်ကို တကြော်ကြော်အော်တစ်ပြီး ခေါ်
နေကြတယ်။

အဲဒီအချိန်မှာ အလန့်အချက်ပေး ကလေတက်ခေါက်သံ
တွေကြောင့် တပ်မတော် တပ်စိတ်တပ်စိတ်နဲ့ ရဲတွေပါ ရောက်
လာတယ်။

ရွာသူကြီးက မောင်ဦးပျောက်သွားတဲ့ အကြောင်းစုံကို
ပြောပြမှ ပြန်သွားကြတယ်။

လူအုပ်ကြီးကတော့ လက်နှိပ်ဓါတ်မီးတွေ ကတင်းဝင်း၊
ဆုပ်မီး ကလေက်လက်နဲ့ တစ်နေရာကနေ တစ်နေရာ၊ ဖွေ
ရှာနေရှာဖွေနေကြတယ်။

"မောင်ဦး... မောင်ဦး..."ဆိုတဲ့ အသံကလည်း တော
တောင်ကျင်တောင်အိုး ဆူဆူညံညံ၊ အုတ်အုတ်ကျက်ကျက် ပျံ့လွင့်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်..........။

❖ ❖ ❖

"ဦးမောင်ငွေရေ..... ကျွန်တော် ဒီမှာဗျို့......"

"ဗျို့... ဦးမောင်ငွေ... ကျွန်တော်ဒီမှာဗျို့....."

"ဟာ.... မောင်ဦး အသံဟေ့.....၊

ရှာကြပါဦးဟ.....၊ ဘယ်ကပြောနေတာတုန်း......"

ဟုတ်တယ်၊ မောင်ဦးအသံမှ မောင်ဦးအသံ.....။

ချောင်းထဲရော၊ ကွင်းတွေထဲရော၊ ဘယ်မှရှာမရတဲ့အဆိုး လူအုပ်က ရှာပြန်ဝင်လာတယ်။

ရှာက ချောင်းကမ်းပါးမှာ မျက်နှာချင်းဆိုင်တည်ထားတဲ့ ရွာတန်းရှည်....။

ရွာလယ်လမ်းအတိုင်း ဓါတ်မီးတွေထိုး၊ တကြော်ကြော်အော်ခေါ်လာကြတယ်။

ရွာထိပ်အရောက်မှာ တုံ့ပြန်ပြောကြားလာတဲ့ မောင်ဦးရဲ့အသံကို ကြားလိုက်ကြရတယ်။

အရပ်ရှစ်မျက်နှာအနှံ့ ဓါတ်မီးတွေထိုးရှာကြတယ်၊

"မောင်ဦးရေ.... မင်း ဘယ်မှာလဲဟေ့......"

မိုးတိမ်မြေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဦး ရေ.... မင်းဘယ်မှာလဲ...."

"သားရေ... သား၊ မောင်ဦး သားဘယ်မှာလဲ...."

ဦးမောင်ငွေ အော်ပြီးမေးတယ်။

ဒေါ်ကြည်မြကလည်း ငိုသံကြီးနဲ့ မေးတယ်။

လူတွေ အသံငြိမ်သွားတယ်။

မောင်ဦး ဘယ်နေရာကနေ ပြန်ထူးတယ်ဆိုတာသိဖို့ ငြိမ်ပြီး နားထောင်နေကြတယ်။

"ဦးမောင်ငွေ... ကျွန်တော် ဒီမှာဗျို့......"

ဒီတစ်ခါတော့ မောင်ဦးအသံ ဘယ်ကလာလဲဆိုတာ အားလုံးသိလိုက်ကြပြီ.....။

"ဟာ... ညောင်ပင်ကြီးပေါ်ကတော့.......၊

ဓါတ်မီးနဲ့ ထိုးကြည့်ကြပါဟ...."

ညောင်ပင်ကြီးရဲ့ နေရာအနှံ့ ဓါတ်မီးရောင်တွေ စုပြုံကျ ရောက်သွားတယ်။

ညောင်ပင်ကြီးက ရွာရဲ့ အဓိကရညောင်ပင်ကြီး၊

နှစ်ပရိစ္ဆေဒ များစွာကတည်းက ရှိခဲ့တဲ့ညောင်ပင်ကြီး၊

ပင်စည်လုံးပတ်ကြီးက ကိုးပေခန်းတစ်ခန်းစာလောက် ရှိပြီး ညောင်မုတ်ဆိတ်တွေ၊ ညောင်ထောက်မြစ်တွေ၊ ကိုင်းနိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရောမဗြောင်ပင်ကြီးပါ။

ဗြောင်ပင်ကြီးအောက်မှာ ကွင်းပိုင်၊ နယ်ပိုင်နတ်ကွန်း ရှိတယ်။

လယ်ဝင်လယ်ထွက် ပူဇော်ပသချင်ရင့်သည်ဗြောင်ပင် ကြီးဆီ လာရတယ်။

ရှင်ပြု နားသ နတ်ပြုချင်ရင်လည်း သည်ဗြောင်ပင်ပဲ။

သာရေး၊ နာရေး၊ ရပ်ရေး၊ ရွာရေးမှာ အရေးပါတဲ့ အဓိ ကရ ဗြောင်ပင်ကြီးပေါ်ကိုမှ မောင်ဦး ဘယ်လိုလုပ်ပြီး ရောက်နေ ရတာလဲ.......!

"ဟော... တွေ့ပြီဟေ့... ဟိုမှာဟေ့"

"ဘယ်မှာလဲဟ.... ဘယ်မှာလဲဟ"

"အောက်က ကိုင်းတွေနဲ့ ကွယ်နေလို့ မမြင်ရတာ၊ ဗြောင်ပင်ထိပ်ဖျားက ကိုင်းကြီးပေါ်မှာလေ......"

"ဟာ.... ဟုတ်တယ်ဟေ့၊ မောင်ဦး....၊ ဗြောင်ကိုင်းပေါ် မှာ ငုတ်တုတ်ကြီးထိုင်နေတယ်......"

လူတွေရဲ့ တစ်ယောက်တစ်ပေါက် ပြောသံတွေနဲ့ ဆူညံ ပွက်လောရိုက်နေတယ်။

မောင်ဦးကို တွေ့သွားကြပြီဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ငြင်းဆိုဖို့အားကုန်ပေမဲ့ မောင်ဦးဆီကို ရုတ်ခြည်းရောက်သွားကြ ပါတယ်။

ကာဆီး၊ ရှုပ်ထွေးနေတဲ့ ကိုင်းခက်၊ ကိုင်းလက်တွေ ကြားကနေ ညောင်ကိုင်းတစ်ကိုင်းပေါ်မှာ မျောက်တစ်ကောင် လို ငုတ်တုတ်ထိုင်နေတဲ့ မောင်ဦးကို တွေ့နေကြရတယ်။

မောင်ဦးအဝတ်အစားတွေက အိပ်ရာထဲမှာ ရှိတုန်းက အတိုင်း စွယ်တာအကျီ၊ အပေါ်က စစ်ကျာကင်အဟောင်းကြီးကို ဆင်ဝတ်ထားတယ်။

ဒီနေရာမှာ အံ့ဩစရာကောင်းတာက မောင်ဦးလို အရိုး ပေါ်အရေတင်၊ တစ်နေ့ဖျော့တစ်နေ့ငွေ့ လူမမာက ဘယ်လိုလုပ် ပြီး ညောင်ပင်ထိပ်ထိတက်နိုင်တာလဲ၊

လူတွေ၊ အမျိုးမျိုး ဝေဖန်ပြောဆိုနေကြတယ်။

နောက်ပြီး မောင်ဦး ဆောင့်ကြောင့်ထိုင်နေတဲ့ညောင် ကိုင်းက လက်မောင်းလုံးလောက်ပဲ ရှိတယ်။

မောင်ဦး ထိုင်သာထိုင်နေတယ်၊ နားနေတဲ့ ငှက်တစ် ကောင်လိုပဲ ဘာကိုမှကိုင်မထားဘူး။

ကျန်သေးတယ်၊ မောင်ဦးဆီက ဘာသံမှထွက်မလာ တော့ဘူး၊ မျက်လုံးတွေ မှိတ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေသလိုလို၊ မေ့မြောနေသလိုလို ဖြစ်နေတယ်။

"ကဲ မောင်ဦးကတော့ ဆင်းနိုင်မှာမဟုတ်ဘူး......၊ သူ့ကို အောက်ချကြရမယ်.....၊ ဘယ်လိုလုပ် ချကြမလဲ" လူကြီးတွေ တိုင်ပင်ကြတယ်။

နောက်တော့၊ ညောင်ကိုင်းတစ်ကိုင်းမှာ စက်သီးဆင်း ကြိုးတပ်၊ ကြိုးတစ်ဖက်မှာ စောင်ပုခက်လုပ်မယ်.....၊

မောင်ဦးကို စောင်ပုခက်ထဲ ပွေ့ထည့်၊

စက်သီးနဲ့ အောက်ကိုချဖို့ စိတ်ကူးကြရတယ်။

စိတ်ကူးအတိုင်းပဲ လုပ်ဆောင်ကြတယ်။

လွယ်မယ်ထင်ပေမဲ့ တော်တော်ကြီးကို ခက်ခက်ခဲခဲ လုပ်လိုက်ကြရတယ်။

ပထမ ညောင်ပင်စောင့်နတ်နဲ့ ကွင်းပိုင်၊ နယ်ပိုင်တွေကို တောင်းပန်တိုးလျှိုးရတယ်။

ပြီးမှ အားကောင်းမောင်းသန် လူငယ်လူရွယ် ဆယ့်လေး–ငါးယောက်လောက် ညောင်ပင်ပေါ်တက်ရတယ်။

စက်သီးဆင်တဲ့သူက ဆင်၊ မလွတ်မကင်း ဖြစ်နေတဲ့ ညောင်ကိုင်းတွေကို ခုတ်ချတဲ့သူက ခုတ်ချ။

ညောင်ကိုင်းပေါ် ငုတ်တုတ်မေ့နေတဲ့မောင်ဦးကို လိမ့်ကျ



www.burmeseclassic.com

www.burmeseclassic.com



မသွားအောင် ထိန်းသူကထိန်းထား။

စက်သီးကြိုးဖျား စောင်ပုခက်ဆင်သူက ဆင်နှင့်၊ တစ်နာရီလောက် အချိန်ယူလိုက်ရတယ်။

အားလုံး အဆင်သင့်ဖြစ်ပြီဆိုမှ မောင်ဦးကိုပွေ့ ပြီး စောင်ပုခက်ထဲထည့်.......၊

စက်သီးကြိုးနဲ့ ဖြည်းဖြည်းချင်း အောက်ချယူကြရတယ်။

ညကြီးမင်းကြီး၊ ဓါတ်မီးရောင် တဝင်းဝင်း၊ သစ်ကိုင်းချိုးသံ တဒုန်းဒုန်း၊ ကိုင်းကျိုးကျသံ တဖြောင်းဖြောင်း၊ ပြောသံဆိုသံ၊ အော်သံဟစ်သံ တညံညံနဲ့.......၊

တပျော်တပါး ပွဲတော်ကြီးကျင်းပနေသလိုပဲ.....။

ဒီလိုနဲ့ မောင်ဦး အောက်ကိုရောက်လာတယ်။

သတိကတော့ မရသေးဘူး၊ မြောနေမေ့နေတုန်းပဲ။

စောင်ပုခက်ကို ဝါးလုံးနဲ့လျှိုထမ်းပြီး မောင်ဦးကို အိမ်ပြန်သယ်လာကြတယ်.....။

မောင်ဦး သူ့အိမ်ရောက်သွားမှ မောင်လှတင့်တို့အဖွဲ့သည်း ကင်းတဲကို ပြန်လာခဲ့ကြတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



"ထူးတာတော့ တော်တော်ထူးဆန်းတဲ့ အဖြစ်အပျက်ပဲဗျ.... နော်....."

စာရေးသူက အားနေပြီဖြစ်တဲ့ ရေနွေးကြမ်းကို မော့သောက်ပြီး ဦးလှတင့်ကို ပြောလိုက်တယ်။

"ထူးတာပေါ့ စာရေးဆရာရယ်၊ ထူးလို့လည်း ပြောပြချင်တာပေါ့......၊

နောက်နေ့မှာ ကျွန်တော် ဒေါ်ကြည်မြကြီးအိမ်ကို သွားတယ်.....၊

မောင်ဦးအကြောင်း နောက်ဆက်တွဲကို သိချင်၊ စပ်စုချင်လို့ပေါ့ဗျာ....၊

ဒေါ်ကြည်မြအိမ်ရောက်မှ ညက ဖြစ်တဲ့ ပျက်တဲ့သတင်း၊ ချက်ချင်းပျံ့နှံ့သွားတယ်ဆိုတာ သိလိုက်ရတယ်။

ဒေါ်ကြည်မြအိမ်မှာ ရွာလူကြီးတွေရော၊ ဇလွန်မြို့နယ်က ပါတီကောင်စီလူကြီးတွေရော၊ ရဲတွေရော၊ ဆရာဝန်တွေရော စုံလို့ပဲဗျ.....၊ ရောက်နေကြတယ်။

ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေဆိုကာ လမ်းပေါ်မှာ ပြည့်နေတယ်။

ကျွန်တော်လည်း အတတ်နိုင်ဆုံး ရှေ့ရောအောင်တိုး

www.burmeseclassic.com

www.burmeseclassic.com



ပြီး လူကြီးတွေ မေးမြန်း၊ ပြောဆိုနေတာကို နားထောင်ရတာ ပေါ့.....၊

ဖြစ်ပုံက ဒီလိုတဲ့ဗျ......၊

ညက မောင်ဦး သရဲအဆွဲခံရတာတဲ့.....၊

မောင်ဦး အိပ်ရာထဲမှာ မှေးတစ်ချက်၊ ပြောတစ်ချက် ဖြစ်နေတုန်း လူကြီးတစ်ယောက် အိမ်ပေါ်တက်လာတယ်တဲ့။

အဲဒီလူကြီးက မောင်ဦးကိုပွေ့ချီပြီး အောက်ကိုခုန်ဆင်း သွားတာတဲ့။

ပြီးတော့ ရွာထိပ်ညောင်ပင်ကြီးပေါ်ကို ခေါ်သွားတယ်။

မောင်ဦးက "မောလိုက်တာ" လို့ပြောတော့ မောင်ဦး ရင်ဘတ်ကိုလှန်ပြီး လျှာနဲ့လျက်ပေးတယ်တဲ့။

တော်တော်ကြာအောင် လျှာနဲ့လျက်ပေးပြီးချိန်မှာ သူ့ကို ခေါ်တဲ့လူအုပ်ကြီး ညောင်ပင်ကြီးနား ရောက်လာတယ်။

ဒီတော့မှ မောင်ဦးကိုခေါ်လာတဲ့လူကြီးက......၊

"ဟိုမှာ မောင်ငွေတို့အုပ်စု၊ မင်းကို လိုက်ရှာနေကြ တယ်....၊

ဦးမောင်ငွေ၊ ကျွန်တော် ဒီမှာရှိတယ် ပြောလိုက်" လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောခိုင်းတဲ့အတိုင်းသာ ပြောလိုက်ရတာ၊ မောင်ဦးအနေနဲ့ကတော့ အမှောင်ထဲမှာ ဦးမောင်ငွေကိုလည်း မမြင်ဘူး။

ဘယ်သူ့ကိုမှလည်း မမြင်ဘူး၊ ဘာသံမှလည်း မကြားရဘူးတဲ့.....။

ဒီအကြောင်းတွေကို မောင်ဦးက လူကြီးတွေကို ပြောပြနေတယ်။

မြို့နယ်ကလူကြီးတွေကလည်း ယုံရခက်၊ မယုံရခက်၊ အုံ့အားတွေ သင့်လို့ပေါ့.....။

သူ့ကိုခေါ်သွားတဲ့လူကြီးရဲ့ ပုံပန်းသဏ္ဍာန်ကို မေးတော့ မောင်ဦးက....၊

"အမွေးတွေ အမျှင်တွေနဲ့ မဟုတ်ဘူး၊ လူကြီးတစ်ယောက်ပဲ၊ အရပ်မြင့်မြင့် တုတ်တုတ်ခိုင်ခိုင်နဲ့.....။

နှုတ်ခမ်းမွေးကြီးရှိတယ်၊ ကွမ်းတွေစားပြီး တမျစ်မျစ်နဲ့ ထွေးတယ်...." လို့ ပြောတယ်။

ဒီလိုပြောတော့၊ မောင်ဦးအမေ ဒေါ်ကြည်မြက....၊

"ဟဲ့... အဲဒါဆို အဲဒါ... နင့်အဖေပေါ့..." လို့ ပြောတယ်။

ငယ်ငယ်ကတည်းက ဆုံးသွားတာကြောင့် မောင်ဦးက သူ့အဖေကို မမှတ်မိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ မောင်ဦးအသည်းအသန်ဖြစ်နေတာကို သေသွားတဲ့သူ့အဖေက လာခေါ်ပြီးဆေးကုပေးတယ်ဆိုတာ သ ဘောပေါက်ကြတယ်။

လူကြီးတွေမေးသမျှကို ဖြေနေတဲ့မောင်ဦးကိုကြည့်ပြီး ဗိန္ဒောဆရာဝန်ကြီးတွေတောင် အံ့အားသင့်နေတယ်။

ဘယ်လိုမှ အသက်မရှင်နိုင်တော့ဘူးလို့ သတ်မှတ်ထားတဲ့သူက လူကောင်းပကတိ ပြုံးပြုံးရွှင်ရွှင် ပြောနေတာကိုး။

တစ်ရွာလုံးလည်း အုတ်အော်သောင်းတင်း အံ့သြနေကြတယ်။

နေ့သေမလား၊ ညသေမလား၊ စောင့်နေရတဲ့မောင်ဦး...၊

ဖုတ်ထုတ်ရမလိုတောင် ဖြစ်နေတဲ့ မောင်ဦး.....၊

သရဲဆွဲခံရပြီးကတည်းက လူကောင်းပကတိ ဖြစ်သွားတယ်။

နောက်နေ့ချက်ချင်းဆိုသလို ရောဂါဝေဒနာတွေ ယူပစ်သလို ပျောက်သွားတာကိုးဗျ...."

"သရဲဆွဲခံရတယ်ဆိုတဲ့ ဇာတ်လမ်းတွေ၊ ကျွန်တော်တော်တော်များများ ကြားဖူးပါတယ်.....၊

ဒါပေမဲ့ အခုဦးလှတင့်ပြောတဲ့ သရဲဆွဲခံရတဲ့ အဖြစ်အ



www.burmeseclassic.com

www.burmeseclassic.com



မျှင် ၈တော့ အများနဲ့မတူ၊ တစ်မူထူးခြားတဲ့ ဇာတ်လမ်းပါ
ဒီအတွက် ဦးလှတင့်ကို ကျေးဇူးတင်ပါတယ်....''

''နေပါဦးဗျ....၊ ပြောစရာ နည်းနည်းကျန်သေးတယ်
ဦးမောင်ငွေနဲ့ ပတ်သက်တာလေး....''

''ဟုတ်ကဲ့... ပြောပါဦး''

''ဦးမောင်ငွေနဲ့ မောင်ဦးရဲ့အဖေက အသက်ချင်းကွာ
မဲ့ တော်တော်လေး ခင်မင်ခဲ့ကြတာတဲ့....၊

ဒါ့ကြောင့် မောင်ဦးပျောက်လို့လိုက်ရှာကြတော့ သရဲက
ဦးမောင်ငွေကို နာမည်တပ်ပြီး အခေါ်ခိုင်းတာဖြစ်မယ်ဗျ....''

''ဟုတ်တယ်၊ ဒီကိစ္စက ရွာမှာရော၊ တစ်မြို့နယ်လုံးမှာ
ရော တော်တော်နဲ့မရပ်ဘူး၊ ပြောကြ ဘယ်....၊

ပြောတိုင်း ပြောတိုင်း၊ ဦးမောင်ငွေနာမည်က ပါနေတယ်
ဦးမောင်ငွေကို သရဲကတောင် သိတဲ့သူဆိုပြီး နာမည်
ကြီးသွားခဲ့တယ်ဗျ.....''

''ဒါလည်း ရေစက်တစ်မျိုးပေါ့ဗျာ...၊ မဟုတ်ဘူးလား''

''မှန်တယ်ဗျို့၊ ဒီလို နာမည်ကြီးရာကနေ ဦးမောင်ငွေ
ဒေါ်ကြည်မြတို့မိသားစု ပိုပြီးရင်းနှီးသွားကြတယ်၊

ရင်းနှီးရာကနေ ကြွင်နာ၊ ကြွင်နာရာကနေ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ခြစ်၊

ဦးမောင်ငွေနဲ့ မောင်ဦးအစ်မ၊ ဖူးစာဖက်တွေ ဖြစ်သွားကြတယ်ဗျ.....”

“ဗျာ....၊ ဟုတ်လား....”

စာရေးသူရဲ့ အပြန်လမ်းမှာတော့.....၊

ထူးထူးဆန်းဆန်း သရဲဆွဲခံရတဲ့ ဇလွန်နယ်က မောင်ဦးရဲ့အဖြစ်နှင့်.....၊

ထူးထူးခြားခြား ဖူးစာဆုံခဲ့ကြတဲ့ ဦးမောင်ငွေနဲ့ မောင်ဦးအစ်မတို့ရဲ့အဖြစ်က လွှမ်းမိုးလိုက်ပါလျက် ရှိနေပါတော့တယ်။ ။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သစ်ခက်တစ္ဆေ

ဝိညာဉ်ဆင်းလာတာကိုသိလို့
နာနာဘာဝတွေက
ခွေးယောင်ဆောင်ပြီး
လာကြိုကြတယ်၊
အူကြ ဟောင်ကြတယ်.....၊
ဒါ့ကြောင့် ဒီလိုညတွေမှာ
ခွေးအူသံတွေ.......၊
ခွေးဟောင်သံတွေ
ထူးထူးခြားခြား ဆူညံနေတာပေါ့....။



www.burmeseclassic.com

www.burmeseclassic.com



# သစ်ခက်တခွ

ဦးလှထွန်းသေတာ ဒီနေ့ ခုနစ်ရက်ပြည့်တယ်။

ထုံးစံအတိုင်း ဇနီးဖြစ်တဲ့ဒေါ်တိုးအိမ်မှာ ရက်လည်ဆွမ်း

အရုဏ်မတက်ခင် မနက်လေးနာရီခွဲကတည်းက ပင့်
လျှောက်ထားတဲ့ သံဃာတော်တွေကို သွားထောက်တယ်။

ဆရာတော်၊ သံဃာတော်တွေ ကြွလာတဲ့အချိန်မှာ အ
ာဏ်တက်ချိန် ရောက်နေပြီ။

ပထမဦးဆုံး သံဃာတော်တွေကို အရုဏ်ဆွမ်း၊ ခဲဖွယ်
ဘောဇဉ်တွေ ဆက်ကပ်တယ်။

ဘုဉ်းပေးပြီးတာနဲ့ ရက်လည်တရားနာ....၊

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကင်း ပရိတ်တရားတော်တွေ ရွတ်ဖတ်သရဇ္ဈာယ်ပြီး သေသူဦးလှထွန်းနှင့်.....၊

သုံးဆယ့်တစ်ဘုံသား အားလုံးအတွက် ရည်စူးလို့ ရေစက်သွန်းချ အမျှဝေတယ်။

ညီညာဖျဖျ သာဓုခေါ်ဆိုကြတယ်။

သားသမီးတွေ စုံစုံညီညီ၊ လှူဖွယ်တန်းဖွယ်တွေကလည်း ပြည့်ပြည့်ဝဝနဲ့မို့ ဆွမ်းကပ်နေစဉ်တစ်လျှောက်လုံး စိတ်နှလုံးချုပ်တည်းထားနိုင်တဲ့ ဒေါ်တိုးတစ်ယောက်......၊

တရားနာနေတဲ့အချိန်မှာတော့ ချုပ်တည်းခြင်းဟာ မစွမ်းသာတော့ဘူး။

နှစ်ကာလများစွာ ပေါင်းသင်းလာခဲ့တဲ့ ခင်ပွန်းသည်မျက်နှာကိုပဲ မြင်နေတယ်.....။

ငယ်ရွယ်စဉ်ကနေ ဆံဖြူသွားကြွေအရွယ်၊ အသက်ဆုံးပါးတဲ့ထိတိုင်အောင် မေတ္တာစိတ်နဲ့.......၊

ကြင်ကြင်နာနာ၊ ဖေးဖေးမမ စောင့်ရှောက်ခဲ့ပုံတွေကိုတစ်ခုပြီးတစ်ခု၊ တစ်ကွက်ပြီးတစ်ကွက် စိတ်အတွေးထဲမှာပြန်လည် မြင်ယောင်နေမိတယ်။

သံဃာတော်ကြီးတွေက သူ့နှလုံးသားကို စေ့စစ်ရစ်စီ တစ်



www.burmeseclassic.com

www.burmeseclassic.com



ည်စီ ရစ်ပတ်လာတယ်။

ခိုင်မြဲနေဆဲ မေတ္တာစိမ့်စမ်းတွေက သူ့မျက်လုံးအစုံမှာ အစိမ့်စိမ့် စိမ့်ယိုရာက တပေါက်ပေါက်ကျလာတယ်။

လည်ချောင်းမှာ ကြေကွဲမှုတွေက အလုံးကြီးတစ်ခုံးလို ဆို့နစ်လာတယ်။

ပူဆွေးတမ်းတမှုတွေက ပိဋကတ်သံအဖြစ် ပြောင်းလဲသွား တယ်။

"တဲ... ကဲ... လွန်ခဲ့တဲ့ခုနစ်ရက်ခန့်က ဘဝဟောင်းကို ရွှောပြီး ဘဝသစ်ကို တစ်ဖန်ပြောင်းလဲသွားတဲ့.....၊

ဘုရားအကာ၊ ကျောင်းဒကာကြီး၊ ရတနာဒကာကြီး ဦး ထွန်းနှင့်တကွ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်ကြကုန်သော....၊

ဝေနေယျ၊ သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းတို့အတွက် ည်စူးပြီး ပြုပြုသမျှ ကောင်းမှုကုသိုလ်တို့ရဲ့ အဖို့ဘာဂကို အမျှ တန်း ပေးဝေလိုက်ကြရအောင်......."

ဆရာတော်ရဲ့သတိပေးစကားကိုကြားမှ ဒေါ်တိုးရဲ့စိတ် ဟာ ပစ္စုပ္ပန်တည့်တည့်ကို ပြန်ရောက်လာတယ်။

စိတ်ကို သတိနဲ့ထိန်းလိုက်ပေမဲ့ ...ာ်သံကတော့ တွင် နေတုန်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး..... ကြားကြားသမျှ.. အမျှ.... အမျှ.... အမျှ ယူတော်မူကြပါကုန်သော်......."

အမျှအတန်းပေးဝေကြတဲ့ ပရိသတ်အားလုံး အသံထဲမှာ ဒေါ်တိုးရဲ့ ငိုရင်း၊ ရှိုက်ရင်း၊ အမျှဝေလိုက်တဲ့အသံက ထင်ထင်ရှားရှားဖြစ်နေတာ အားလုံး သတိထားမိလိုက်ကြတယ်။

ရက်လည်တရားနာပြီးတာနဲ့ သံဃာတော်တွေ ပြန်ကြွသွားတယ်။

သားအကြီးအောင်စိုးက ဒေါ်တိုးရှေ့က ရေစက်ခွက်ပန်းကန်ပြားကိုယူပြီး သင့်တော်ရာမှာ စွန့်ပေးတယ်။

ပြီးတော့ တရားနာပရိသတ်အားလုံးရဲ့ ရှေ့ဆုံးမှာချထားတဲ့ သစ်ခက်လေးကို ကောက်ယူလိုက်တယ်။

ဒီသစ်ခက်က တစ္ဆေသစ်ခက်၊

သင်္ချိုင်းမှာ သင်္ဂြိုဟ်တဲ့နေ့တုန်းက သစ်ခက်တစ်ခက်ချိုးဦးလှထွန်းရဲ့ ရုပ်အလောင်းကိုထိပြီး.....၊

"အဖေရေ...၊ တရားနာရအောင် လိုက်ခဲ့ပါ..." လို့ သူကိုယ်တိုင် တစ္ဆေခေါ်လာခဲ့တဲ့ သစ်ခက်ပါ။

အောင်စိုး တစ္ဆေသစ်ခက်ကို ယူတယ်။

ခြံအပြင် ထွက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေသစ်ခက် ထားရမယ့်နေရာကို ကြည့်တယ်။

ဖခင်ဖြစ်သူရဲ့ဝိညာဉ် ရှိနေတယ်ဆိုတဲ့ အယူအစွဲကြောင့် ပစ်စလက်ခက်၊ ပြီးပြီးရော ပစ်ချမထားရက်ဘူး။

အိမ်ခြံပြင်စည်းရိုးမှာလည်း ထိုးစိုက်ထားဖို့ မဝံ့ရဲဘူး။

မကျွတ်မလွတ်ဘဲ အိမ်မှာ၊ ခြံမှာ တွယ်ကပ်နေမှာကို စိုးရိမ်တယ်။

အိမ်ရှေ့လမ်းဘေးက ကုက္ကိုပင်ကြီးမှာ တင်ထားဖို့ သူ အကြံရလိုက်တယ်။

ဒါနဲ့ပဲ တစ္ဆေသစ်ခက်ကို ကုက္ကိုပင်ကြီးရဲ့ ခွဆုံပေါ်တင် ထားလိုက်တယ်။

"အဖေ... ဒီမှာနေပါ..." လို့လည်း ပြောလိုက်တယ်။

ပြီးတော့ ခြံထဲပြန်ဝင်လာခဲ့တယ်။

ရောက်ရှိလာတဲ့ ဧည့်ပရိသတ်တွေကိုလည်း ဧည့်ခံ ကျွေးမွေးတာကြောင့် နေ့လည်ဆယ့်နှစ်နာရီကျော်မှ ရက်လည် ဆွမ်းကျွေးကိစ္စ ပြီးဆုံးသွားတယ်။

ပြီးတာနဲ့ တစ်ဆက်တည်း နာရေးမဏ္ဍာပ်ဖျက်ရ၊ ငှားရမ်းထားတဲ့ ပစ္စည်း၊ ပစ္စယတွေ ဟိုပို့ရ၊ ဒီပို့ရနဲ့ည နေပိုင်းကျမှ ကိစ္စအဝဝတွေ ပြီးဆုံးခြင်းကိုရောက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တိုးတစ်ယောက် ဘုရားစင်ဘေးမှာ ချိတ်ဆွဲထားတဲ့ ခင်ပွန်းသည်ဦးလှထွန်းရဲ့ ဓာတ်ပုံကြီးကို မော့ကြည့်နေတယ်။

"ကျေးဇူးရှင်ကြီးရေ......၊ မပြန်လမ်းကို မြန်းနှင့်ပြီပေါ့..." လို့ စိတ်ထဲကပြောနေတယ်။

ဒီလို ဒေါ်တိုး မျက်ရည်လေးတစမ်းစမ်း ဖြစ်နေချိန်မှာ၊

ဒေါ်တိုးရဲ့နံဘေးမှာ ညီအစ်ကိုမောင်နှမတွေ၊ ဝိုင်းဖွဲ့ ခေါင်းချင်းဆိုင်နေကြတယ်။

နာရေးကိစ္စတစ်လျှောက်လုံးမှာ သုံးစွဲကုန်ကျခဲ့ရတဲ့ ငွေတွေ......၊

ဆွေမျိုး၊ မိတ်သင်္ဂဟတွေဆီက ရရှိတဲ့ကူပံ့ငွေတွေကို အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားလုပ်ပြီး တွက်ကြ၊ ချက်ကြ စာရင်းလုပ်နေကြတယ်။

❖ ❖ ❖

"ဒီည ဧည့်သည်တွေ အရမ်းအူတာပဲနော်......"

"ခုနစ်ရက်ပြည့်ပြီဆိုတော့ ဒီညက နောက်ဆုံးည လေ......၊

ဦးလှထွန်းရဲ့ဝိညာဉ် အိမ်ကနေ ထွက်ရတော့မှာ.....၊

www.burmeseclassic.com

www.burmeseclassic.com



"ဒို့ကြောင့် ခွေးတွေ အူနေတာ...."

ဟုတ်တော့လည်း ဟုတ်တယ်။

ဒီနေ့ညက တခြားညတွေထက်ပိုပြီး ထူးထူးခြားခြား ခွေးတွေအူနေတယ်၊ ဟောင်နေတယ်။

ညနက်လေလေ၊ ခွေးတွေရဲ့အူသံ ဟောင်သံက ပိုပြီးများ လာလေ......၊ ပိုပြီးကျယ်လောင်လာလေပဲ......။

ဒါကို လူအားလုံး သတိထားမိနေကြတယ်။

"မူးမူးရူးရူးတွေနဲ့ ဆူညံတာ အမေမကြိုက်ဘူး၊ ဒို့ ကြောင့် ဖဲဝိုင်းမလုပ်ကြနဲ့......" ဆိုတဲ့ ဒေါ်တိုးစကားကြောင့် ဖဲ ဝိုင်းမလုပ်ခဲ့ဘူး။

အသုဘအိမ်မှာ ခုနစ်ရက်လုံးလုံး မိသားစုနဲ့ ဆွေမျိုး များတွေပဲ ရှိတယ်၊ လူနည်းတယ်။

ဒို့ကြောင့်လည်း ခွေးအူသံ ဆူလေလေ၊ ခွေးဟောင်သံ များလေလေ အကြောက်တရားက ပိုပြီးဝင်လေဖြစ်နေတယ်။

တစ်ယောက်နဲ့တစ်ယောက် ပိုပြီး ပူးကပ်လာကြတယ်။

"ဒီနေ့ည ဆယ့်နှစ်နာရီတိတိမှာ ဦးလှထွန်း အိမ်ပေါ်က ဆင်းမယ်တဲ့......"

"ဆင်းတဲ့အခါမှာ နောက်ပြန်ဆင်းမယ်၊



www.burmeseclassic.com

www.burmeseclassic.com



လှေကားမှာ ဆန္ဒင်းတို့၊ ထုံးတို့ ဖြူးထားရင် ခြေရာထင်တယ်တဲ့......"

သရဲကြောက်တဲ့ မိန်းမနှစ်ယောက်က သရဲအကြောင်း ပြောနေကြတယ်။

သတ္တိရှိလို့တော့ မဟုတ်ဘူး၊ စကားပြောနေတော့ သရဲကြောက်တဲ့စိတ် နည်းနည်းလျော့တာကြောင့်ပါ။

သူတို့နှစ်ယောက်ရဲ့ စကားသံကြောင့် အောင်စိုး တစ်ရေးနိုးလာတယ်။

"ဟုတ်တယ်ဗျ.....၊ ဒီညမှာ ခွေးတွေပိုပြီး အူကြ၊ ဟောင်ကြတာ အကြောင်းရှိတယ်၊

ဝိညာဉ်ဆင်းလာတာကိုသိလို့ နာနာဘာဝတွေက ခွေးယောင်ဆောင်ပြီး လာကြိုကြတယ်၊ အူကြ ဟောင်ကြတယ်.....၊

ဒါ့ကြောင့် ဒီလိုညတွေမှာ ခွေးအူသံတွေ၊ ခွေးဟောင်သံတွေ ထူးထူးခြားခြား ဆူညံနေတာပေါ့...."

စကားပြောနေတဲ့မိန်းမနှစ်ယောက် သရဲကြောက်မှန်းသိလို့ အောင်စိုး ဖြဲခြောက်လိုက်တယ်။

ဖြစ်ချင်တော့ သူပြောလိုက်တဲ့အချိန်မှာပဲ ခွေးအစ်အုပ်ဖြိုထဲဝင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီခွေးအုပ်က တစ်စုံတစ်ခုကို အတင်းထိုးဟောင်ပြီး လိုက်နေတယ်။

သူတို့ လိုက်ဟောင်နေတဲ့အရာဟာ ဝိညာဉ်လား။ တ ဘယ့်နာနာဘာဝလား။ ဘယ်သူမှ မသိဘူး။

မြင်လည်း မမြင်ရဘူး။

နာနာဘာဝတွေ၊ ဝိညာဉ်တွေ ဟုတ်ချင်မှလည်း ဟုတ် ယ်၊

ဘယ်လိုပဲဖြစ်ဖြစ် ခွေးတစ်အုပ်ကတော့ အိမ်ခြံထဲမှာ တ်ပြီး ဟောင်နေတယ်။

ဆူညံပွက်လောရိုက်နေတဲ့ ခွေးအူသံ၊ ဟောင်သံတွေ ကြောင့် စကားများနေတဲ့ မိန်းမနှစ်ယောက် တိုးလိုးလှဲ၊ စောင် ခြင်းမြီး ခြုံလိုက်ကြတယ်။

ခွေးတွေ ခြံထဲကထွက်ပြီး အိမ်ရှေ့လမ်းမအားကိုင်း မြောက်ဘက်ကို ဟောင်သွားကြတယ်။

ခွေးတွေဟောင်တဲ့ပုံက ခြံထဲကထွက်သွားတဲ့ နာနာဘာ မြောက်ပိုင်းဘက်သွားလို့ နောက်က သည်းသည်းမဲမဲ လိုက် ဟောင်နေတဲ့ပုံမျိုး.......။

မြောက်ဘက်ပိုင်းရောက်သွားလေ၊ ခွေးဟောင်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝေးသွားလေနဲ့၊ တော်တော်လေးကြာတော့ ခွေးဟောင်းသံတွေ လုံးဝတိတ်သွားတယ်။

ညကလည်း ပြန်ပြီး ငြိမ်ဆိတ်သွားတယ်။

အမှောင်ကြီးတစ်ခုတည်း ချောက်ချားစရာ ကောင်းအောင် ကျန်ရစ်ခဲ့တယ်။

အိပ်မရတော့တာကြောင့် အောင်စိုး ရေနွေးထည့်ထားတဲ့ ဓါတ်ဘူးတစ်ဘူးရှာပြီး ရေနွေးထိုင်သောက်နေလိုက်တယ်။

"ဖြုန်း...... ဖြုန်း...... ဖြုန်း......"

အောင်စိုး တုန်သွားတယ်။

ခေါင်းက ဆံပင်မွှေးတွေတောင် ထောင်ထသွားသလား အောက်မေ့ရတယ်။

အမှောင်ည၊ တိတ်ဆိတ်ခြင်းသာကြီးစိုးနေတုန်း ရုတ်တရက်ကြီး ကြားလိုက်ရတာကိုး......။

အသံက အိမ်ရှေ့ခြံဝဆီက.....။

တစ်စုံတစ်ယောက်က ခြံကာထားတဲ့ ဝါးကပ်ကြမ်းတွေကို လက်နဲ့ ပုတ်လိုက်လို့မြည်တဲ့အသံ။

"တစ်ယောက်ယောက်များ လာနောက်နေတာလား"

အောင်စိုး တွေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ဒေါ်မှာထွန်းထားတဲ့ လျှပ်စစ်မီးရောင်ကြောင့် သူ တစ်ယောက်တည်း ရေနွေးထိုင်သောက်နေတာကိုမြင်ပြီး တစ်ယောက်ယောက်က ခြောက်လှန့်တာဖြစ်မယ်လို့ တွေးမိတယ်။

အဲ့ကြောင့် မျက်တောင်မခတ်ဘဲ ခြံဝကိုပဲစိုက်ကြည့်နေတယ်။

ခြံဝမှာလည်း မီးလုံးတစ်လုံး ထွန်းထားလို့ အလင်းရောင်ရှိတယ်၊ လင်းနေတယ်။

မသင်္ကာစရာ ဘာတစ်ခုကိုမှတော့ မတွေ့ရဘူး။

"ဖြုန်း...... ဖုံး...... ဖြုန်း......"

ခြံဝမှာ ဘာမှမတွေ့ပေမဲ့ သူကြည့်နေတုန်းမှာပဲ ဂါးကပ်ကြမ်း ပုတ်တဲ့အသံတွေ ထွက်လာပြန်တယ်။

အောင်စိုး မျက်လုံးကို ပြူးပြဲပြီးကြည့်လိုက်တယ်။

သူ ဘယ်လိုပဲကြည့်ကြည့်၊ ဘယ်လောက်ကြည့်ကြည့်၊ စောစောတုန်းက အတိုင်းပဲ၊ ခြံဝမှာ ဘာမှမတွေ့ရဘူး။

"အဖေများလား......"

အောင်စိုး စိတ်ထဲကတွေးလိုက်တယ်။

ဘာမှ မမြင်မတွေ့ရတဲ့အဆုံး တွေးလိုက်တာဖြင့်ပေမဲ့ ...င် မဖြစ်နိုင်ဘူးလို့တော့ ထင်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာ့ကြောင့်လည်းဆိုတော့ ဖခင်ဖြစ်သူဦးလှထွန်းက အေးချမ်းတည်ကြည်တဲ့ သူတော်ကောင်းတစ်ယောက် ဖြစ်တဲ့ အပြင်......။

ဘုရား၊ တရား အလုပ်တွေလုပ်တယ်။

နေ့စဉ်မှန်မှန် ဘုရားရှိခိုးတယ်၊ ပုတီးစိပ်တယ်၊ အလှူဒါန ပြုတယ်။

ဒီအကြောင်း အချက်တွေကြောင့် ဖခင်ကြီးသေပြီဆိုကတည်းက စိတ်ပူပင်မှု သိပ်မဖြစ်ခဲ့ဘူး။

ကောင်းရာမွန်ရာ၊ သုဂတိဘုံဌာနကို မလွဲမသွေ ရောက်မယ်လို့ သူ ခံယူထားပြီးဖြစ်တယ်။

အောင်စိုး ဓါတ်ဘူးထဲက ရေနွေးတစ်ခွက် ငှဲ့တယ်။

ရေနွေးပန်းကန်ကို ကောက်ယူ ဖြည်းဖြည်းချင်းမှုတ် သောက်တယ်။

အဲဒီအချိန်မှာပဲ ခြံပေါက်ဝမှာရပ်နေတဲ့ ဖခင်ကြီးဦးလှထွန်းကို မြင်လိုက်တာဖြစ်တယ်။

❖ ❖ ❖

အိမ်ပေါ်နဲ့ ခြံပေါက်ဝ နည်းနည်းလှမ်းနေပေမဲ့ဖခင်ကြီး

www.burmeseclassic.com

မိုးတိမ်ဆွေ စာပေ

www.burmeseclassic.com



တို ထင်ထင်ရှားရှား မြင်တွေ့နေရတယ်။

ရုတ်တရက်မြင်လိုက်တာကြောင့် သူ လန့်သွားတယ်။

သောက်လက်စ ရေနွေးပန်းကန်လုပ်ရမ်းပြီး ရေနွေး တွေ သူ့လက်ပေါ် ဖိတ်စင်ကျသွားတယ်။

သူက ဦးလှထွန်းကို တအံ့တသြကြည့်နေသလို…၊

ဦးလှထွန်းကလည်း သူ့ကိုပဲ ကြည့်နေတာတွေ့ရတယ်။

ဦးလှထွန်း ဝတ်ထားတဲ့အဝတ်အစားက သေဆုံးချိန် ာန်းကဝတ်ထားတဲ့ ရှပ်အင်္ကျီအဖြူ လက်ရှည်နဲ့ နီညိုရောင် ဆိုးကွက်ကျဲကြီးနဲ့ပဲ။

ထူးခြားတာက ဦးလှထွန်းရဲ့မျက်နှာ။

ညှိုးညှိုးငယ်ငယ်ဖြစ်နေတာ ထင်ရှားပေါ်လွင်နေတယ်။

"အဖေ့မျက်နှာက ဘာလို့ ညှိုးနေတာပါလိမ့်….."

အောင်စိုး စိုက်ကြည့်ရင်း စဉ်းစားမိတယ်။

ဦးလှထွန်းရဲ့ဝိညာဉ်ဟာ ခြံပေါက်ဝမှာရပ်ပြီး အောင်စိုး ကြည့်နေတယ်။

တော်တော်လေးကြာမှ ခေါင်းငိုက်စိုက်ချပြီး နောက် ည့်သွားတယ်။

နေ့ခင်းက အောင်စိုး ဝိညာဉ်သစ်ခက်တင်ခဲ့တဲ့ ဘုက္ကို



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီးရဲ့ခြေရင်းက မြစ်ပျဉ်းတစ်ခုပေါ် သွားထိုင်တယ်။

ချက်ချင်းပြန်ထလာပြီး အောင်စိုးဘက် လှည့်ကြည့်တယ်။

ခေတ္တခဏကြည့်ပြီးတော့ မြောက်အရပ်ဘက် အမှော င်ထဲဝင်ပြီး ပျောက်သွားတယ်။

အဲဒီအချိန်မှာ ခွေးဟောင်သံတွေပြန်ပြီး ဆူညံလာတယ်။

ခွေးဟောင်သံတွေက လမ်းမကြီးအတိုင်း မြောက်ဘက်ကိုလိုက်ပြီး ဟောင်သွားတယ်။

ဒီ ခွေးဟောင်သံတွေဟာ သူ့ဖခင် ဦးလှထွန်းရဲ့ဝိညာဉ်ကို လိုက်ဟောင်နေတဲ့အသံတွေဆိုတာ အောင်စိုး ရိပ်မိလိုက်တယ်။

တစ်ဆက်တည်းမှာပဲ "အဖေ၊ မြောက်ပိုင်းက သူ့ညီမအိမ်သွားတာ ဖြစ်မယ်....." လို့ တွေးလိုက်တယ်။

အောင်စိုး ညောင်းညာလာတာကြောင့် လှဲချလိုက်တယ်။

သူ့ခေါင်းနဲ့ ခေါင်းအုံး၊ ထိမိတာနဲ့ ချက်ချင်းဆိုသလို အိပ်ပျော်သွားတော့တယ်။

"ဘယ်သူ့မေးမေး၊ ငါ့ယောကျ်ား သူတော်ကောင်းကြီးဆိုတာ ကလေးကတောင် သိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာကြီး ... ရဲဖြစ်
...ယ်ဆိုတာ လူကြားလို့မကောင်းပါဘူးအေ.....၊
လာမပြောစမ်းပါနဲ့.......''

ဒေါ်တိုး မနက်စောစောစီးစီး ဒေါသထွက်နေတယ်။

မနက်စောစောစီးစီး ဒေါသထွက်နေတာ အကြောင်း
...တယ်။

ဦးလှထွန်းရဲ့ ညီမ၊ ဒေါ်တိုး ယောင်းမ မပြုံးကြည်။
မနက်စောစောရောက်လာပြီး ပြောတဲ့ စကားကြောင့်

''ညက ကျွန်မတို့အိမ်ကို အစ်ကိုလာခြောက်တယ်ပါ၊
အိမ်ထရံကို တဗုန်းဗုန်း လာပုတ်တယ်၊ နောက်ပြီး အိမ်
...လည်း လှုပ်တယ်၊

လျှောင်လှုပ်တဲ့အတိုင်း ပြောင်းဆန်နေတာပဲ.....၊

ခြောက်တယ်ဆိုကတည်းက သရဲဖြစ်လို့....၊ သရဲဖြစ်
...ယ်ဆိုကတည်းက မကျွတ်မလွတ်လို့.....၊

မကျွတ်မလွတ်ဘူးဆိုကတည်းက သုဂတိဘုံမလားဘူး၊
...တော်ကောင်းမဟုတ်ဘူးလို့ အမိပ္ပါယ်ရတယ်......''

ဒါ့ကြောင့် ဒေါ်တိုး ဒေါသထွက်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကလည်း တဖျစ်တောက်တောက်၊ ပြောမဆ
ဘူး ဖြစ်နေတယ်။

အောင်စိုးကတော့ သူ့အဒေါ် ဒေါ်ပြုံးကြည်ပြောတဲ့စကာ
ကို လက်ခံတယ်၊ ယုံတယ်။

ညက သူကိုယ်တိုင် မျက်စိနဲ့မြင်တာကိုး။

ဒါပေမဲ့ မိခင်ကြီး စိတ်ဆိုးနေတာမို့ ဘာမှဝင်မပြောဘ
ငြိမ်နေလိုက်တယ်။

စိတ်ထဲမှာတော့ "အဖေ့မျက်နှာမကောင်းဘူး၊ အဒ
ဘာပြောချင်နေတာလဲ၊

အကြောင်းတစ်ခုခုတော့ ရှိနိုင်တယ်....." လို့ စဉ်းစားမ
မိတယ်။

ဒေါ်တိုး လက်သင့်မခံတာကြောင့် ဒေါ်ပြုံးကြည်လည
ဆက်မပြောဘဲ ပြန်သွားတယ်။

ဒေါ်ပြုံးကြည်ပြန်သွားမှ ဒေါ်တိုးစိတ်ဆိုးတာ ပြေသွာ
တယ်။

ဒါပေမဲ့ မကြာလိုက်ပါဘူး။

ဒေါ်တိုးရဲ့အစ်ကို ဦးမောင်ဝင်းရောက်လာတယ်။

"ညက လုထွန်း ဒို့အိမ်လာပြီး စကားသံပေး၊



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်လောက်ကနေ ခဲလုံးလေးတွေနဲ့ အိမ်ခေါင်ပေါ် ပစ်တင်နေတာ မနက်လင်းပိုင်းရောက်မှ ရပ်သွားတယ်။

သူကတော့ စတာ၊ နောက်တာပဲ။

ကလေးတွေမှာကြောက်ပြီး တစ်ညလုံး မအိပ်ရဲကြ ”

ဦးမောင်ဝင်းကိုတော့ ဒေါ်တိုး စိတ်မဆိုးရဲဘူး။

ဦးမောင်ဝင်းက အစ်ကိုအကြီးဆုံးဖြစ်ပြီး၊ ညီအစ်ကိုမောင်နှမအားလုံးက ကြောက်ရ၊ ရိုသေရတယ်။

ဒါပေမဲ့ ဒေါ်တိုး စိတ်ထဲကတော့ မကျေနပ်ဘူး။

သူယောကျ်ား သူတော်ကောင်းကြီး၊ သရဲဖြစ်တယ်ဆိုအပြောကို လုံးဝမှလက်မခံဘူး။

ဒီလိုနဲ့ ရက်အတန်ကြာသွားတယ်။

ဒီရက်တွေအတောအတွင်းမှာ ဦးလှထွန်းနဲ့ ပတ်သက်တိုက၊ ဒီက လူပြောများလာတယ်။

ပြောတဲ့အကြောင်းရင်းတွေက ဦးလှထွန်းသရဲ၊ အခြောက်ခံရတဲ့ သတင်းတွေချည်း ဖြစ်နေတယ်။

လူတော်တော်များများက ဦးလှထွန်းခြောက်လို့ ကြောက်ခဲ့ရတဲ့အကြောင်း ပြောလာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေ ပြောတဲ့အထဲမှာ တူညီတဲ့အချက်တစ်
ချက် ပါနေတယ်။

အဲဒါကတော့ အိမ်ရှေ့လမ်းဘေးက ကုက္ကိုပင်ကြီး
အောက်မှာ ဦးလှထွန်း မတ်တတ်ရပ်နေတာ.....၊

ဒါမှမဟုတ်.....၊

ထိုင်နေတာ တွေ့ကြရတယ်ဆိုတဲ့ အချက်ပါ။

ဒီပြောစကားတွေဟာ မှန်နိုင်တယ်လို့ အောင်စိုးစဉ်းစား
မိတယ်။

ဘာ့ကြောင့်လည်းဆိုတော့ ရက်လည်တဲ့ညတလည်း
ဖခင်ကို ဒီအတိုင်းပဲ သူ တွေ့မြင်ခဲ့တာကြောင့်ပါ။

ဒေါ်တိုးကတော့ အယ်သူတွေဘာပြောပြော၊ လက်မ
ဘဲ ဘုတော၊ ကန့်လန့်တိုက်နေမြဲ ဖြစ်တယ်......။

ဒါပေမဲ့ တစ်ညမှာတော့ လူတွေရဲ့ပြောစကား တုတ်မှ
နေတယ်ဆိုတာ လက်ခံရမယ့်အဖြစ်အပျက်တစ်ခု ဒေါ်တိုး ကြ
လိုက်ရတယ်။

အဲဒီညက ဒေါ်တိုးအိပ်ပျော်နေတုန်း ဦးလှထွန်း ေ
ငိုက်စိုက်ချနဲ့ အိပ်ပေါ်တက်လာတယ်။

ဒေါ်တိုး ဝမ်းသာအယ်လဲဖြစ်ပြီး စကားတွေပြောတယ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ဦးလှထွန်းသေပြီးပြီဆိုတာကို ဒေါ်တိုး မေ့နေတယ်။

"တော်..... ဘယ်ကိုသွားနေတာတုန်း......" လို့ မေးလိုက်တယ်။

"ငါဘယ်မှ မသွားပါဘူး၊ ရှိပါတယ်......."

"တော့်ကို အိမ်မှာမတွေ့ ရဘူးလေ၊

တော် ဘယ်မှာနေတာလဲ....."

"အောင်စိုးက ငါ့ကို အဖေဒီမှာနေပါလို့ပြောပြီး ကုက္ကိုပင်မှာ ထားခဲ့တယ်....၊

ဒါပေမဲ့ ကုက္ကိုပင်မှာက သူ့ပိုင်ရှင်နဲ့သူ ရှိပြီးသား....၊

ငါ နေလို့မရဘူး၊ နေစရာလည်း မရှိဘူး၊

ဒါ့ကြောင့် သစ်ပင်အောက်မှာပဲ နေနေရတယ်၊ ငါ သိပ်ဒုက္ခရောက်နေတယ်......"

ဦးလှထွန်းပြောမှ ဒေါ်တိုး ရုတ်တရက်သတိရလိုက်တယ်။

"ဆူက သေပြီးသားပဲ" လို့ ကျွေးမိလိုက်တယ်။

အဲဒီအချိန်မှာပဲ အိပ်ရာက လန့်နိုးသွားတယ်။

ဒီတော့မှ "ငါ အိပ်မက် မက်နေတာပဲ....." လို့ ဒေါ်တိုး



www.burmeseclassic.com

www.burmeseclassic.com



တွေးမိလိုက်တယ်။

သူ နိုးတဲ့အချိန်မှာ ညကမှောင်မဲနေတုန်း၊ တိတ်ဆိတ်နေတုန်းပဲ။

ဩကာသ လောကကြီးတစ်ခုလုံး သူတစ်ယောက်တည်းရှိနေသလိုပဲ ဒေါ်တိုး ခံစားနေရတယ်။

ရေဆာလာတာနဲ့ အိပ်ရာကထ၊ သောက်ရေအိုးရှိရာသွားပြီး ရေတစ်ခွက် ခပ်သောက်လိုက်တယ်။

ရေသောက်နေရင်း သူ့အကြည့်တွေက အိမ်ရှေ့လမ်းပေါ်က ကုက္ကိုပင်ကြီးဆီ ရောက်သွားတယ်။

"ဟင်……."

သူ့နှုတ်က အလန့်တကြား၊ အာမေဋိတ်သံ ထွက်သွားတယ်။

သောက်နေတဲ့ စတီးလ်ရေခွက် လက်ကလွတ်ပြီး ကြမ်းပြင်ပေါ်ကျသွားတယ်။

ကုက္ကိုပင်အောက်မှာ လူတစ်ယောက်ရပ်နေတယ်။

ခင်ပွန်းသည် ဦးလှထွန်းဆိုတာကို ထင်ထင်ရှားရှား မြင်နေရတယ်။

ထိတ်လန့်တာကြောင့် သူ့ရင်တွေ တလှပ်လှပ်ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဒေါ်တိုး လက်တစ်ဖက်နဲ့ရင်ကိုဖိရင်း လွတ်ကျသွားတဲ့ ခွက်ကို ကုန်းကောက်လိုက်တယ်။

ရေခွက်ကောက်ပြီး ကြည့်လိုက်တော့ ကုက္ကိုပင်အောက် ဘာမှမရှိတော့ဘူး။

ဒီတော့မှ သူ့ယောက်ျား သူတော်ကောင်းကြီး၊ သရဲဖြစ်နေတယ်ဆိုတာကို ဒေါ်တိုး ယုံကြည်လက်ခံသွားတော့တယ်။

❖ ❖ ❖

"လူဆိုတာက ပုထုဇဉ်တွေ.......၊

ပုထုဇဉ်ဆိုကတည်းက လောဘ၊ ဒေါသ၊ မောဟ၊ မာ အဝိဇ္ဇာတွေ ရှိနေကြဦးမယ်.....၊

စွဲလမ်းမှု တဏှာသဘောတွေ ကျန်ဦးမယ်.......၊

ဒါတွေကြောင့်လည်း ဘဝအသစ်အသစ်တွေကို အကြိမ် အဖန်ဖန်၊ အတန်တန် အလဲလဲ ရေတွက်မရအောင် ဖြစ်ကြ တယ်၊

ဖြစ်လိုက် ပျက်လိုက်၊ သုံးဆယ့်တစ်ဘုံထဲမှာ လူဖြစ် ... ဝက်ဖြစ်လိုက်၊ ပြိတ္တာဖြစ်လိုက်၊ ရေကျလိုက်.......၊

www.burmeseclassic.com

www.burmeseclassic.com



ခွေးဖြစ်လိုက်၊ ပြိတ္တာဖြစ်လိုက်၊ အသူရကာယ်ကျလိုက် နဲ့ သံသရာကြီးထဲမှာ ဘဝတွေ ရှည်လျားနေကြရတယ်.......၊

ဒီလိုဖြစ်မယ်ဆိုတာ မသိလို့မဟုတ်ဘူး။

သိသိကြီးနဲ့ ဝိဘက်ကြမှာင်ပြီး ဝဋ်ဆင်းရဲတွင်းထဲ အ တင်းခုန်ချနေကြတယ်၊

အစွဲအလမ်း၊ တဏှာကိုဖြတ်နိုင်မှ နိဗ္ဗာန်ဆိုတဲ့ အငြိမ် ချမ်းသာကို မျက်မှောက်ပြုနိုင်ကြမယ်ကွယ့်......၊

ဒကာကြီးဦးလှထွန်းဆိုတာလည်း သူတော်ကောင်း ရားကို ကျင့်ကြံအားထုတ်ခဲ့သူ ဖြစ်ပေမဲ့......၊

သံသရာထဲက ပုထုဇဉ်တစ်ယောက်ပီပီ၊ တစ်စုံတစ် သောအရာကို စွဲလမ်းမိပေလိမ့်မယ်၊

ဒါဟာလည်း စွဲလမ်းချင်တဲ့အရာကို စွဲလမ်းတတ်တဲ့ ထုဇဉ်တို့ရဲ့ သဘောသဘာဝအတိုင်းပဲ ဖြစ်တယ်။

ဒီနေရာမှာ တစ်ခုပြောချင်တာက ပုထုဇဉ်သဘာဝ လမ်းတယ်ဆိုတာ တန်ဖိုးကြီးတာ၊ တန်ဖိုးမဲ့တာဆိုတဲ့ အချ တွေနဲ့မဆိုင်ဘူး.....၊

ပစ္စည်းဥစ္စာကို ဖြစ်ချင်ဖြစ်မယ်၊ မိမိရဲ့ ဇနီးမယား၊ သ တွေကို ဖြစ်ချင်ဖြစ်မယ်......၊



www.burmeseclassic.com

www.burmeseclassic.com



မိမိယုံကြည်တဲ့ ဘာသာတရားအပေါ် သံသယဖြစ်တဲ့ စိတ်အစွဲလည်း ဖြစ်နိုင်သလို......၊

မိမိကျူးလွန်၊ ဖြစ်ပွားဖူးခဲ့တဲ့ အဖြစ်တစ်စုံတစ်ရာအပေါ် စိတ်နစ်စွဲလမ်းနေတာလည်း ဖြစ်နိုင်တယ်။

လျှဒါန်းပြီးသား ပစ္စည်းအပေါ်မှာ တဏှာအစွဲနဲ့သေခဲ့ ရင်လည်း ပြိတ္တာဘုံသား၊ သရဲတစ္ဆေဘဝကို ကျရောက်နိုင်တယ် တွယ့်.....၊

ဒါ့ကြောင့် မသေခင်မှာ အချိန်ရှိခိုက်၊ လုံ့လစိုက်ပြီး ဒါ န သီလ၊ ဘာဝနာတွေကို ပြည့်စုံလုံလောက်တဲ့အထိ အားထုတ် ားများ ထားကြရမယ်၊

ဒီလို ကြိုးစားထားမှ နောက်ဆုံးထွက်သက်၊ စုတိစိတ် ျတဲ့ အခါမှာ အယူမမှား၊

ဘာကိုမှမစွဲလမ်းဘဲ ဖြောင့်ဖြောင့်တန်းတန်း ကောင်း ာသုဂတိကို လားရောက်နိုင်မှာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒကာကြီးဦးလှထွန်းအနေနဲ့ကတော့ ကြောင်းကံအားလျော်စွာ ဒုဂ္ဂတိဘုံကို ကျရောက်သွားရပေ ...၊

အဲဒီဘဝကို နစ်မြုပ် ပျော်ပိုက်မှာ မဟုတ်ဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားတယ်......၊

ဒါကြောင့်လည်း သူ ဒုက္ခဆင်းရဲရောက်နေရတဲ့ အကြောင်းကို အိပ်မက်ပေးနေ၊ ပြသနေတာ ဖြစ်တယ်၊

သူ့အတွက်ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုလုပ်၊ အမျှအတန်းပေးဝေလို့ သာဓုခေါ်နိုင်လိုက်ရင်တော့ ဘဝဆိုးကနေကျွတ်လွတ်သွားမယ်......၊

မြင့်မြတ်တဲ့ဘုံဌာနကို ရောက်ရှိခံစားရလိမ့်မယ်......”

ဦးလှထွန်းနဲ့ပတ်သက်ပြီး လာရောက်လျှောက်ထားမေးမြန်းတဲ့ ဒေါ်တိုးတို့မိသားစုကို ဆရာတော်က ပြည့်ပြည့်စုံစုံ ရှင်းပြတယ်။

အကြံကောင်း၊ ဉာဏ်ကောင်းပေး လမ်းညွှန်တယ်။

ဒေါ်တိုးတို့မိသားစုကလည်း ဆရာတော် အမိန့်ရှိတဲ့အတိုင်း ဦးလှထွန်းအတွက်ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ကြတယ်။

ကုသိုလ်ကောင်းမှုရဲ့ အဖို့ဘာဂကို ရေစက်သွန်းချအမျှပေးဝေကြတယ်။

သာဓု အနုမောဒနာ ခေါ်ဆိုကြတယ်။

ဒီလို ပြုလုပ်လိုက်ခြင်းရဲ့ အကျိုးဆက်လို့ ပြောရမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။

ဦးလှထွန်းရဲ့ ရုပ်သွင်သဏ္ဌာန်နဲ့ ကုက္ကိုပင်အောက်က နေ ကိုယ်ထင်ပြခြောက်လှန့်နေတဲ့ သရဲတစ်ကောင်ကို.....၊

အဲဒီနေ့ကစပြီး မမြင်မတွေ့ ကြရတော့ပါဘူး.....။

❖ ❖ ❖

ဒီအဖြစ်အပျက်ကို ပြောပြသူက ဦးလှထွန်းရဲ့သားကြီး ကိုအောင်စိုးကိုယ်တိုင် ဖြစ်ပါတယ်။

"ကျွန်တော့် ဖေဖေဟာ အဲဒီသစ်ခက်လေးမှာ ဝိညာဉ်ဘ ဝနဲ့ တွယ်မှီနေလိမ့်မယ်လို့ ကျွန်တော်မယုံဘူး၊

ကျွန်တော်က တစ္ဆေ၊ သရဲ၊ နာနာဘာဝ မယုံတဲ့သူလေ၊

ဒါပေမဲ့ မြန်မာလူမျိုးတွေ အသုဘအခမ်းအနား ပြုလုပ် နေကျ ဓလေ့ထုံးစံအတိုင်းပဲ ပြုလုပ်ခဲ့တာပါ.......၊

ဒါ့ကြောင့်လည်း ရက်လည်ဆွမ်းသွတ်၊ တရားနာတော့ ဆုတောင်းပေးပါဆန့် ကုက္ကိုပင်ပေါ်တင်ထားခဲ့တာ ဖြစ်ပါတယ်၊

အဖေ၊ ဒီအပင်မှာ နေပါလို့တောင် အပြောင်အပျက်ပြော ခဲ့တယ်၊

ဖြစ်ချင်တော့ အဲဒီကုက္ကိုပင်မှာ အရင်ရောက်နေတဲ့ ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ရှင်ရှိနေတယ်၊

သူက လက်မခံလို့ အဖေနေခွင့်မရဘူး၊

လူလိုဆိုရင်တော့ အိမ်မဲ့ယာမဲ့၊ လမ်းဘေးနေရတဲ့ ဘဝ

နဲ့ အဖေ ဒုက္ခရောက်နေရတယ်......၊

ဒီအကြောင်းတွေကို အမေ့ဆီ အိပ်မက်လာပေးတယ်၊

အမေကလည်း ကျွန်တော့်ကို မေးတယ်၊

ဝိညာဉ်ခေါ်တဲ့သစ်ခက်ကို ကုက္ကိုပင်မှာ စွန့်ထားတာ

ဟုတ်သလား၊

နင့်အဖေ အိပ်မက်လာပေးတယ်တဲ့.....၊

အမေပြောတော့ ကျွန်တော် အံ့အားသင့်သွားတယ်၊

နောက်ပြီး ကျွန်တော်ကိုယ်တိုင်လည်း နာနာဘာဝဖြစ်

နေတဲ့အဖေ့ကို မြင်လိုက်ရတယ်၊

ကျွန်တော် လေ့လာမှုအားနည်းတဲ့အတွက် နာနာဘာ

ဝ၊ တစ္ဆေသရဲတွေနဲ့ ပတ်သက်ပြီး ဂဃနဏ မသိပေမဲ့......၊

ထူးဆန်းတဲ့အဖြစ်အပျက်ကို ပြောပြချင်တာကြောင့် ဆ

ရာနဲ့ တွေ့ရတာပါ...." လို့လည်း စာရေးသူကို ပြောပြပါတယ်၊

ကိုအောင်စိုးပြောပြတဲ့ သစ်ခက်တစ္ဆေ ဇာတ်လမ်းကို

နားထောင်ပြီး.....၊

www.burmeseclassic.com

www.burmeseclassic.com



သံသရာအကြောင်း၊ သုံးဆယ့်တစ်ဘုံသားအကြောင်း၊

သုံးဆယ့်တစ်ဘုံသား ပြိတ္တာ၊ တစ္ဆေ၊ သရဲတွေ၊ နာနာဘာဝတွေအကြောင်း၊ ဝိညာဉ်တွေအကြောင်း.....၊

စာရေးသူ လေ့လာထားသလောက် မျှဝေပေးချင်ပါတယ်၊

ဒါပေမဲ့ သူက.....၊

"ဆရာရေ....၊ အလုပ်လေးရှိသေးလို့ ပြေးလိုက်ဦးမယ်နော်" ဆိုပြီး စားပွဲက ကမန်းကတန်းထ၊

ကောင်တာကို အမြန်သွား၊ လက်ဖက်ရည်ဖိုး ရှင်းလိုက်တယ်.......။

(အမှန်က စာရေးသူ လက်ဖက်ရည်ဖိုး ရှင်းမှာစိုးလို့ပဲ.)

ငွေရှင်းပြီး "နောက်မှ တစ်ခါပြန်ဆုံကြသေးတာပေါ့ဆရာ" ဆိုပြီး ထွက်သွားတယ်။

စာရေးသူပြောချင်တာတွေ ဘာမှ မပြောလိုက်ရဘူး။

ဒါပေမဲ့ ဒီစာအုပ်ထွက်လာရင်တော့ စာရေးသူ ကိုအောင်ကို မေတ္တာလက်ဆောင်စာအုပ် ပေးမှာပါ။

သစ်ခက်တစ္ဆေဇာတ်လမ်းကို သူ ဖတ်ရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ စာရေးသူပြောချင်တဲ့ အကြောင်းအရာတွေ
ကို အသင့်အတင့်တော့ သူသိသွားနိုင်မယ်လို့ စာရေးသူ ထင်မြ
မိပါတယ်။ ။

❖ ❖ ❖ ❖ ❖

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ကိုးလှေသမားပြောတဲ့

# နာနာဘာဝ ဇာတ်လမ်းများ

"ဒါ.... နာနာဘာဝတွေနေတဲ့ ကျွန်းဖြစ်မယ်၊
ညက ငါတို့တွေ့ခဲ့ မြင်ခဲ့တာဟာ
ကျတ်တွေပဲ" လို့ ဦးထွန်းလူ၊
လှေသမားတွေကို ပြောပြတယ်၊
လှေသမားတွေလည်း
ဒီတော့မှ......၊
ထိတ်လန့် တုန်လှုပ်ကုန်ကြတယ်၊

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



# ရုပ်ရှင်လှသမားပြောတဲ့ နာနာဘာဝ စာတ်လမ်းများ

## မြစ်ကမ်းပြင်က ဝိညာဉ်ဗျူး

စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကျောက်ရစ်ရွာက ကို အောင်သန်းဆိုတဲ့သူနှင့် စာရေးသူဟာ ရန်ကုန်က ညနေ (၅) နာရီထွက်တဲ့ အမှတ် (၃) အဆန်၊

အမြန်ရထားပေါ်မှာ မမျှော်လင့်ဘဲ ဆုံဆည်းခဲ့ကြပါ တယ်။

ခရီးသွားရင်း အနီးကလူတွေကို မိတ်ဆွေဖွဲ့၊ အာလာပ သလ္လာပပြော၊

ဟိုမေးသည်မေး စပ်စုတတ်တဲ့စာရေးသူဟာ ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



န်းကို ပြောင်နယ်ကလို့ သိလိုက်တာနဲ့ ဝမ်းသာသွားတယ်။

'ပြောင်'က စာရေးသူရဲ့ဇာတိ ချောင်းဦးနဲ့ ...ရေချင်း စ်ဆက်တစ်စပ်တည်း ရှိနေလို့ပါ။

တစ်နယ်ရပ်ဝေးမှာ ကိုယ့်ရပ်ကိုယ့်ရွာသားချင်းဆိုတော့ ... ခင်မင်မိကြတယ်။

ရင်းရင်းနှီးနှီး စကားတွေပြောလာကြရင်း ... စ ... ပြောဖန်များ၊ စကားထဲက ဇာတိပြ" ဆိုတဲ့ ...ပိုင်း......၊

စာရေးသူကို စာရေးဆရာတစ်ယောက်ဆိုကာ ... ...တယ်၊

ဒီလိုပဲ သူ့ အိုးလှေသမားဆိုတာလည်း စာရေးသူ သိ ...တယ်။

အိုးလှေသမားဆိုတာက မြစ်ကြောင်းအတိုင်း အစုန်အ ...သွားပြီး ကုန်ရောင်းကုန်ဝယ်လုပ်တဲ့ ရိုးရိုးလှေသမားတွေ ...တော့ပါဘူး။

အိုးလှေဆိုပေမဲ့ သူတို့ရဲ့ အဓိကရောင်းကုန်က 'လှေ'ပါ။

ကျွန်းသားတွေနဲ့ စပ်ဟပ်ပြုလုပ်ထားတဲ့ ကျွန်းလှေ အ...ကြီးတွေပါ။

အိုးတွေကတော့ လမ်းခရီး စားစရိတ်၊ သောက်စရိတ်

www.burmeseclassic.com



ရအောင်……၊

ခရီးလမ်းမှာ ကျွန်းလှေတွေကို အဖမ်းအဆီးလုပ်တတ်တဲ့ သစ်တောဝန်ထမ်း၊ ရဲဝန်ထမ်းတွေရဲ့ရန်က အကာအကွယ်ရအောင် တင်ဆောင်ရောင်းဝယ်ကြတာပါ။

လှေဝယ်မယ့်သူနဲ့ ချိတ်ဆက်ထားတဲ့ ခရီးအဆုံးရောက်တာနဲ့ လှေရောအိုးတွေရော အပြတ်ရောင်း၊

ရန်ကုန်ကနေ မီးရထားစီးပြီး လာရင်းဒေသကို ပြန်ကြတာဖြစ်တယ်လို့ ဆိုပါတယ်။

ကိုအောင်သန်းကလည်း သူ့လှေနဲ့အိုးတွေကို ရောဝတီတိုင်းထဲက ဖောက်သည်ဆီရောင်းပြီး ပြန်လာတာဖြစ်ပါတယ်။

"မြောင်ကနေ ရောဝတီတိုင်းရောက်တဲ့အထိ မြစ်အတိုင်း မိုင်ပေါင်းများစွာ၊ နေ့ရက်များစွာ စုန်ဆင်းလာခဲ့ရတဲ့ခရီးမှာ……၊

ထူးထူးဆန်းဆန်း အဖြစ်အပျက်တွေ၊ သရဲတစ္ဆေခြောက်တာတွေ မကြုံဖူးဘူးလားဗျ……"

စာရေးသူ စကားစလိုက်တယ်။

ကိုအောင်သန်း ခေတ္တခဏ စဉ်းစားဟန်ပြုတယ်။

ပြီးမှ……၊

www.burmeseclassic.com

www.burmeseclassic.com



''ကြုံတော့ ကြုံဖူးတယ်ဗျ.....၊

အိုးလှေတိုင်း ကျွန်းလှေအသစ်ကြီးတွေစပ်ပြီး သွား ရောင်းတယ်ဆိုတာ သစ်တောတိုင်း၊ ရဲတိုင်း သိတယ်။

ခရီးဆုံးရောက်ပြီး လှေရောင်းလို့မပြီးမချင်း အန္တရာယ် ရှိတယ်၊ ရင်ထိတ်ရတယ်.......။

ဒါ့ကြောင့် မြန်မြန်ကိစ္စပြတ်အောင်ဆိုပြီး နေ့ရော၊ ည ရော စုန်နေရတယ်။

ထူးထူးဆန်းဆန်းတွေကို နေ့လယ်နေ့ခင်းမှာ မတွေ့ရ ဘူး။

ညအချိန်မှာမှ တွေ့ရလေ့ရှိတယ်.....''

''ဘယ်လို ထူးထူးဆန်းဆန်းမျိုးတွေ ကြုံရတာလဲ....''

''ကြုံရတာကတော့ အမျိုးမျိုးပါပဲဗျာ.....၊

တစ်ခါက ကျွန်တော်တို့လှေ ရေစီးအတိုင်းစုန်လာတုန်း ဗွမ်းဆို အသံကြီးကြားလိုက်ရတယ်၊

လှေကလည်း ရေထဲမှာ ပုခက်လွှဲခံနေရသလို.....၊

ဘယ်ယိမ်းလိုက်၊ ညာယိမ်းလိုက် လူးယိမ်းနေတယ်၊ အိုးချင်းရိုက်သံတွေတောင် တခွပ်ခွပ် မြည်နေတယ်၊

အသံကြီးက နည်းနည်းနောနောအသံကြီး မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တကယ့် အသကြီး

ညကလည်း ညနက်ကြီး ...တစ်ခုလုံး မှောင်မည်း နေတယ်၊

မြစ်ရေစီးတဲ့အသံနဲ့ လှေကို လှိုင်းလေးတွေ ...ပုတ်... အသံပဲရှိတယ်၊

တိတ်ဆိတ်ငြိမ်သက်နေတယ်၊

ဒီလိုနေရင်း ဂျတ်တရက် ဗွမ်းဆို အသံကြီးကြားလိုက်... တော့ ကျွန်တော့မှာ တုန်သွားတာပဲ၊

လှေပေါ်ပါလာတဲ့သူတွေလည်း အကုန်လုံး လန့်ပြီးနိုး... လာကြတယ်၊ ဘာဖြစ်တာလဲလို့ မေးကြတယ်၊

ကျွန်တော်လည်း ဘာမှမဖြေနိုင်ဘူး၊

ကျွန်တော်တို့အားလုံး အသာငြိမ်ပြီး စောင့်ကြည့်နေကြ... တယ်၊

ဒါပေမဲ့ ဘာသံမှ မကြားရတော့ဘူး၊ အဖြစ်အပျက်က... ဒီလောက်နဲ့ ရပ်သွားတယ်၊

ကျွန်တော်တို့အားလုံး စဉ်းစားကြတယ်၊

သောင်အစွန်းနဲ့ ဝင်တိုက်မိတာလား၊ ငါးကြီးကြီးတစ်... ကောင်နဲ့ တိုးမိတာလားလို့ပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလို့ရတာက ဒီအချက်နှစ်ချက်ပဲ ရှိတယ်၊

စဉ်းစားလို့သာ စဉ်းစားတာပါ။ ဒီအချက်နှစ်ချက်စလုံး ဖြစ်နိုင်ဘူးဆိုတာလည်း ကျွန်တော်တို့သိကြတယ်၊

ဒါဆိုရင် ဘာဖြစ်တာလဲ၊ ကျွန်တော်ထပ်ပြီး စဉ်းစား ကြည့်မိတယ်၊

သက်သေမပြနိုင်ပေမဲ့ ကြီးမားတဲ့ နာနာဘာဝတစ် ကောင်က ကျွန်တော်တို့ကို အပျော်သဘော စနောက်၊ ကျီစယ် သွားတာလို့ပဲ ထင်မိတယ်၊

နောက်တစ်ခါ ကြုံရတဲ့ အဖြစ်အပျက်ကတော့ အ ကောက်တောင်နဲ့ တည့်တည့်မှာဖြစ်တာ.....၊

အကောက်တောင်ဆိုတာ ... ...''

''သိတယ်ဗျ.....၊ ... အကောက်တောင်ကို ကျွန်တော် ရောက်ဖူးတယ်၊

မဲခူးတိုင်းအနောက်ခြမ်း ထုံးအိုမြို့အနီးမှာ ရှိတယ်...၊

ရှေးခေတ်က ကုန်တင်လှေတွေကို အခွန်အကောက် ကောက်ခံတဲ့တောင်မို့လို့ အကောက်တောင်လို့ ခေါ်တာဘဲ၊

အလွန်ကြီးမားတဲ့ ကျောက်တောင်ကြီးရဲ့ ကမ်းပါးချက် ပြင်မှာ လှေသူကြီးတွေ၊ လှေထိုးသားတွေ ထွင်းထုတဲ့တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ယူဆရတဲ့ ကျောက်ထွင်း ဗုဒ္ဓရုပ်ပွားတော်တွေ အများအပြ
ရှိတယ်၊

အကောက်တောင်မှာ ဩဇာသီးစိုက်ခင်းတွေ ရှိတ
လေ.....”

“ဟုတ်တယ်၊ ဟုတ်တယ်.....၊

ကျွန်တော်တောင် တစ်ခေါက်တုန်းက တောင်ခြေ
မှာလှေဆိုက်ပြီး အကောက်တောင်ပေါ် ဘုရားတက်ဖူးခဲ
တယ်၊

ဩဇာသီးတွေကလည်း ပေါမှပေါ.....၊

အရသာကျတော့လည်း ကောင်းမှကောင်းပဲ ခင်ဗျ

“ဟုတ်ပါ့ဗျာ....၊ ဒါ့ထက် ဆက်ပါဦး၊

ကိုအောင်သန်း ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို......”

စာရေးသူက ပြောလက်စစကား၊ လမ်းကြောင်းပြော
သွားမှာစိုးတဲ့အတွက် လမ်းကြောင်းပြန်တည့်ပေးလိုက်တ

“ဒီလိုဗျ....၊ အဲဒီညမှာ မြစ်ရေစီးကြောင်းက အနေ
ဘက်ကမ်း၊ ညောင်စာရေးရွာ အနီးကနေကပ်ပြီး စီးနေတ

ကျွန်တော်တို့အိုးလှေလည်း ရေစီးကြောင်းအတိုင်း
သာစုန်ပြီး လိုက်လာခဲ့တာပေါ့......၊

www.burmeseclassic.com

www.burmeseclassic.com



အကောက်တောင်နဲ့ တည့်တည့် နေရာရောက်တော့ မြစ်ရေစပ်မှာ မိန်းမတစ်ယောက် မီးအိမ်ကိုင်ပြီးရပ်နေတာ တွေ့ရတယ်၊

ကျွန်တော်တို့လှေနီးလာတော့ အဲဒီမိန်းမက မီးအိမ်ကို မြှောက်ကိုင်ပြီး......၊

"ကိစ္စအရေးကြီးလို့ပါ၊ ကိစ္စအရေးကြီးလို့ပါ.....၊

လှေကြုံလိုက်ပါရစေ......" လို့ အော်ပြောတယ်၊

သူပြောတဲ့အသံက တကယ့်ကို အရေးကြီးနေတဲ့အသံ၊

ကျွန်တော်တို့လှေနဲ့မှ မလိုက်ရရင် မဖြစ်ဘဲ့သဘော၊ တောင်းတောင်းပန်ပန်၊ ခယယယ ပြောနေတဲ့အသံမျိုး၊

ဒါပေမဲ့ ဘယ်လိုလုပ်မလဲ၊ ကျွန်တော်တို့မှာလည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိသလို၊ ကိုယ့်အပူနဲ့ကိုယ်...၊

နောက်ပြီး ဘာမှန်းမသိ၊ ညာမှန်းမသိနဲ့.....၊

ကူညီလိုက်လို့ကောင်းရင် တော်ရဲ့၊ မဟုတ်မတပ်တွေ ဖြစ်ပြီး ပြဿနာတက်နေရင် ဒုက္ခ

ဒါ့ကြောင့် အဲဒီမိန်းမကိုသနားပေမဲ့.......၊

လှေကြုံခေါ်ချင်ပေမဲ့၊ မသိကျိုးကျွန်ပြုခဲ့ရတယ်၊

အဲဒီ မိန်းမလည်း ကျွန်တော်တို့လှေက မတင်မှန်းသိ

www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်အားငယ်သွားတယ်နဲ့ တူရဲ့.....၊

မီးအိမ်ကို အောက်ချ၊ မတ်တတ်ရပ်လျက် ကျန်ရစ်ခဲ့တယ်၊

ကျွန်တော်တို့လှေလည်း ဆက်ပြီး စုန်ဆင်းလာတယ်

သူကလည်း တဖြည်းဖြည်း ပိုနက်လာတယ်၊

တော်တော်ဝေးဝေး၊ ကုန်းစွယ်လေး တစ်ခုအကွေ့ ရောက်တော့ မီးအိမ်နဲ့မိန်းမတစ်ယောက်ကို ထပ်တွေ့ပြန်တယ်

"ကိစ္စအရေးကြီးလို့ပါ၊ ကိစ္စအရေးကြီးလို့ပါ.....၊ လှေကြုံလိုက်ပါရစေ......"

လှေလည်း မလှမ်းမကမ်းရောက်ရော အဲဒီမိန်းမက အော်ပြောတယ်၊

သူ့ အော်သံလည်းကြားရော၊ ကျွန်တော် ခေါင်းနပန်းတွေ ကြီးသွားတယ်၊

ကြက်သီးတွေလည်း တဖြန်းဖြန်း ထသွားတယ်၊

ဟုတ်တယ်လေ၊ အဲဒီမိန်းမအသံက စောစောတုန်းက တွေ့ခဲ့တဲ့ မိန်းမရဲ့အသံပဲ.......၊

သနားစရာကောင်းတာရော၊ တောင်းတောင်းပန်ပန် ခသယပြောနေတာရော၊ တစ်ပုံစံတည်း၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိတယ်။

ဒါ လူအစစ် မဟုတ်ဘူး၊ တစ္ဆေ သရဲမတစ်ကောင် လိုက်ခြောက်လှန့်နေတယ်ဆိုတာ ရိပ်မိလိုက်ကြတယ်၊

ဒီတစ်ခါတော့ လှေကြုံမတင်ရတဲ့အတွက် မသနားမိတော့ဘူး၊

သရဲခြောက်တာ သိတာကြောင့် သတိထားပြီး ကြည့်လာကြတယ်၊

အဲဒီမိန်းမလည်း တဖြည်းဖြည်း ဝေးပြီးကျန်ရစ်တယ်၊

သိပ်မကြာဘူးဗျို့ ရှေ့ ခပ်လှမ်းလှမ်းရောက်တော့ တစ်ခါ ထပ်တွေ့ ပြန်တယ်၊

စောစောတလိုပဲ မြီးအုပ်နဲ့ ကိစ္စအရေးကြီးလို့ပါ။ လှေ ကြုံလိုက်ပါရစေလို့ တောင်းပန်ခယတဲ့ သနားစရာကောင်းတဲ့ အသံနဲ့......၊

ဒီတစ်ကြိမ်တော့ မရတော့ဘူးဗျို့.....၊

သရဲခြောက်နေတယ်ဆိုတာ အသေအချာ သိနေပြီပဲ၊

ရေကြောင်းပြောင်းပြီး မြစ်လယ်ကနေ လှေကိုဝှန်လိုက် တယ်၊ အဲဒီတော့မှ သရဲဇာတိ ပေါ်လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကြီးဗျို့......၊

ကြည့်နေရင်း ကြည့်နေရင်းကနေ....၊

သူ့အရုပ်ကြီး တဖြည်းဖြည်း ရှည်ထွက်လာတယ်၊ ထ
ပင်ကြီးလောက်ကို ရောက်ရော၊

သူ့ ခန္ဓာကိုယ်ကြီးကလည်း ကြီးလာလိုက်တာ၊ စ
ထည့်တဲ့ ပုတ်လောက်အရွယ်ကနေ အိမ်ကြီးတစ်လုံးလောက်အ
ရွယ်ထိ ဖြစ်လာတယ်၊

ကိုင်ထားတဲ့မီးအုပ်ကြီးလည်း မီးလုံးအကြီးကြီး ဖြ
လာတယ်၊

ကျွန်တော်တို့လှေ တော်တော်ဝေးဝေး ရောက်တဲ့အ
အဲဒီတစ္ဆေမနဲ့မီးလုံးကို မြင်နေရတယ်ဗျ.....”

ကိုအောင်သန်းပြောပြနေတဲ့ သရဲ တစ္ဆေဇာတ်လမ်း
နားထောင်ရင်း......၊

ဒါ ကိုအောင်သန်း ကြုံတွေ့ခဲ့တဲ့ တကယ့်ဖြစ်ရပ်မှန်လာ
ထင်ယောင်ထင်မှား ဖြစ်မှုတစ်ခုလား......၊

အမှန်တကယ် တစ္ဆေခြောက်ခံရမှုကို နည်းနည်းပါး
ပိုပိုမိုမို ချဲ့ကားထားတာလားလို့ စာရေးသူ စဉ်းစားနေမိတယ်

ဘယ်လိုပဲဖြစ်ဖြစ် ရာဝတီမြစ်ကြီးဆိုတာ လွန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်သန်းပေါင်း များစွာကတည်းက....၊

စီးဆင်းနေတဲ့ မြစ်၊

လူစားတွေ ကျွတ်စားနေထိုင်လာတဲ့မြစ်......၊

ဒီမြစ်ကြီးမှာ အကြောင်းအမျိုးမျိုးကြောင့် ဒသက်နဲ့ ခန္ဓာ ခွဲခွါသေဆုံးခဲ့ကြသူတွေ၊

မြစ်ကြမ်းပြင် ရေသချိုင်းမှာ မြှုပ်နှံခြင်းခံရသူ တွေ....၊

အနမတဂ္ဂ၊ မြောက်များစွာ ရှိနေကြမှာ.....။

ဒီလို အနမတဂ္ဂ၊ မြောက်များစွာသော သေဆုံးသူတွေ ထဲမှာ ဒုဂ္ဂတိဘုံကိုလားရောက်ပြီး တစ္ဆေသရဲဖြစ်သွားသူတွေ၊

မကျွတ်မလွတ်သေးသူတွေလည်း အမြောက်အမြား ရှိ နေမှာ ပေါ့ပါ။

ကိုအောင်သန်းရဲ့ အိုးလှေဟာ ဒီမကျွတ်မလွတ်သူတွေ ထဲက တစ်ချို့တလေနဲ့ အကြောင်းအားလျော်စွာ ကြုံကြိုက်ခဲ့ခြင်း ဖြစ်မယ်လို့ စာရေးသူ ထင်မြင်မိပါတယ်။

"ဒီတစ်ခါ ပြောပြမယ့်အဖြစ်အပျက်ကတော့ ကျွန်တော့ ကိုယ်တွေ့ မဟုတ်ဘူး၊

ကျွန်တော့်အဘိုး ဦးထွန်းလူ ကြုံတွေ့ခဲ့တဲ့ အဖြစ်အပျက် ပါ၊



www.burmeseclassic.com

www.burmeseclassic.com



သူက အိုးလှေနဲ့စုန်လာရင်း ရွာတစ်ရွာရောက်ခဲ့တယ်၊

ရွာက ရေဝတီမြစ်လယ်၊ ကျွန်းသောင်ခုံပေါ်မှာ တည်ထားတဲ့ရွာ၊

အိမ်ခြေ တစ်ရာနီးပါးလောက်ရှိတဲ့ ရွာကြီး၊

သူတို့ရောက်သွားတဲ့အချိန်မှာ အငြိမ့်ပွဲတစ်ပွဲ ကနေတာနဲ့ ကြုံတယ်၊

ဒီ့ကြောင့် သောင်ခုံမှာလှေစိုက်၊ အိုးတွေချပြီး ပွဲဈေးတန်းမှာ အိုးရောင်းကြတယ်၊

ဒါပေမဲ့ ဖြစ်ချင်တော့ သူတို့ရောက်နေတဲ့ရွာက နာနာဘာဝတွေနေတဲ့ရွာ ဖြစ်နေတယ်တဲ့......”

❖ ❖ ❖

# ကျွတ်ရွာတစ်ခါက
# အိုးရောင်းရောက်ခဲ့စဉ်က

“ကျွန်တော်တို့ဒေသမှာ ကျွန်းသစ်တောကြီးတွေ ရှိတယ်......၊



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီမြစ်ဘေးမှာလည်း နေကြတာဆိုတော့ ကျွန်း
တုံးကြီးတွေကို သစ်ဆွဲလှကြီးတွေနဲ့ဆွဲ.....၊

ကျွန်းပျဉ်ချပ်တွေနဲ့ လှေတွေစပ်ပြီး အောက်ပြည်
အောက်ရွာ သွားရောင်းရတာ ဟိုးတုန်းကတည်းကပါ.....၊

ကျွန်တော်တို့ရွာနဲ့ တစ်တိုင်ခရီးလောက်မှာ မြေအိုးတွေ
ထုတ်ရောင်းတဲ့ရွာကလည်း ဟိုးတုန်းကတည်းက ရှိခဲ့တယ်၊

ဒါကြောင့် လှေရောင်းရင်း၊ အိုးရောင်းရင်း၊ အိုးလှေအ
လုပ်ကို သားစဉ်မြေးဆက် လုပ်ခဲ့ကြတာပါ။

တစ်ရက်မှာ ကျွန်တော့်အဘိုးဖြစ်တဲ့ ဦးထွန်းလူတာ
အိုးလှေနဲ့ ဧရာဝတီမြစ်ကြောင်းအတိုင်း အောက်ပြည်၊ အောက်
ရွာကို စုန်ဆင်းလာတယ်၊

လူစည်ကားတဲ့ မြို့တွေ၊ ရွာတွေတွေ့ရင် ကမ်းကပ်ပြီး
အိုးတွေ ရောင်းရတယ်၊

မြို့တွေ၊ ရွာတွေကလည်း ဒီလို အိုးလှေတွေ မကြာခဏ
လာနေတယ်ဆိုတာ သိတယ်၊

အိုးတွေက ကောင်းတဲ့အပြင် ဈေးကလည်းချိုတော့ သ
ဘောကျကြတယ်၊ အိုးလှေတွေကိုစောင့်ပြီး အိုးဝယ်တတ်ကြ
တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ အိုးတွေရောင်းရင်း စုန်ဆင်းလာလိုက်တာ မှောင်ရီပျိုးစအချိန်လောက်မှာ မြစ်လယ်၊ ကျွန်းသောင်ခုံပေါ်က ရွာလေးတစ်ရွာအနီးကို ရောက်လာကြတယ်၊

ရွာထိပ်ကွင်းပြင်ကျယ်မှာ အငြိမ့်စင်ထိုးထားပြီး အငြိမ့်မကာခင် ဆိုင်းက ညှိခံတီးလုံးတွေတီးပြီး ညှိခံနေတယ်၊

ဆိုင်းဝိုင်းက ပတ်လုံးသံ၊ ကြေးနောင်သံတွေဟာ လေကြောင်းသင့်နေတာကြောင့် သူတို့လှေကနေ အတိုင်းသားကြားနေရတယ်၊

"ငါတို့တွေ ပွဲမကြည့်ရတာလည်း ကြာပြီ......၊

ဒီညတော့ ကမ်းပေါ်တက် ပွဲကြည့်ကြမယ်....၊

ပွဲဈေးတန်းမှာ အိုးတွေရောင်းရင်းပေါ့..." လို့ ဦးထွန်းလူသူ့ လှေထိုးသားတွေကို ပြောလိုက်တယ်၊

လှေကို ကမ်းကပ်ပြီး အိုးတွေကိုချတယ်၊

လှေဆိပ်မှာ အသင့်တွေ့ရတဲ့ နွားလှည်းတစ်စီးကို ငှားပြီး အိုးတွေတင်၊ ပွဲဈေးတန်းကို ထွက်လာခဲ့တယ်......၊

ပွဲဈေးတန်းကလည်း မီးခွက်တွေတလက်လက်နဲ့ အရမ်းစည်ကားတယ်၊

ပွဲဈေးတန်းတစ်နေရာမှာ အိုးတွေချပြီး ရောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့်လာသူတွေထဲမှာ ကာလသား၊ ကာလသမီး၊ အပျို လူပျိုအရွယ်တွေ၊ ကလေးသူငယ်တွေတင် မကဘူး၊ ယောကျ်ားကြီး၊ မိန်းမကြီးတွေကိုလည်း တွေ့ရတယ်.......၊

အားလုံးက ဝတ်ကောင်းစားလှတွေ သစ်သစ်လွင်လွင် ဝတ်စားပြီး ပွဲဈေးတန်း လျှောက်နေကြတယ်၊

ပွဲခင်းထဲမှာလည်း လူတွေ အများကြီးရောက်နေတယ်၊

ဒီလိုနဲ့ ပွဲစကတယ်၊ အငြိမ့်က နာမည်ကြီးအငြိမ့်ဆိုတာ ဦးထွန်းလူ သိတယ်၊

တစ်ခါမှ မကြည့်ဖူးပေမဲ့ နာမည်ကြားဖူးနေတယ်၊

နာမည်ကြီးအငြိမ့်ပီပီ၊ မင်းသမီးတွေ၊ မင်းသားတွေ လူရွှင်တော်တွေအားလုံး တက်ညီလက်ညီ ကြိုးကြိုးစားစားကကြတာ တွေ့ရတယ်......၊

သူတို့အဖွဲ့ တစ်လှည့်စီ အိုးရောင်းကြ၊ ပွဲကြည့်ကြတယ်၊

ရောင်းရင်း ထူးခြားမှုတစ်ခုကို ဦးထွန်းလူ သတိပြုမိတယ်.....၊

အဲဒါကတော့ သူတို့အိုးတွေကိုဝယ်ရင် ပွဲပြီးလို ...... မှဝယ်ကြတယ်၊ ဒါက ပုံမှန်အနေအထား၊

ဒီရွာက လူတွေကတော့ အစောကြီးက၊



www.burmeseclassic.com

www.burmeseclassic.com



ဝယ်နေကြတယ်၊

ပွဲဈေးတန်းလျှောက်ရင်းနဲ့ အပြန်မှာဝယ်သွားကြတာ သဘာဝပေမဲ့ အချို့က ရေအိုးတွေပိုက်ပြီး ပွဲခင်းထဲဝင်သွားကြတယ်......၊

မလှမ်းမကမ်းက ဘူးသီးကြော်ဆိုင်၊ ကောက်ညှင်းကျည်တောက်ဝါးဆိုင်ထက်တောင် သူ့အိုးဆိုင်မှာ လူတိုးနေတာ ဦးထွန်းလူ သတိထားမိတယ်၊

ဒါပေမဲ့ မေ့မေ့ပျောက်ပျောက်ပါပဲ၊ ဈေးရောင်းကောင်းတယ်၊ ပိုက်ဆံရတယ်ဆိုတဲ့ လောဘစိတ်ကြောင့် ပျော်နေတယ်၊

ဟုတ်တယ်၊ ပိုက်ဆံထည့်တဲ့ သူ့ကျွန်းသေတ္တာလေးထဲမှာ ငွေစက္ကူတွေ အထပ်လိုက်၊ အပုံလိုက် ဖြစ်နေတယ်၊

အငြိမ့်ပွဲပြီးတော့ လင်းကြက်တွန်နေပြီ.....၊

ပွဲသွားကျော့ကျော့၊ ပွဲပြန်မော့မော့ဆိုတဲ့အတိုင်း ပွဲကြည့်ပရိသတ်တွေ ပွဲခင်းကနေ ထွက်သွားကြတယ်၊

ဦးထွန်းလူတို့အဖွဲ့လည်း အနည်းငယ်သာကျန်တော့တဲ့ အိုးတွေကိုသယ်ပြီး လှေဆိပ်ပြန်ဆင်းခဲ့ကြတယ်၊

ပွဲကြည့်လို့ အိပ်ရေးပျက်နေတာကြောင့်.....၊

"လှေပေါ်မှာပဲ အိပ်ပြီး မနက်အိပ်ရာနိုးမှ ခရီးဆက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ယ်" လို့ ဦးထွန်းလူပြောပြီး အိပ်လိုက်ကြတယ်.....၊

သူတို့အားလုံး နိုးလာတဲ့အချိန်မှာ နေက ထန်းတစ်ဖျား ာတော့ဘူး။

ကမန်းကတန်းထ၊ မျက်နှာသစ်ကြပြီး လှေထွက်ဖို့ပြင် င်ကြတယ်၊

အဲဒီမှာ ထူးခြားနေတဲ့ ပတ်ဝန်းကျင် အနေအထားကို တိထားမိလိုက်ကြတယ်၊

ညက လှေတွေနဲ့ ပြေပြေပျစ်ပျစ်၊ သာသာယာယာရှိတဲ့ ှုဆိပ်ဟာ အခုမနက်လင်းချိန်မှာ မရှိတော့ဘူး။

သူတို့ရဲ့အိုးလှေဟာ ကမ်းပါးက ကိုင်းတောကြီးတစ် ာထဲ တိုးဝင်နေတယ်၊

ဦးထွန်းလူရော လှေထိုးသားတွေပါ တအံ့တသြဖြစ်ပြီး န်းပေါ် တက်ကြည့်ကြတယ်၊

ဒီတော့မှ ပိုပြီး အံ့အားသင့်စရာကောင်းတဲ့ အဖြစ်အ က်တွေကို တွေ့ ကြမြင်ကြရတယ်.....၊

သူတို့လှေစိုက်တာ ကျွန်းသောင်ခုံတစ်ခု ဟုတ်ပေမဲ့ ျွန်းပေါ်မှာ လူနေအိမ်ရယ်လို့ တစ်လုံးမှမရှိဘဲ ကိုင်းတောကြီး ွပဲ ဖုံးလွှမ်းနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးအနည်းအကျဉ်းနဲ့ သစ်ပင်ပုလေးတွေ
ဖုတ်တွေကို တွေ့ကြရတယ်၊

ဒီထက်ပိုပြီး ထူးခြားတာက ညကသူတို့ရောဇ်းခဲ့တဲ့
တွေကို ကိုင်းပင်တွေကြား၊ ခြုံဖုတ်တွေထဲ၊

နေရာအနှံ့မှာဆိုသလို ဟိုနေရာတစ်လုံး၊ သည်နေ
တစ်လုံးဆိုသလို တွေ့ကြရတယ်......၊

တစ်ချို့အိုးတွေဆိုရင် သစ်ပင်တွေပေါ်မှာ ရောက်
တယ်......၊

အ နေက မယုံနိုင်စရာကောင်းလောက်အောင်
ရမ်းထူးဆန်းနေတယ်၊

"ဒါ.... နာနာဘာဝတွေ တဲ့ ကျွန်းဖြစ်မယ်၊
ညက ငါတို့တွေ့ခဲ့ မြင်ခဲ့တာဟာ ကျက်တွေပဲ" လို့
ထွန်းလူ၊ လှေသမားတွေကို ပြောပြတယ်၊

လှေသမားတွေလည်း ဒီတော့မှ ထိတ်လန့်တုန်လှုပ်
ကြ ၄၊

ထူးဆန်းတဲ့အခြေအနေကြောင့် ဦးထွန်းလူ သူ့ရဲ့ပိုက
သေတ္တာလေးကို ဖွင့်ကြည့်လိုက်တယ်၊

ဟုတ်တယ်.....၊



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံသေတ္တာထဲမှာ ငွေဆိုလို့ အနုတ်အပ်းဖိုးသည့်
ားတဲ့ ငွေစက္ကူနည်းနည်းနဲ့ အကြွေစေ့နည်းနည်းပဲ တွေ့ရ
ယ်၊

ပိုက်ဆံသေတ္တာတစ်ခုလုံး သစ်ရွက်တွေချည်း ပြည့်နေ
ာ တွေ့ရတယ်တဲ့ဗျ....''

''အမလေး.... ကံကောင်းလို့ပါလားဗျနော်.....၊

လူတွေကို ဘာမှမလုပ်တာ....၊

ဒါနဲ့ပဲ ကိုအောင်သန်းရဲ့အဖိုး ဦးထွန်းလူလည်း အိုးတွေ
ားရစ်ပြီး တစ်ချိုးတည်း လစ်ရောဆိုပါတော့.....''

''မဟုတ်ဘူးဗျ....၊

ကျွန်တော့်အဘိုးကလည်း 'ရှတ်' တယ်၊

ဒီအတိုင်းတော့ အဆုံးရှုံးမခံနိုင်ဘူးဆိုပြီး....၊

''ကဲ နာနာဘာဝပုဂ္ဂိုလ်များ၊ အသင်တို့ ပေးတဲ့ ငွေဟာ
ျွန်ုပ်တို့လူသားတွေ အသုံးပြုလို့မရတဲ့ငွေတွေ ဖြစ်နေပါဘယ်၊

ဒါကြောင့် ကျွန်ုပ်တို့အိုးတွေကို ရောင်းလို့မဖြစ်တော့
အတွက်.....၊

ကျွန်ုပ်တို့ရဲ့အိုးတွေကို ပြန်ယူပါ ည်၊

ကျွန်ုပ်တို့ရဲ့ အိုးတွေကို ပြန်ယူတဲ့အခါမှာ အကောင့်အ

www.burmeseclassic.com

www.burmeseclassic.com



ယှက်မပြုဘဲ အေးအေးချမ်းချမ်း ခွင့်ပြုကြပါ။

အသင်တို့ပေးခဲ့တဲ့ ငွေတွေကိုလည်း အေးအေးချမ်းချမ်း ပြန်ပေးပါတယ်။

ကိုယ့်ငွေနဲ့ကိုယ် အတိအကျ ခွဲဝေယူကြပါ" လို့ ပြော သစ်ရွက်တွေကို သွန်ချပေးလိုက်တယ်။

ပြီးတော့မှ အိုးတွေကို ပြန်ရှာကောက်ကြတယ်။

သစ်ပင်ခြေရင်းရောက်နေတဲ့ အိုးတွေကိုလည်း တ ယူတယ်။

ရှာနိုင်သမျှ ရနိုင်သမျှ အိုးတွေရှာယူပြီးမှ ခရီးဆက်ခဲ့ ပါတယ်....."

နောက်မှသိရတာက သူတို့ကြည့်ခဲ့ရတဲ့အငြိမ့်အဖွဲ့ တကယ်ရှိတဲ့အဖွဲ့ ဖြစ်ပြီး......။

လွန်ခဲ့တဲ့ဖုစ်အနည်းငယ်ကပဲ။

အဲဒီကျွန်းအနီးမှာ သင်္ဘောနစ်ပြီး တစ်ဖွဲ့လုံးသေ သွားကြတယ်ဆိုတဲ့အကြောင်းပဲ ဖြစ်ပါတယ်......"

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



# "နာနာဘာ၀ ကျွတ်တစ္ဆေ"

ကိုအောင်သန်းရဲ့အဖိုး အိုးလှေသူကြီး ဦးထွန်းလူကြုံခဲ့ရတဲ့ "ကျွတ်ရွာတစ်ခေါက် အိုးရောင်းရောက်ခဲ့စဉ်က" အဖြစ်အပျက်ကို နားထောင်ပြီးနောက်မှာ.....၊

နာနာဘာ၀ ကျွတ်တစ္ဆေနဲ့ ပတ်သက်လို့ အနည်းအကျဉ်းမျှ ပြောချင်လာပါတယ်၊

'ကျွတ်' ကို မြေတွင်နေသော မကောင်းဆိုးဝါးတစ်မျိုးလို့ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေတဲ့ မြန်မာအဘိဓာန်မှာ ဖော်ပြထားပါတယ်။

'ကျွတ်' လို့ ဆိုလိုက်တာနဲ့-

လူစိမ်းတစ်ယောက် မရောက်ဘူးတဲ့ ရွာတစ်ရွာထဲရောက်သွားမယ်.......၊

ဇာတ်ပွဲအငြိမ့်ပွဲ တစ်ခုခုပြုလုပ်နေပြီး ဈေးဝယ်သူတွေနဲ့ စည်ကားနေတဲ့ ပွဲဈေးတန်းကြီးတစ်ခုကိုလည်း တွေ့ရမှာဖြစ်ပါတယ်၊

နောက်တော့ ရွာသူအချောအလှလေးတွေ ကျွးမွေး

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံတာကို စားသောက်ပြီး ညအိပ်တည်းခိုမယ်၊

မနက်လင်းလို့ လူစိမ်းအိပ်ရာကနိုးတော့ ညကတွေ့ခဲ့တဲ့ လူတွေအိမ်တွေနဲ့ရွာကြီး မရှိတော့ဘူးတဲ့။

ပွဲခင်းဆိုတာလည်း ပျောက်ခြင်းမလှ ပျောက်ဆုံးသွားတယ်၊

ဒီတော့မှ သူရောက်နေတဲ့နေရာဟာ နာနာဘာဝ ကျွတ်တစ္ဆေတွေနေတဲ့ နေရာဆိုတာ သိလိုက်ကြတယ်၊

ဒါက ကျွတ်တွေနဲ့ ပတ်သတ်တဲ့ဇာတ်လမ်းတွေမှာ တွေ့ရလေ့ရှိတဲ့ အကြောင်းအရာတွေပါ။

ဒီဇာတ်လမ်းတွေထဲမှာ ကျွတ်ရွာကို အမှန်တကယ် ရောက်ခဲ့သူတွေရဲ့ အဖြစ်အပျက်တွေ ပါနိုင်သလို.......၊

တစ်ဆင့်စကား တစ်ဆင့်နားကြားပြီး ကိုယ်တိုင်မြင်ခဲ့ တွေ့ခဲ့သလို ဇာတ်လမ်းတွေဆင်ပြောတဲ့ အကြောင်းအရာတွေ လည်း ပါရှိနိုင်မှာဖြစ်ပါတယ်၊

ဘယ်လိုပဲဖြစ်ဖြစ် ဒီဇာတ်လမ်းတွေက ကျွတ်တစ္ဆေတွေ ရဲ့ ဘဝနေမှုကို ပြောပြနေပါတယ်၊

ဒီလောကကြီးထဲမှာ ရှိရှိသမျှ သက်ရှိ၊ သက်မဲ့မှန်သမျှ ဟာ မျိုးတူရာ၊ အတူ စုဝေးတည်ရှိနေထိုင်တဲ့ သဘောသဘာဝ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်၊

ဒီ့ကြောင့် ကျွတ်တွေကို တစ်စုတစ်ဝေးတည်း ရှာတည်ပြီး နေထိုင်တာတွေ့ရခြင်းပါ။

ပွဲခင်းတွေ၊ ပွဲဈေးတန်းတွေ၊ လူတွေ၊ အမျိုးမျိုးအဖုံဖုံတွေ့ မြင်နေရတာကတော့ ဖန်ဆင်းပြတာ ဖြစ်နိုင်ပါတယ်။

ဘာ့ကြောင့်လည်းဆိုတော့ ကျွတ်တစ္ဆေအပါအဝင် နာနာဘဝ ပုဂ္ဂိုလ်မှန်သမျှဟာ တန်ခိုးကမ္ဘဝိဒ္ဓိရှိသူများ ဖြစ်ပါတယ်၊

လူတို့ကြံစည်ခြင်းငှာ မတတ်စွမ်းနိုင်တဲ့ ထူးဆန်းအံ့ဩဖွယ်အရာတွေကို အမျိုးမျိုး ဖန်ဆင်းပြနိုင်တဲ့အစွမ်း ရှိလို့ပါ။

နောက်တစ်မျိုးတွေးလို့ရတာက သူတို့တစ်တွေဟာ နေ့စံညခံ၊ နေ့ခံညစံဆိုတဲ့ အသူရကာယ်ဘုံသားတွေများလားဆိုတဲ့ အချက်ပါ။

ညဘက်ရောက်သွားတဲ့ လူစိမ်း၊ နေ့ခံညစံဆိုတဲ့ အသူရကာယ်ဘုံသားတွေရဲ့ စံစား၊ ခံစားနေမှုကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရတာလည်း ဖြစ်နိုင်ပါတယ်၊

ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လို့ ကိုအောင်သန်းရဲ့ အဘိုး၊ အိုးလှေသူကြီး ဦးထွန်းလူ ကျွတ်ရွာမှာ အိုးတွေရောင်းတုန်းကရရှိတဲ့ သစ်ရွက်တွေနဲ့ပတ်သက်လို့ ပြောချင်ပါတယ်.....၊

www.burmeseclassic.com



လူယောင်ဖန်ဆင်းပြနိုင်ပြီး လူတွေလိုပဲ အိမ်တွေ၊ အသုံးအဆောင်ပစ္စည်းတွေ ဖန်ဆင်းပြနိုင်တဲ့ ကျတ်တစ္ဆေတွေဟာ....

လူတွေသုံးတဲ့ ငွေစက္ကူတွေ ဖန်ဆင်းသုံးစွဲနိုင်တာ ဆန်းကြယ်တဲ့ကိစ္စ မဟုတ်ဘူး။

ဒုတိယကမ္ဘာစစ် မဖြစ်မီကာလက ကျတ်တွေနေတယ်လို့ နာမည်ကြီးတဲ့ ကျတ်ကုန်းတစ်ခုအနီးမှာ လူတွေနေထိုင်တဲ့ ရွာကြီးတစ်ရွာရှိပါတယ်။

အဲဒီရွာမှာ ကိုးတောင်ပြည့်ရွာဦးစေတီ ရှိတယ်။

ရွာသူရွာသားတွေဟာ နှစ်စဉ်နှစ်တိုင်း ရွာဦးစေတီဘုရားပွဲ ကျင်းပလေ့ရှိတယ်။

ဘုရားပွဲကျင်းပတိုင်းလည်း ဇာတ်ပွဲ၊ အငြိမ့်ပွဲတစ်ခုမဟုတ် တစ်ခု ထည့်သွင်းကပြစေတယ်၊

အဲဒီပွဲကို ရွာသူရွာသားတွေတင် မကဘူး၊ အနီးအပါးရွာတွေက ရွာသူရွာသားတွေလည်းလာပြီး ဆင်နွှဲကြတယ်၊

ပတ်ဝန်းကျင် ရွာအချင်းချင်းဆိုတော့ ဘယ်ရွာကဘယ်သူဆိုတာ တစ်ယောက်ကိုတစ်ယောက် သိနေကြတယ်၊

ဒါပေမဲ့ ဒီလိုလူတွေကြားထဲမှာ တစ်ခါမှမမြင်ဘူး၊ မတွေ့ဘူးတဲ့.....၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရွာမှာနေမှန်းမသိတဲ့ လူစိမ်း၊ သူစိမ်း၊ မျက်နှာစိမ်း တွေကိုလည်း အများကြီးတွေ့ ကြရတယ်။

ရောစောပိုင်း နှစ်ကာလတွေမှာတော့ အဲဒီလူစိမ်းတွေ ဘယ်ကလာတယ်ဆိုတာ ဘယ်သူမှမသိဘူး။

နောက်...၊ တဖြည်းဖြည်းကြာတော့မှ သိလာတယ်၊

သိတာကလည်း ဈေးသည်တွေက စသိတာ၊

"ဒီသစ်ရွက်တွေဟာ ကျုတ်ရွာကကျုတ်တွေ ငွေဒင်္ဂါး တွေလိုဖန်ဆင်းပြီး ဈေးလာဝယ်တဲ့ 'ကျုတ်ဒင်္ဂါးတွေပဲ' လို့ လူ ကြီးသူမတွေက ပြောပြကြတယ်။

နောက်ပြီး လူတွေသုံးတဲ့ငွေဒင်္ဂါးနဲ့ ကျုတ်တွေသုံးတဲ့ ကျုတ်ဒင်္ဂါး ခွဲခြားပုံ၊ ခွဲခြားနည်းကိုလည်း ပြောပြတယ်။

ခွဲခြားတဲ့နည်းက ဈေးသည်ဟာ ဘေးမှာ ရေအင်တုံတစ် လုံး ချထားရတယ်၊

ပြီးတော့ ဈေးလာဝယ်သူရဲ့ငွေဒင်္ဂါးကို ရေအင်တုံထဲ ပစ် ချလိုက်.....၊

ငွေဒင်္ဂါးအစစ်ဆိုရင် ရေထဲမြုပ်ပြီး......၊

ကျုတ်ဒင်္ဂါးဆိုရင်တော့ ရေနဲ့ထိတာနဲ့ ချက်ချင်းသစ်ရွက် ခြောက်ဖြစ်သွားပြီး ရေပေါ်မှာပေါ်နေသတဲ့.....။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဈေးသည်တွေကတော့ အလှူလုပ်တယ်သဘောထားပြီး ရောင်းလိုက်တာချည်းပဲလို့ သက်ကြီးစကား၊ သက်ငယ်ကြား မှတ်သားဖူးပါတယ်။

ကျွတ်နဲ့ပတ်သက်တဲ့ ဇာတ်လမ်းအများစုမှာ.....၊

အသက်အန္တရာယ်ပေးတာမျိုး မရှိပေမဲ့ အသည်းငယ်သူ၊ လိပ်ပြာငယ်သူအချို့ ကြောက်လန့်ပြီးဖျားတယ်ဆိုတဲ့ ဇာတ်လမ်းတွေလည်း ရှိပါတယ်။

စာရေးသူကြားဖူးတဲ့ ဇာတ်လမ်းအချို့မှာတော့ သိလို့ပဲဖြစ်ဖြစ်၊ မသိလို့ပဲဖြစ်ဖြစ်၊ ကျွတ်တွေနေတဲ့ နေရာဌာနကိုသွားပြီး........၊

အပြစ်တစ်စုံတစ်ရာ ကျူးလွန်မိရင် ကျွတ်တွေက တို့ပြန်ကလဲ့စားချေတဲ့ အဖြစ်အပျက်တွေ ရှိပါတယ်။

အပြစ်အကြီးအသေးအလိုက် ဖျားအောင် နာအောင် ဒုက္ခရောက်အောင်ကနေ၊ သေတဲ့အထိ ရက်ရက်စက်စက် ပြုလုပ်တတ်ပါတယ်။

စာရေးသူရေးတဲ့ 'ညောင်မျိုးပင် သရဲမ' စာအုပ်မှာပါတဲ့ 'ဇမိုင် ငဖာလုံ' ဟာ အဲဒီမိုင်တိုင်အနီးမှာနေထိုင်တဲ့ ကျွတ်တွေ ကလဲ့စားချေတဲ့ဇာတ်လမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ်၊ ကျွတ်တွေနဲ့ပတ်သက်တဲ့ ကိုယ်တွေ့ ဇာတ်ကြောင်း ကရေးသူမှာ မရှိပါ။

ကိုယ်တွေ့ ကြုံခဲ့သူများ၊ တစ်ဆင့်ကြားသူများ ပြောပြတဲ့ အဖြစ်အပျက်များကိုသာ ရေးသားခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွတ်တစ္ဆေနဲ့ပတ်သက်တဲ့ အကြောင်းအရာ အချို့ကို မျှဝေခြင်းသာဖြစ်ပြီး......၊

စာဖတ်သူအနေနဲ့ ကိုယ်ပိုင်အတွေ့အကြုံ ကိုယ်ပိုင်အသိ အမြင်နဲ့......၊

ဟုတ်နိုင် မဟုတ်နိုင်......၊

ယုံကြည်သင့်၊ မယုံကြည်သင့်.....၊

ချင့်ချိန်ဆုံးဖြတ်နိုင်ကြဖို့ တင်ပြရခြင်း ဖြစ်ပါတယ်။

❖ ❖ ❖ ❖ ❖

မိုးတိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အောက်လမ်းသရဲမ ဒေါ်ခ

ကြောက်လန့် ချောက်ချားစရာ၊
ရုပ်ပျက်ဆင်းပျက် မျက်နှာကြီး.....။
မျက်နှာတပြင်လုံး
ဒဏ်ရာတွေဗရပွ ဖြစ်နေတယ်။
သွေးပျက်စရာ ကောင်းလောက်အောင်....၊
နီရဲတဲ့သွေးတွေ
အလိမ်းလိမ်းပေကျံနေတယ်။
မျက်လုံးတစ်လုံးက အပြင်ဘက်မှာ
တန်းလန်းကြီး ထွက်ကျနေတယ်.......။

www.burmeseclassic.com

www.burmeseclassic.com



# အောက်လမ်းသရဲမ ဒေါ်ခ

သောင်းကြည် အိမ့်အပြင်ဘက်ကွင်းထဲ လှမ်းကြည့်လိုက်တယ်.......။

ကွင်းပြင်တစ်ခုလုံး မှောင်မည်းနေတယ်၊

လကွယ်ညမို့ ပိုတောင် မှောင်မည်းနေတယ်၊

ဖားအော်သံတွေကလည်း တစ်ကွင်းလုံး ဆူဆူညံလို့.....၊

ဖားရိုက်ထွက်ဖို့ သူ အစစအရာရာ ပြင်ဆင်ပြီးနေပြီ။

မီးစာအလုံးကြီးကြီးနဲ့ ရေနံဆီအပြည့်ဖြည့်ထားတဲ့ မီးခွက်ကို မီးညှိလိုက်တယ်။

အိမ်ခန်းတစ်ခန်းလုံး မီးရောင်ဝါဝါနဲ့ လင်းထိန်သွားတယ်။

မီးခွက်ကို မီးအုပ်ထဲ ထည့်လိုက်တော့ အလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com



တွေက မီးအုပ်လှည့်တဲ့ဘက် စုပြုံသွားတယ်။

ဓါတ်ဆီထည့်ထားတဲ့ ကြေးမီးခြစ်ကြီးကို နိုင်လွန်စနဲ့ လုံအောင်ပတ်ပြီး အိပ်ထောင်ထဲထည့်တယ်။

ဝါးပလိုင်းကို သိုင်းလွယ်၊ ဖားရိုက်တုတ်ကိုင်ပြီး အိမ် ပေါ်ကဆင်းလိုက်ချိန်မှာ မိုးကဖွဲဖွဲ၊ ဖွဲဖွဲနဲ့ ရွာလာတယ်။

သောင်းကြွယ် သဘောကျပြီး ပြုံးတောင်ပြုံးလိုက်မိ တယ်......၊

ဒီလို လမိုက်ည၊ ဒီလို မိုးဖွဲဖွဲနဲ့ဆိုရင် ဖားက ရိုက်လို့အ ရမ်းကောင်းတယ်လေ။

မီးအုပ်အလင်းရောင် တွေ့တာတောင်၊ ဖားက ဘယ်မှ ထွက်မပြေးဘူး.....၊

ဗိုက်ဖြူဖြူပေး၊ စောင့်ကြောင့်ထိုင်၊ ငြိမ်နေတယ်။

သေပြေး ရှင်ပြေး၊ ခုန်ပေါက်မပြေးဘဲ ပေခံနေတယ်။

ဒီနေ့တော့ ကွင်းထဲမသွားဘဲ ဗျည်းညားလဗွေ ချောင်း တစ်လျှောက် ဖားရိုက်ထွက်ဖို့ သောင်းကြွယ် စိတ်ကူးလိုက် တယ်။

ကွင်းထဲမှာက ကလေးရော၊ လူကြီးရောဆိုသလို ဖား ရိုက်ထွက်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခဏာနေရင် ဖားမီးအုပ်တလက်လက်နဲ့ ဖားရိုက်ထွက်
ာတော့မယ်။

နောက်ပြီး သူလည်း သုံးညဆက်တိုက် ကွင်းထဲမှာ
ကဲ့ခဲ့ပြီးပြီ။

အဲ့ကြောင့် ချောင်းထဲကိုပဲ ခြေဦးလှည့်လိုက်တယ်။

သူ့အိမ်က ကော့စိန်ရွာအနောက်ဖျားမှာမို့ ချော ်းဖြတ်
ည်းလမ်းအတိုင်းလျှောက်ပြီး ချောင်းထဲဆင်းခဲ့တယ်။

မိုးဦးကျမို့ ချောင်းထဲမှာ ရေမများသေးဘူး။

ဟိုနားကွက်ကွက်၊ ဒီနားကွက်ကွက်တင်နေတဲ့ မိုးရေ
င်တွေနဲ့....၊

လူတစ်ခုန်လောက်ကျယ်တဲ့ ချောင်းရေစီးပဲရှိသေး
တယ်။

❖ ❖ ❖

သူ ချောင်းထဲဆင်းတာနဲ့ အတွေးမှန်တယ်လို့ ပြောရ
ယ်။

ချောင်းထဲမှာ သူ တစ်ယောက်တည်းပဲ ရှိတယ်၊

ဖားတွေဆိုတာလည်း ပေါလွန်းလို့ ကွင်းထဲမှာ လက်
ွတ်မခံရိုက်ခဲ့တဲ့ ကျော်စံကွေး၊ ဖားကြောင် အသေးစား တား



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကိုတောင် မရိုက်တော့ဘူး။

ဖားပေါင်စင်းနဲ့ မိုးဖားတွေပဲ ရိုက်တော့တယ်။

မိုးဖားဆိုတဲ့အကောင်တွေက ဘာ့ကြောင့်ရယ် မသိဘူး ရှားတယ်၊ အတွေ့ရနည်းတယ်။

အရောင်က မီးခိုးပြာရောင်ဖြစ်ပြီး အရသာက ကြ သားဟင်းနဲ့မလဲဘူးဆိုတဲ့ အရသာမျိုးမို့ ဈေးကောင်းရတယ်

ဒီည မိုးဖားတွေ တော်တော်များများရလို့ သောင်းကြည် ဝမ်းသာနေတယ်။

ဒီကြားထဲ သုံးလေးဆယ်သားလောက်ရှိမယ့် နှစ်ချိုဖား ပေါင်စင်းကြီးနှစ်ကောင်လည်းရတော့ အတိုင်းထက်အလွန် ဖြ သွားတယ်။

ချောင်းထဲမှာ သူဖားရိုက်တဲ့ 'ဖုန်း'၊ 'ဖုန်း'ဆိုတဲ့ အသံ မှန်မှန်ကြီးထွက်ပေါ်နေတယ်။

ဖားရိုက်သံတစ်ချက် ထွက်လာတာနဲ့ ဆူညံနေတဲ့ ဖား အော်သံတွေ တိခနဲ ရပ်သွားတယ်၊

ခဏနေတော့မှ ဆူဆူညံညံ ပြန်အော်ကြတယ်။

ရိုက်လိုက်၊ ပလိုင်းထဲထည့်လိုက်နဲ့ ဖားတွေ တော်တော် များများရနေပြီဆိုတာ သူကျောက သိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ.... ဖားတွေအများကြီးပဲ....."

ဖားမီးအုပ် အလင်းရောင်အောက်မှာ သူ့ဘက်မျက်နှာ ပြီး ဆောင့်ကြောင့်ထိုင်နေတဲ့ ဖားတွေရဲ့ဗိုက်ဖြူဖြူဘွေကို များအပြားတွေ့ရတယ်။

သူ ဝမ်းသာအားရ တရစပ်လိုက်ရိုက်တယ်။

တစ်ကောင်ရိုက် တစ်ကောင်ကောက် မဟုတ်သေးဘူး။

မြင်မြင်သမျှရိုက်ပြီးမှ မီးအုပ်နဲ့လိုက်ရှာပြီး ဝလုံ အောက်ထည့်နေရတယ်။

လောဘတကြီး လိုက်ရိုက်နေတာကြောင့် တစ်စထက် စ ညနက်လာတာကို သောင်းကြည် မတွေးမိဘူး။

ချောင်းရိုးအတိုင်း ခရီးတော်တော် ပေါက်ခဲ့ပြီဆိုတာ သည်း သူ သတိမမူမိဘူး။

ထူးထူးခြားခြား အသံတစ်ခုကိုကြားမှပဲ လောဘစိတ် ဘွ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီး......၊

ကြောက်လန့် ချောက်ချားတဲ့စိတ်တွေ သူ့ဦးနှောက်ထဲ လာတယ်။

ဟူးဟဲ့တယ်။

သူ့ရှေ့ ဝါးနှစ်ပြန်လောက်အကွာမှာ သူ့ကို ...ပိုင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေတဲ့ ဆံဖင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက်ကို ဘွာ
ခ... တွေ့လိုက်ရတယ်။

အဲဒီမိန်းမရဲ့ရှေ့မှာ မီးဖိုတစ်ဖိုရှိပြီး တစ်စုံတစ်ခုကို ကြော
လှော်နေတဲ့ပုံမျိုး တွေ့ရတယ်။

သောင်းကြည် ကြားရတဲ့အသံက အဲဒီမိန်းမ၊ တဖွဖွ
ရွတ် ပြောဆိုနေတဲ့အသံ ဖြစ်တယ်။

"သေစမ်း....၊ ပူစမ်း၊
သေအောင် ပူလောင်လိုက်စမ်း....."

အသံက ကြောက်စရာ အရမ်းကောင်းတယ်။

အမယ်အိုတစ်ယောက်ရဲ့ တုန်တုန်ချိချိအသံပေမဲ့ ဒေ
မီး တဟုန်းဟုန်းနဲ့ ကျိန်စာတိုက်နေတဲ့ အသံကြီး။

ကျိန်စာတိုက်ရင်း မီးဖိုပေါ်ကအိုးကို ယောင်းမလိုအ
နဲ့ မွှေနေတယ်။

"ဒီလို မှိုးဖွဲဖွဲရွာနေတဲ့ ညမှောင်မှောင်ကြီးထဲမှာ
ကြောက်အလန့်မရှိ ဘာလုပ်နေတာပါလိမ့်......"

ရုတ်တရက် သိချင်စိတ်ဖြစ်လာတယ်၊ သောင်းကြ
စောင်းငဲ့ကြည့်ဖို့ ဟန်ပြင်လိုက်တယ်။

အဲဒီအချိန်မှာ သူ့ကိုယ်နဲ့ ကာထားတဲ့မီးခုပ်က ယ

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။

မီးရောင်တွေက ရှေ့မှာထိုင်နေတဲ့ မိန်းမကြီးပေါ်ကို ကျရောက်သွားတယ်။

ဖျတ်ခနဲ မိန်းမအိုကြီးရဲ့မျက်နှာ သူ့ဘက်လှည့်လာတယ်.........။

"အား......"

သူ ထိတ်လန့်တကြား အော်ပစ်လိုက်တယ်။

❖ ❖ ❖

ဖားမီးအုပ် အလင်းရောင်အောက်မှာ ကြောက်လန့်ချောက်ချားစရာ၊ ရုပ်ပျက်ဆင်းပျက် မျက်နှာကြီး.....။

မျက်နှာတပြင်လုံး ဒဏ်ရာတွေဗရပွ ဖြစ်နေတယ်။

သွေးပျက်စရာကောင်းလောက်အောင် နီရဲတဲ့သွေးတွေ အလိမ်းလိမ်းပေကျံနေတယ်။

မျက်လုံးတစ်လုံးက အပြင်ဘက်မှာ တန်းလန်းကြီး ထွက်ကျနေတယ်။

ဖြဲဟလိုက်တဲ့ပါးစပ်ထဲမှာလည်း အစွယ်ကြီးနှစ်ချောင်းက ပြူးလို့........၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ သူ့အိမ်ကိုသူ ဘယ်လိုလုပ်ရောက်မှန်း မသိတော့ဘူး။

မီးအုပ်လည်း မပါတော့ဘူး၊

ဖားရိုက်တုတ်ကလည်း ဘယ်နေရာ ကျကျန်ခဲ့မှန်း မသိတော့ဘူး။

ဖားကွေ့အပြည့်နဲ့ ပလိုင်းကတော့ သိုင်းလွယ်ထားတာမို့ လူနဲ့တစ်ပါတည်း ပါလာတယ်၊

ညနက်သန်းခေါင်၊ အိမ်ပေါ် ဝုန်းဝုန်းဒိုင်းဒိုင်း ပြေးတက်လာတဲ့ ကိုသောင်းကြည်ကြောင့် တစ်အိမ်လုံး ဒအလန့်တကြား ဖြစ်ကုန်တယ်။

သောင်းကြည် အိမ်ခန်းထဲတန်းဝင်၊ စောင် ခေါင်းမြီးခြုံ ပုန်းတယ်။

"ကြောက်တယ်.... ကြောက်တယ်....၊

သရဲမကြီး...... သရဲမကြီး......"လို့ မရပ်မနားပြောနေတယ်၊

ကယောင်ချောက်ချား ရေရွတ်နေတယ်။

"ဖားရိုက်သွားရင်း ကွင်းပိုင်နဲ့တွေ့လာတာလား၊ သရဲခြောက်ခံရတာလား......၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့ တစ်ခုခုပဲ......"

သောင်းကြည်မိန်းမ မိစန်း တွေးမိတယ်၊

ဒီ့ကြောင့် ပယောဂဆရာကြီး ဦးကံပိုကို အမြန်ပြေးပင့်တယ်။

ဆရာကြီးရောက်လာပြီး မျက်နှာကို ရေမန်းနဲ့ ... သောင်းကြည် ငြိမ်သွားတယ်၊

ခဏအကြာမှာ ပုံမှန်အတိုင်း ဖြစ်သွားတယ်။

"ဖားက ဘယ်သွားရိုက်တာလဲ....."

ဆရာကြီးက မေးတယ်။

"ချောင်းတစ်လျှောက် လိုက်ရိုက်တာပါ....."

"ဘယ်နေရာမှာ သရဲခြောက်ခံရတာလဲ......"

"အရှေ့ဖျား ကညင်ပင်ကွေ့အနီးမှာ..."

"ဟော....."

သရဲခြောက်ခံရတဲ့နေရာကို ကညင်ပင်ကွေ့လို့ ပြောလိုက်တော့ ဆရာကြီးဆီက 'ဟော' ခနဲ အာမေဋိတ်သံ ထွက်သွားတယ်။

မျက်လုံးပြူး၊ မျက်ဆံပြူး အာ...တကြားလည်း ဖြစ်သွားပုံရတယ်......၊

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မင်းကိုခြောက်လိုက်တာ အောက်လမ်းသ
မယ်ခပဲ" လို့ ပြောလိုက်တယ်။

"မယ်ခ၊ မယ်ခ ခုထိမကျွတ်သေးဘူးကိုး....." လို့လ
ညည်းတွားလိုက်တယ်။

ဆရာကြီး ဦးကံပိုပြောတဲ့ မယ်ခဆိုတာကို သော
ကြည်ရော၊ သောင်းကြည်မိန်းမရော ဘယ်သူမှမသိဘူး၊
ကြားလည်း မကြားဖူးဘူး။

ဒါ့ကြောင့် ဆရာကြီးဦးကံပိုကို မေးကြည့်တယ်။

"ဒေါ်ခဆိုတာ ဒီရွာက ပညာသည်တစ်ယောက်ပေ
အောက်လမ်းပညာကို တော်တော်တတ်တယ်၊

သူနဲ့ မသင့်မြတ်တဲ့သူ၊ သူ့စိတ်နဲ့မတွေ့တဲ့သူဆိုရင်
ပညာနဲ့ ဖမ်းစားတော့တာပဲ။

ဖျားအောင်၊ နာအောင်၊ အသက်ဘေးအန္တရာယ် တစ်
ဖြစ်အောင် လုပ်တယ်၊

သူဖြုစားတာကိုသိလို့ တောင်းပန်မှ၊ ကန်တော့မှ ပ
ကိုပြန်နုတ်ပေးတယ်၊

တစ်ခါတုန်းက ရွာထဲမှာ တုတ်တုတ်ပြက်၊ ဓါးတပြက် ဖြ
ရန်ဖြစ်ပွားကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ရန်ဖြစ်ပွားတဲ့ အကြောင်းရင်းက ကြွေးမြီကိစ္စပါ။

ငွေတိုးပေးစားတဲ့ သူဌေးဦးကြူးနဲ့ သူ့ဆီကငွေချေးသူ ဆင်းရဲသားဦးလှိုင်တို့ရဲ့ ရန်ပွဲပေါ့....။

ဦးလှိုင်က သီးနှံတွေ ပျက်စီးကုန်တဲ့အတွက် ဒုက္ခ ရောက်ရတဲ့အကြောင်းနဲ့......၊

ငွေဆပ်ရမယ့်ရက်ကို နောက်တစ်လလောက် ဆုတ်ပေး ဖို့အကြောင်း တောင်းပန်တယ်။

သူထင်တာက တစ်နယ်လုံး တစ်ကွင်းလုံး ရေကြီးရေ လျှံဖြစ်ပြီး သီးနှံတွေပျက်စီးကုန်တာကို ဦးကြူးသိကယ်၊

လယ်သမား၊ ယာသမား အားလုံးလိုလို အတိဒုက္ခ ရောက်ကြတာကိုလည်း သိတယ်၊

ဦးကြူးအနေနဲ့ ငဲ့ညှာလိမ့်မယ်လို့ ထင်တယ်၊ ဒီ့ကြောင့် သွားပြီးတောင်းပန်တာ။

တကယ်တန်းကျတော့ အထင်နဲ့အမြင်က အလွဲကြီး လွဲနေတယ်။

သူတောင်းပန်တာကို ဦးကြူးက လုံးဝလက်မခံဘူး....၊ သူ့ငွေပြန်ဆပ်ဖို့ပဲ ပြောတယ်။

သူက ထပ်ပြီး အနူးအညွတ် မေတ္တာရပ်ခံတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း မရဘူး၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြန်ဆပ်ဖို့ပဲ ပြောတယ်......၊

"ဘာမှမရှိတာ၊ ဘယ်လိုလုပ်ပေးရမှာလဲဗျာ..." လို့ ဦးလှိုင်က အသနားခံတယ်။

"မင်းဘာသာ ခိုးလို့ဝှက်လို့ပဲ ရရ၊ ဓါးပြတိုက်လို့ပဲ ရရ၊ ငါ့ငွေ ပြန်ရဖို့သာလိုရင်းပဲ...." တဲ့.....။

ဦးကြူးက ပြောတယ်။

ဦးလှိုင်ဟာ ဦးကြူး မှိုချိုးမှစ်ချိုးပြောသမျှ ဘာတစ်ခွန်းမှ မတုံ့ပြန်ဘဲ ငုံ့ခံနေရှာတယ်။

ဒါပေမဲ့ ဦးကြူးရဲ့စကားတွေက တစ်စထက်တစ်စ နိုင့်ထက်စီးနင်းဖြစ်လာတယ်၊

ဦးလှိုင်ကို တိရစ္ဆာန်နဲ့ခိုင်းနှိုင်းပြီး အထက်စီးကနေ ရင့်ရင့်သီးသီးပြောတယ်၊

ဦးလှိုင်ဟာ ပထမတော့ သည်းခံနေတယ်၊

ဦးကြူးရဲ့စကားတွေ တဖြည်းဖြည်း တရားလွန်လာတဲ့ အချိန်မှာတော့ သူ့ရဲ့သည်းခံခြင်းအတိုင်းအတာက ကုန်ဆုံးသွားတယ်။

ဦးကြူးကို တုံ့ပြန်ပြောဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ အော်ကြီးဟစ်ကျယ် ဆဲကြဆိုကြ၊ စကားများကြ ရာကနေ တုတ်ဆွဲ ဓားဆွဲတဲ့အထိ ဖြစ်သွားတယ်။

ရပ်ကွက်လူကြီးတွေ အချိန်မီရောက်လာလို့သာ ဓား ခုတ်၊ တုတ်ရိုက်၊ သွေးထွက်သံယိုမှုတွေ မဖြစ်ခဲ့တာ....၊

ဘယ်လိုပဲဖြစ်ဖြစ်၊ တစ်ယောက်ကိုတစ်ယောက် ပြုံးသူ ရန်ဖက်တွေ ဖြစ်သွားကြတယ်။

ဦးလှိုင်ဟာ ရန်ခိုက်ဖြစ်ပွားရတဲ့အတွက် စိတ်မကောင်း ဖြစ်နေတယ်၊ နောင်တလည်း ရမိတယ်၊

ဒါ့ကြောင့် ရှိတဲ့လယ်တစ်ချို့တစ်ဝက်ကို ရောင်းပြီး ဦး ကြူးရဲ့အကြွေးကို ရွာလူကြီးတွေကနေတစ်ဆင့် အကြွေအလည် ပေးဆပ်လိုက်တယ်။

တောင်းပန်တဲ့စကားကိုလည်း လူကြုံပါးလိုက်တယ်၊

ရက်အတော်အတန် ကြာမြင့်တဲ့အချိန်မှာတော့ ဒီအဖြစ် အပျက်ကို မေ့ပျောက်သွားကြတယ်။

ကာယကံရှင်တွေ ကိုယ်တိုင်လည်း သွေးအေးသွားပြီ ပို့ တစ်ရွာလုံးက ထင်မှတ်လိုက်ကြတယ်။

ဒါပေမဲ့ ဒီအဖြစ်အပျက်ကိုမမေ့ဘဲ ကြိတ်မနိုင်ခဲမရ ဖြစ် သူကရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ငွေတိုးပေးစားတဲ့ သူဌေးဦးကြူးပါပဲ......

ဦးကြူးဟာ ဦးလှိုင်ကို သတ်ပစ်ချင်လောက်အောင် မုန်း
တီးနေတယ်၊ တနုံ့နုံ့တွေးရင်း ဒေါသမီးတွေ တမြည့်မြည့်လော
ကျွမ်းနေခဲ့တယ်၊

ဦးလှိုင်အပေါ် တစ်ခုခုထိခိုက်နစ်နာအောင် မလုပ်ရမချ
မကျေချမ်းနိုင်ဘူး။

ဘယ်လိုနည်းနဲ့ လုပ်ကြံရမလဲဆိုတာကို အချိန်နဲ့အ
ကြံစည်နေတယ်။

ဒီလိုနဲ့ အောက်လမ်းပညာသည် ဒေါ်ခနဲ့ပေါင်းပြီး ဦးလှိ
တို့မိသားစုကို အသေဆိုးနဲ့သေအောင် လုပ်ကြံဖို့ စီစဉ်လိုက်
တယ်။

တစ်နေ့မှာ ဦးလှိုင်တို့အိမ်ကို ဒေါ်ခရောက်လာတယ်

ဒေါ်ခက "လမ်းကြုံလို့ ဝင်လည်တာပါ" လို့ပြော
အိမ်ပေါ်ကို ပိုင်စိုးပိုင်နင်းတက်တယ်။

ဦးလှိုင်ရော သူ့မိန်းမပါ ဒေါ်ခကို ပျာပျာသလဲ ဧည့်
တယ်၊

ရေနွေးကြမ်း၊ ထန်းလျက်နဲ့လက်ဖက်တွေ တည်
ကျွေးမွေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခဟာ စာည်ခင်းညှော်ခံတဲ့ ထန်းလျက်နဲ့လက်ဖက်တွေစားပြီး ရေနွေးသောက်တယ်။

ခဏနေတော့ "အပေါ့အပါး သွားမယ်" ဆိုပြီး နောက်ဖေးဘက် ဆင်းသွားတယ်။

ပြီးတော့ အိမ်ပေါ်ပြန်တက်လာပြီး နှုတ်ဆက်ပြန်သွားတယ်။

ဦးလှိုင်တို့ လင်မယားဟာ ဒေါ်ခ အောက်လမ်းပညာသည်စုန်းမဆိုတာ သိတယ်။

နောက်ပြီး သူတို့အိမ်ကို မလာစေဘူး၊ အဘေဘထူးတဲ့အဖြစ်ကြောင့် ထိတ်လန့်တုန်လှုပ်ကြတယ်။

ဒေါ်ခ စိတ်ပြုငြင်စရာ၊ သူတို့ ဘာတစ်ခုမှ မလုပ်ခဲ့ဖူးဘူး.....၊

ဒေါ်ခနဲ့လည်း ဘာမှ မပတ်သက်ခဲ့ဖူးဘူး၊

"ဘာမှ မဖြစ်တန်ကောင်းပါဘူးလေ........." ဆိုတဲ့ အတွေးနဲ့ ဖြေသိမ့်မိတယ်။

ဘယ်လိုပဲဖြေသိမ့်ပေမဲ့ သူတို့ရင်ထဲမှာတော့ မပြောနိုင်တဲ့ ဘေးအန္တရာယ်ဆိုးတစ်ခု.....၊

ကျရောက်လာလေမလား ဆိုတဲ့ ချောက်ချားမှု တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ရင်ထဲမှာ သံသယဖြစ်ပေါ်လာတယ်။

သူတို့သံသယဖြစ်တဲ့အတိုင်း၊ စိုးရိမ်တဲ့အတိုင်းပါပဲ....၊

အဲဒီည သန်းခေါင်ယံလောက်မှာ ဦးလှိုင်တို့လင်မယား အိပ်ရာက လန့်နိုးလာတယ်.....။

သူတို့လန့်နိုးလာတာက ထူးခြားတဲ့ အသံတစ်သံတစ်ခု ကြောင့်ပါ။

အသံက အိမ်နောက်ဖေးက ထွက်လာတဲ့အသံ။

သစ်ပင်ကို ဓါးနဲ့ခုတ်နေတဲ့အသံ၊ ဓါးမနဲ့ အားရှိပါးရှိ လွှဲပြီး ခုတ်နေတဲ့အသံ။

"တဒုတ်ဒုတ်...... တဒုတ်ဒုတ်" မြည်နေတဲ့အသံ။

ဦးလှိုင် လက်နှိပ်ဓါတ်မီးဆွဲပြီး နောက်ဖေးဘက် ပြေး ဆင်းတယ်။

ခြံအနှံ့ လက်နှိပ်ဓါတ်မီးနဲ့ လိုက်ထိုးကြည့်တယ်.....၊

ဘယ်သူမှမရှိဘူး၊ မသင်္ကာဖြစ်စရာ ဘာမှလည်း မတွေ့ ရဘူး........။

အိမ်နောက်ဘက်ကပ်လျက် သရက်ပင်ကြီးရဲ့ ပင်စည် မှာလည်း ခုတ်ရာထစ်ရာ ဘာတစ်ခုမှမရှိဘူး၊

သစ်မှုန်သစ်စ၊ ဘာအစအနမှလည်း မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ခုတ်တဲ့အသံလည်း မကြားရတော့ဘူး၊ သူတို့လင်မယား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြတယ်......။

"ငါတို့ကြားရတဲ့အသံဟာ အိပ်မက် မဟုတ်ဘူးနော်" လို့လည်း ပြောမိကြတယ်။

အဲဒီနောက်မှာ ထူးခြားမှုတစ်စုံတစ်ရာမှ မတွေ့တာကြောင့်၊ သူတို့လင်မယား အိမ်ပေါ်ပြန်တက်ခဲ့တယ်။

အိပ်ရာထဲဝင်ခဲ့ပေမဲ့ အိပ်လို့မရဘဲ မျက်လုံးတွေကြောင်နေကြတယ်။

အဲဒီအချိန်မှာပဲ......၊

"ဒုတ်......"

"ဒုတ်......၊ ဒုတ်......"

သစ်ပင်ခုတ်တဲ့အသံတွေ ထင်ထင်ရှားရှား ထွက်ပေါ်လာပြန်တယ်၊

ခန့်မှန်းရသလောက် နောက်ဖေးကသရက်ပင်ကို ခုတ်နေတဲ့ အသံဆိုတာ သေချာတယ်။

ဒုတိယအကြိမ်မြောက် သူတို့လင်မယား ပြေးဆင်းကြည့်ပြန်တယ်။

ပေါ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း မသက်ာစရာရယ်လို့ ဘာတစ်ခုမှ မတွေ့ပြန်ဘူး.......၊

သူတို့အိမ်ပေါ် ပြန်တက်သွားတာနဲ့ သစ်ပင်ခုတ်သံတွေကလည်း ပြန်ပြီးထွက်ပေါ်လာတယ်၊

ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်ကြောင့် ဦးလှိုင်တို့ လင်မယားနှစ်ယောက်စလုံး ကြောက်လန့်လာတယ်။

အိပ်လို့လည်း မရတော့ဘူး။

သစ်ပင်ခုတ်သံက တဒုန်းဒုန်း ကျယ်လောင်လာတယ်၊ သူတို့အောက်ဆင်းပြီး မကြည့်ရဲတော့ဘူး၊

အချိန်ကြာလာတာနဲ့အမျှ သစ်ပင်ခုတ်သံတွေ ပိုပြီး ကျယ်လောင်လာတယ်။

သစ်ပင်ကြီး ပြိုလဲကျတော့မလို အသံတွေလည်း တဖျစ်ဖျစ်၊ တဖြောင်းဖြောင်း မြည်လာတယ်။

နံနက်ခင်း အရုဏ်တက်ခါနီးအချိန်မှာတော့ ကြောက်မက်ဖွယ် ဝုန်းခနဲ အသံကြီးကို ကြားလိုက်ကြရတယ်။

တစ်ရွာလုံး လန့်နိုးသွားတယ်။

အသံကြားတဲ့ဆီကို အပြေးအလွှား ရောက်သွားကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ သရက်ပင်ကြီးပိပြီး မြေပေါ် ပြားပြားဝပ်ပြိုကျသွားတဲ့ ဦးလှိုင်တို့အိမ်ကို တွေ့ကြရတယ်။

ဦးလှိုင်၊ သူ့ရဲ့မိန်းမနဲ့ သုံးနှစ်အရွယ် ကလေးတစ်ယောက်ကိုလည်း သစ်ပင်ပိတဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ မရှုမလှ သေဆုံးနေတာ တွေ့ကြရတယ်။

ဦးလှိုင်တို့မိသားစုတစ်ခုလုံး သစ်ပင်ပိပြီး သေဆုံးသွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး တစ်ရွာလုံးနားမလည်တဲ့ ပဟေဠိတွေ ကျန်ခဲ့တယ်....။

သရက်ပင်ကြီးရဲ့ ပင်စည်၊ မြေပြင်အထက် နှစ်ပေလောက်မှာ မပြတ်မချင်းခုတ်ထစ်ထားတဲ့ ဓားချက်ဒဏ်တွေ့တယ်။

ဒီဓါးချက်တွေကြောင့် သရက်ပင်ကြီး လဲသွားတာ...၊

ဒီသရက်ပင်ကိုခုတ်တာ ဦးလှိုင်တော့ မဖြစ်နိုင်ဘူး။ သူက အိပ်ရာထဲမှာရှိနေတယ်၊

ဦးလှိုင်ခုတ်တာမဟုတ်ရင် ဘယ်သူခုတ်တာလဲ...၊

အခြားလူခုတ်နေတာဆိုရင်လည်း ဦးလှိုင် ဘာ့ကြောင့် မသိတာလဲ.......၊

အဖြေမရှိတဲ့ ပဟေဠိတွေက အများကြီး.......။



www.burmeseclassic.com

www.burmeseclassic.com



ခြံချင်းကပ်လျက်အိမ်ကလည်း......

"ဦးလှိုင်တို့လင်မယားကို ညကတွေ့ရပုံက တော်တော် ထူးဆန်းတယ်၊

အိမ်အောက်ကို ကမန်းကတန်းပြေးဆင်းပြီး၊ လက်နှိပ် ဓါတ်မီးနဲ့ တစ်ခြံလုံးလှည့်ထိုးနေတယ်၊ တစ်ခုခု၊ မသင်္ကာစရာ အသံကြားလို့ ရှာနေဖွေနေတဲ့ပုံပဲ........၊

ပြီးတော့ ဘာမှမတွေ့တဲ့ပုံနဲ့ အိမ်ပေါ်ပြန်တက်သွားကြ တယ်၊

ဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့ တစ်ခုခုတော့သိခဲ့၊ မြင်ခဲ့ကြ ပုံပဲ......" လို့ ပြောတယ်။

"သစ်ပင်ခုတ်သံ ကြားသ.ဘား" ဆိုတဲ့အမေးကို၊

"ဘာသံမှ မကြားရဘူး" လို့ ပြောတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ပဟေဠိတွေရဲ့အဖြေကိုတော့ မကြာ ခင်မှာပဲ သိလိုက်ကြရတယ်။

အကြောင်းကတော့ သရက်ပင်ခြေရင်းမှာ တွေ့ရတဲ့ အ ရုပ်လေး တစ်ရုပ်ကြောင့်ပါ။

အဲဒီအရုပ်ရဲ့လက်ထဲမှာ ဓါးလေးတစ်ချောင်းလည်း ကိုင် ထားကယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအရပ်ကိုတွေ့တာနဲ့.....၊

"မနေ့က ဦးလှိုင်တို့အိမ်ကို ဒေါ်ခကြီးဝင်သွားတာ တွေ့တယ်....." ဆိုတဲ့ အိမ်နီးချင်းရဲ့စကားကို ဆက်စပ်ကြည့်လိုက်တော့....၊

ဦးလှိုင်တို့တစ်မိသားစုလုံး အသေဆိုးနဲ့သေရ လက်သည်တရားခံဟာ အောက်လမ်းစုန်းမကြီး ဒေါ်ခရဲ့လက်ချက်ဆိုတာ ထင်ရှားသွားတယ်။

ဒါပေမဲ့ ဦးလှိုင်တို့မိသားစုနဲ့ ဒေါ်ခ၊ ဘာပြဿနာမှ မရှိတဲ့အတွက် ပထမတော့ နားမလည်ကြဘူး။

နောက်မှ သူဌေးကြီးဦးကြူးက ငွေပေးပြီးခိုင်းလို့ ဒေါ်ခက သူ့ရဲ့အောက်လမ်းစုန်းပညာနဲ့ လုပ်လိုက်တယ်ဆိုတာ သဘောပေါက်သွားကြတယ်......။

ဒီတော့မှ......၊

ဒေါ်ခဟာ တစ်ယောက်နဲ့ တစ်ယောက် မုန်းတီးလို့ ဒုက္ခရောက်အောင် လုပ်ပေးပါဆိုရင်လည်း ငွေကြေးယူပြီး လုပ်ပေးတတ်သေးတယ်ဆိုတာ သိသွားတယ်။

ဒါ့ကြောင့် တစ်ရွာလုံးက ရွံကြောက်ကြီး ကြောက်နေကြရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်နေတယ်။

တကယ့်ကို မီးတွေလောင်နေတဲ့အတိုင်း ခံစားနေရတယ်၊

ပိုပြီးထူးဆန်းတာက ခန္ဓာကိုယ်တစ်ခုလုံးမှာ မီးလောင်ဖုတွေ ရုတ်ချည်း၊ ချက်ချင်း ထွက်ပေါ်လာတယ်။

မီးလောင်ဖုတွေက အကွက်လိုက်၊ အကွက်လိုက် ပေါက်ပြီး အရည်ပူဖောင်းကြီးတွေ ထလာတယ်။

ပူဖောင်းတွေလည်း ပေါက်သွားရော၊ အရည်ဘွဲ့ရွဲ အသားနီတွေလန်ပြီး မီးလောင်အနာကြီးတွေ ဖြစ်လာဘယ်။

ဒါ ဘာ့ကြောင့်ဖြစ်တာလဲ၊ ဗေဒင်မေးစရာ မလိုဘူး၊

ဒေါ်ခ လက်ချက်ပဲဆိုတာ တန်းသိတယ်။

ဒါနဲ့ စိုက်ခင်းပိုင်ရှင်ရဲ့ ညီအစ်ကိုတွေစုပြီး တုတ်ဓါးလက်နက်ကိုယ်စီနဲ့ ဒေါ်ခအိမ် သွားဝိုင်းတယ်။

ဒေါ်ခကို အိမ်မှာမတွေ့ရဘူး၊

စုံစမ်းကြည့်တော့ အိုးကင်းတစ်ခုရွက်ပြီး ချောင်းဘက်ထွက်သွားတယ်ဆိုတာ သိရတယ်။

အိုးကင်းဆိုတာက ရေအိုးပင်ပိုင်းကို ဖြတ်ထားတဲ့ဘာ၊ မီးဖိုပေါ်တင်ပြီး ဒယ်အိုးလို သုံးလို့ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်နေတယ်။

တကယ့်ကို မီးတွေလောင်နေတဲ့အတိုင်း ခံစားနေရတယ်၊

ပိုပြီးထူးဆန်းတာက ခန္ဓာကိုယ်တစ်ခုလုံးမှာ မီးလောင်ဖုတွေ ရုတ်ချည်း၊ ချက်ချင်း ထွက်ပေါ်လာတယ်။

မီးလောင်ဖုတွေက အကွက်လိုက်၊ အကွက်လိုက် ပေါက်ပြီး အရည်ပူဖေါင်းကြီးတွေ ထလာတယ်။

ပူဖေါင်းတွေလည်း ပေါက်သွားရော၊ အရည်ရွှဲရွှဲ အသားနီတွေလန်ပြီး မီးလောင်အနာကြီးတွေ ဖြစ်လာတယ်။

ဒါ ဘာ့ကြောင့်ဖြစ်တာလဲ၊ ဗေဒင်မေးစရာ မလိုဘူး၊

ဒေါ်ခ လက်ချက်ပဲဆိုတာ တန်းသိတယ်။

ဒါနဲ့ စိုက်ခင်းပိုင်ရှင်ရဲ့ ညီအစ်ကိုတွေစုပြီး တုတ်ဓါးလက်နက်ကိုယ်စီနဲ့ ဒေါ်ခအိမ် သွားဝိုင်းတယ်။

ဒေါ်ခကို အိမ်မှာမတွေ့ရဘူး၊

စုံစမ်းကြည့်တော့ အိုးကင်းတစ်ခုရွက်ပြီး ချောင်းဘက် ထွက်သွားတယ်ဆိုတာ သိရတယ်။

အိုးကင်းဆိုတာက ရေအိုးပင်ပိုင်းကို ဖြတ်ထားတဲ့အိုး၊ မီးဖိုပေါ်တင်ပြီး ဒယ်အိုးလို သုံးလို့ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ချောင်းထဲ ဆက်လိုက်ကြတယ်။

ကညင်ပင်ကွေ့မှာ ဒေါ်ခကိုတွေ့တယ်။

သူတို့တွေ့တဲ့အချိန်မှာ ဒေါ်ခက မီးဖိုပေါ်မှာ အိုးကင်းကို တင်ပြီး တစ်ခုခုကို လှော်နေတယ်။

တုတ်တစ်ချောင်းနဲ့ မွှေပေးနေတယ်။

သူလှော်နေတဲ့ဟာကို ကြည့်လိုက်တော့ အဝတ်စနဲ့လုပ် ထားတဲ့ အရုပ်လေးတစ်ရုပ်။

မီးဖိုပေါ်က အိုးကင်းထဲထည့်ပြီး အလှော်ခံနေရတာ ကြောင့် အရုပ်ကလေးက မည်းတူးနေတယ်။

အဝတ်စ မီးလောင်တဲ့ညှော်နံ့တွေ ထွက်နေတယ်။

အရုပ်ကလေးကို လှော်ရင်း၊ မွှေရင်း ဒေါ်ခနှုတ်ကလည်း " သေစမ်း....၊ ပူစမ်း၊ လောင်စမ်း....."လို့ တဖွဖွရွတ်ရင်း ကျိန် စာတွေ တိုက်နေသတဲ့.......။

လိုက်ရှာတဲ့သူတွေကလည်း သူတို့အစ်ကိုဖြစ်တာ ဒေါ် ခလက်ချက် သေချာတယ်ဆိုပြီး အဲဒီနေရာမှာပဲ ဓားတွေတုတ် တွေနဲ့ ဝိုင်းခုတ်၊ ဝိုင်းရိုက် သတ်ဖြတ်လိုက်ကြသတဲ့။

ခေတ်ကလည်း ဂျပန်တပ်တွေဝင်ကာစ၊ အင်္ဂလိပ်တွေ ထွက်ပြေးဖို့လုပ်နေတဲ့ ခေတ်ပျက်ခေတ်ဆိုး ကာလကြီးမို့တော့



www.burmeseclassic.com

www.burmeseclassic.com



အမှုတွေ ဘာတွေတောင် မဖြစ်လိုက်ဘူး။

နောက်တော့ ဒေါ်ခကိုသတ်တဲ့ညီအစ်ကိုတွေလည်း ရွာကနေ အပြီးပြောင်းရွှေ့သွားကြတယ်။

သူတို့နဲ့ပတ်သက်တဲ့ သတင်းတွေလည်း စုပ်စမြုပ်စ မြုပ်သွားခဲ့တယ်။

အဲဒီအချိန်ကစပြီး ကညင်ပင်ကြွမှာ ခြောက် ပိုက်တဲ့ သရဲဒေါ်ခ...၊

ဘယ်သူမှ မသွားရဲကြဘူး။

နောင် နှစ်တွေတော်တော်ကြီးကြာမှ သရဲဒေါ်ခကလည်း ခြောက်လို့ မေ့မေ့ပျောက်ပျောက်ဖြစ်ပြီး သွားရဲလာကြတာ။

အောက်လမ်းသရဲ ဒေါ်ခကိုလည်း ကျွတ်သွား၊ လွတ် သွားပြီ ထင်ခဲ့ကြတယ်။

အခု ပြန်ပေါ်လာမှပဲ ဒေါ်ခတစ်ယောက် မကျွတ်မလွတ် ဘဲ တစ္ဆေသရဲဘဝမှာ ရှိနေတုန်းဆိုတာ သိရတယ်....''

''အဲဒီအဖြစ်အပျက်တွေက ဘယ်လောက်ကြာခဲ့ပြီလဲ ဆရာကြီး......''

''ကြာပြီပေါ့ကွယ်၊ ဆရာကြီးတောင် ငယ်ငယ်ပဲရှိသေး တယ်.....၊

www.burmeseclassic.com



မင်းတို့မပြောနဲ့ မင်းတို့အဖေအမေတောင် လူလော
ရောက်ဦးမှာ မဟုတ်ဘူး...”

“အဲ့ကြောင့် ဒီအကြောင်းတွေ ကျွန်တော်တို့ မကြား
တာကိုး.....”

“အေး... အေး....၊

ရှိမှန်းသိပြီဆိုတော့ နောင် သတိ၊ ဝီရိယနဲ့နေ...၊

အသွားအလာ ဆင်ခြင်ကြပေါ့ကွာ၊ ဟုတ်လား.......”

သောင်းကြည် လူကောင်းပကတိပြန်ဖြစ်သွားတာနဲ့
ရာကြီးဦးကံပို ပြန်လာခဲ့တယ်၊ အိမ်အပြန်လမ်းမှာတော့....၊

ရခဲလှတဲ့လူ့ဘဝကို ကံအားလျော်စွာ ရောက်ခဲ့၊ ရခဲ့
တောင်....၊

ယုတ်မာညစ်ညမ်းတဲ့ မကောင်းစိတ်မွေးပြီး......၊

အကုသိုလ်တွေနဲ့ ရစ်ပတ်လုံးထွေးခဲ့သူ အောက်လ
အေါ၊

ကိုယ်ပြုတဲ့ကံ၊ ကိုယ့်ထံပြန်လာပြီး......၊

အဖေသဆိုးနဲ့ သေပွဲကြုံခဲ့ရတဲ့ အောက်လမ်းစုန်းမ
တစ်ယောက်.....၊

နောင် နှစ်တွေ ဘယ်လောက်ကြာသည့်အထိ မကော

www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါး သရဲတစ္ဆေဘဝနဲ့ ရှိနေဦးမှာလဲ.....၊

ဘယ်သောကာလမှ အောက်လမ်း သရဲမဘဝက လွတ်မြောက်နိုင်မှာလဲ......၊

အတွေး နယ်ချဲ့နေမိပါတော့တယ်...။ ။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



# ထူးခြားဆန်းပြား လူ့ဝင်စား

## လူဝင်စားမလေး ကြည်ကြည်.....

ကျိုက်ထိုမြို့မြောက်ပိုင်း၊ ကံဦးကျောင်းပိုင်းမှာ ဦးစိန်မောင်၊ ဒေါ်သိန်းရွှေဆိုတဲ့ ဇနီးမောင်နှံနှစ်ယောက် ရှိတယ်.....၊

သူတို့မှာ သမီးလေးတစ်ယောက် ရှိတယ်.....၊

သမီးလေးရဲ့နာမည်က 'ကြည်ကြည်' တဲ့......။

ဦးစိန်မောင်တို့ ဇနီးမောင်နှံ နှစ်ယောက်စလုံးဟာ သမီးလေးကြည်ကြည်ကို လူဝင်စားမလေးလို့ ယုံကြည်ကြတယ်၊

ဘာ့ကြောင့်လည်းဆိုတော့ ကြည်ကြည်ရဲ့ ညာဘက်သက်ဖျံ အတွင်းဘက်မှာ ကြက်တစ်ကောင်ပျံနေတဲ့ ပုံသဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့မပြောနဲ့ မင်းတို့အဖေအမေတောင် လူ့လော
ရောက်ဦးမှာ မဟုတ်ဘူး...''

''အဲ့ကြောင့် ဒီအကြောင်းတွေ ကျွန်တော်တို့ မကြား
တာကိုး.....''

''အေး... အေး....၊

ရှိမှန်းသိပြီဆိုတော့ နောင် သတိ၊ ဝီရိယနဲ့နေ...၊

အသွားအလာ ဆင်ခြင်ကြပေါ့ကွာ၊ ဟုတ်လား.......

သောင်းကြည် လူကောင်းပကတိပြန်ဖြစ်သွားတာနဲ့
ရာကြီးဦးကံပို ပြန်လာခဲ့တယ်၊ အိမ်အပြန်လမ်းမှာတော့....၊

ရခဲလှတဲ့လူ့ဘဝကို ကံအားလျော်စွာ ရောက်ခဲ့၊ ရခဲ့
တောင်....၊

ယုတ်မာညစ်ညမ်းတဲ့ မကောင်းစိတ်မွေးပြီး......၊

အကုသိုလ်တွေနဲ့ ရစ်ပတ်လုံးထွေးခဲ့သူ အောက်လ
အေါ၊

ကိုယ်ပြုတဲ့ကံ၊ ကိုယ့်ထံပြန်လာပြီး......၊

အဖေသဆိုးနဲ့ သေပွဲကြုံခဲ့ရတဲ့ အောက်လမ်းစုန်းမ
တစ်ယောက်.....၊

နောင် နှစ်တွေ ဘယ်လောက်ကြာသည်အထိ မကော

www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားဆန်းပြားလူဝင်စား

ချစ်သူခင်သူတွေ
ကွယ်လွန်သွားတဲ့အခါ
ဆွေမျိုးတွေထဲမှာ
ပြန်ပြီးလူဝင်စားဖြစ်ပါစေ.......၊
နောက်ဘဝမှာ ပြန်ပြီး
ဆုံတွေ့ပါရစေလို့
ဆုတောင်းတတ်ကြတယ်။
ဒီလိုဆုံတွေ့တဲ့အခါမှာ
မှတ်မိအောင်ဆိုပြီး
အမှတ်အသားတစ်ခုခု
ပြုလုပ်ပေးလိုက်လေ့ ရှိတယ်။

www.burmeseclassic.com

မိုးတိမ်ဆွေစာပေ

www.burmeseclassic.com



# ထူးခြားဆန်းပြား လူ့ဝင်စား

## လူ့ဝင်စားမလေး ကြည်ကြည်.....

ကျိုက်ထိုမြို့မြောက်ပိုင်း၊ ကံဦးကျောင်းပိုင်းမှာ ဦးစိန်မောင်၊ ဒေါ်သိန်းရွှေဆိုတဲ့ ဇနီးမောင်နှံနှစ်ယောက် ရှိတယ်.....၊

သူတို့မှာ သမီးလေးတစ်ယောက် ရှိတယ်.....၊

သမီးလေးရဲ့နာမည်က 'ကြည်ကြည်' တဲ့......။

ဦးစိန်မောင်တို့ ဇနီးမောင်နှံ နှစ်ယောက်စလုံးဟာ သမီးလေးကြည်ကြည်ကို လူ့ဝင်စားမလေးလို့ ယုံကြည်ကြတယ်၊

ဘာ့ကြောင့်လည်းဆိုတော့ ကြည်ကြည်ရဲ့ ညာဘက်ဆက်ဖျံ အတွင်းဘက်မှာ ကြက်တစ်ကောင်ပျံနေတဲ့ ပုံသဏ္ဍာန်



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မည်းတစ်ခု မွေးကတည်းကပါလာလို့ပါ။

မြန်မာလူမျိုးတွေက ချစ်သူခင်သူတွေ ကွယ်လွန်သွား တဲ့အခါ ဆွေမျိုးတွေထဲမှာ ပြန်ပြီးလူဝင်စားဖြစ်ပါစေ.......၊

နောက်ဘဝမှာ ပြန်ပြီး ဆုံတွေ့ပါရစေလို့ ဆုတောင်း တတ်ကြတယ်။

ဒီလိုဆုံတွေ့တဲ့အခါမှာ မှတ်မိအောင်ဆိုပြီး အမှတ် သားတစ်ခုခု ပြုလုပ်ပေးလိုက်လေ့ ရှိတယ်။

ဒီလိုပြုလုပ်တဲ့အခါ အလွယ်တကူ မြင်နိုင်၊ တွေ့နိုင် နေရာမှာ ပြုလုပ်ကြတယ်။

အများအားဖြင့် သင်္ကေတ အမှတ်အသားတွေကို လ နဲ့ ခြေထောက်တွေမှာ ပြုလုပ်ပေးတတ်တယ်။

မျက်နှာပြင်မှာ မှတ်သားတာကိုတော့ ရှောင်တယ်။

ဘာ့ကြောင့်လည်းဆိုတော့ နောက်ဘဝ၊ လူဝင်စား ဖြစ်လာရင် မျက်နှာပေါ်မှာ အမှတ်ကြီးနဲ့ဆိုတော့ အကြည့်ရ မှာ၊ ရုပ်ဆိုးပန်းဆိုးဖြစ်မှာ စိုးရိမ်လို့ဖြစ်ပါတယ်။

(အတိတ်ဘဝက ဥပစ္ဆေဒကကံဖြစ်တဲ့ တုတ်၊ ဓား နတ်တွေနဲ့ သေဆုံးပြီး လူ့ဘဝပြန်ရောက်လာတဲ့ လူဝင်စားအ မှာ.....၊



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဘဝက သူ့ရဲ့ခန္ဓာကိုယ်မှာရခဲ့တဲ့ ဓားဒဏ်ရာ၊ သေနတ်ဒဏ်ရာတွေဟာ ယခုဘဝမှာလည်း နေရာမလွဲဘဲ၊ တစ်ဆပ်တည်းပါလာတာကို အံ့ဩစရာကောင်းအောင် တွေ့ ကြရတယ်.....)

အခုလည်း လက်ဖျံမှာ ကြက်ပျံနေတဲ့ပုံ အမှတ်အသား ...ဟာလို့ လူ့ဝင်စားအဖြစ် သတ်မှတ်ခံထားရတဲ့ ကြည်ကြည်ဟာ..........၊

စကားလေးတွေ တွတ်တီးတွတ်တာ ပြောတတ်တဲ့ အချိန်မှာ ပိုပြီး သိသာလာတယ်။

အရွယ်နဲ့မလိုက်တဲ့ စကားကြီးစကားကျယ်တွေ ပြောတယ်.....၊

ကလေးတို့ ပြောနေကျ၊ ဆိုနေကျမဟုတ်တဲ့ ထူးထူးဆန်းဆန်း စကားတွေပြောတယ်၊

ဒါကြောင့် ကြည်ကြည့်ကို လူကြီးသေလို့ဝင်စားလာတာဖြစ်မယ်လို့ ခန့်မှန်းကြပြန်တယ်။

လူ့ဝင်စားမလေးကြည်ကြည်မှာ ထူးခြားတဲ့စရိုက်၊ သဘာဝတစ်ခုလည်း ရှိသေးတယ်။

အဲဒါက ဒေါသကြီးတဲ့၊ စိတ်ကြီးတဲ့ စရိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



နို့စို့အရွယ်ကတည်းက အလိုမကျလို့ငိုရင် တက်သွားတဲ့အထိ ငိုတတ်တယ်၊

လေးဖက်သွားတဲ့ အရွယ်၊ လမ်းစလျှောက်တဲ့အရွယ်ရောက်လာတော့လည်း လိုချင်တာရမှ၊

သူလိုတာမရရင် အတင်းလုယူတာ၊ ဖျက်ဆီးပစ်တာတွေ လုပ်တယ်၊

အဲဒီလိုမှ မလုပ်လိုက်ရရင်၊ သူ့လက်သူ သွားရာကြီးအကွင်းလိုက်ပေါ်အောင် ကိုက်ပစ်တော့တာပဲ။

နောက်ပြီး ယောကျ်ားလေး၊ မိန်းကလေး၊ ကြီးသူ၊ ရွယ်တူ ဘယ်သူ့ကိုမှ ကြောက်တယ်၊ လန့်တယ်ဆိုတာ မရှိဘူး.....၊

တုဖက်ပြိုင်ခဲ့တာ ချည်းပဲ။

တစ်ခါက ကျောင်းမှာ ယောကျ်ားလေးတစ်ယောက်နဲ့ ရန်ဖြစ်တယ်၊

ကြည်ကြည်က ကျောက်သင်ပုန်းနဲ့ ခုတ်ပစ်လို့ ကောင်လေး ထိပ်ပေါက် ခေါင်းကွဲဖြစ်သွားတယ်။

ဦးစိန်မောင်တို့လင်မယား ကျောင်းအုပ်ကြီးဆီပြေးပြီး တောင်းပန်ရ၊ ကျောင်းသားမိဘအိမ်ပြေးပြီး တောင်းပန်ရနဲ့ ဗျာများခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကလည်း ကျောင်းကဈေးဆိုင်မှာ ဆနွင်းမကင်း မုန့် ဝယ်စားတယ်၊

ဈေးသည်အဒေါ်ကြီးက ပိုက်ဆံမပေးရသေးဘူးလို့ ပြောတယ်၊

ကြည်ကြည်က ပိုက်ဆံပေးပြီးပြီလို့ ပြောတယ်၊

ဈေးသည်အဒေါ်ကြီးက ကြည်ကြည့်ကို အထက်စီးက ပြီး ပြောတယ်၊

ကြည်ကြည် ဘာမပြော၊ ညာမပြော မုန့်လှီးတဲ့ဓါးကို ဆတ်ခနဲ ကောက်ကိုင်လိုက်တယ်။

လက်ထဲဓါးရောက်တာနဲ့ ဆနွင်းမကင်း တစ်ပန်းကန် သုံးကို ဓါးနဲ့ ထိုးဆွ၊ ချေမွပစ်လိုက်တယ်။

ဦးစိန်မောင်တို့လင်မယား၊ မုန့်သည်ကို တောင်းပန်ပြီး အလျော်ပေးလိုက်ရပြန်တယ်၊

ဒီလို၊ ဒီလို အဖြစ်အပျက်တွေက ခဏခဏဖြစ်တော့ ကြည်ကြည် နာမည်တွေထပ်ရပြန်တယ်၊

စွာတေးလန်မ........၊

အာဇာနည်မ.......တဲ့။

တစ်နေ့ ကြည်ကြည် ကျောင်းကပျောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ/ ဆရာမတွေက ကြည်ကြည့်မိဘတွေကို အကြောင်းကြားတယ်၊

အိမ်မှာ ဦးစိန်မောင် မရှိဘူး၊ ဒေါ်သိန်းရွှေ စိုးရိမ်တကြီး ကျောင်းကို ပြေးသွားတယ်၊

ဆရာ/ ဆရာမတွေနဲ့အတူ လိုက်ရှာကြတယ်၊

ကျိုက်ထို မီးရထားဘူတာရုံထဲမှာ ကြည်ကြည့်ကို တွေ့တယ်.......၊

အဲဒီအချိန်မှာ မော်လမြိုင်ရထား ဝင်လာတယ်၊ ကြည်ကြည်ဟာ ရထားပေါ်က ဆင်းလာတဲ့လူတွေကြား တိုးဝှေ့နေတယ်၊

ပြီးတော့ မီးရထားဌာန ဝတ်စုံဖြစ်တဲ့ အကျႌအဖြူ ဘောင်းဘီနက်ပြာ ဝတ်ထားသူတွေရဲ့မျက်နှာကို မော့ကြည့်နေတယ်.......၊

ကြည်ကြည် ဘာတွေလျှောက်လုပ်နေတာလဲ.....၊

ဘယ်သူမှ နားမလည်ကြဘူး၊ ဒါ့ကြောင့် မေးကြည့်တယ်၊

"သမီး......၊ ဘာတွေလျှောက်လုပ်နေတာလဲ၊

ဘူတာကို ဘာလုပ်ဖို့သွားတာလဲ........"

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီးယောက်ျားကို လာရှာတာ........"

ဝိနှစ်အရွယ် ကြည်ကြည့်အဖြေကြောင့် အားလုံး အံ့အားသင့်သွားကြတယ်.........။

"ဘာရယ်..... သမီး......၊

ဘာပြောတာလဲ......"

သချာအောင် ထပ်မေးကြတယ်။

"သမီးယောက်ျားက ရထားလက်မှတ်စစ်လေ......၊

ဒီရထားနဲ့ အမြဲလိုက်နေကျ၊ အဲ့ကြောင့် လာရှာတာ...."

ငယ်ငယ်ကတည်းက လူ့ဝင်စားလို့ ယုံကြည်လက်ခံထားတာဖြစ်လို့ ကြည်ကြည့်ကို မဆူမငေါက်ဘဲ ဆက်ပြီးမေးကြည့်ကြတယ်။

"ဟိုဘက်ဘဝက သမီးယောက်ျားရဲ့နာမည်က ဘယ်သူတဲ့လဲ......"

ကြည်ကြည်ကလည်း မဆိုင်းမတွ၊ ရဲရဲတင်းတင်းပဲ ပြန်ဖြေတယ်....။

"ကိုညွန့်တင်ပါ....."

"မီးရထားလက်မှတ်စစ်ဆိုတာ အဟုတ်လား......."

"ဟုတ်တယ်၊ သမီး သူ့ကိုသတိရတယ်.......၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး သမီးလေးနှစ်ယောက်ကိုလည်း သတိရ
တယ်....၊

အငယ်လေးရဲ့ခြေထောက်မှာ ရေနွေးပူတွေ လောင်
ထားတယ်၊ မပျောက်သေးဘူး......."

"ရေနွေးပူက ဘာလို့လောင်တာလဲ...."

"ဓါတ်ဘူးကို သွားဆွဲတာလေ.....၊ ဓါတ်ဘူးမှောက်ပြီး
ရေနွေးပူလောင်တာ....."

"သမီးလေးတွေရဲ့နာမည်ကို မှတ်မိလား....."

ကြည်ကြည် တွေငေးငေး ဖြစ်သွားတယ်......၊ မျက်
မှောင်လေးကြုံ့ပြီး စဉ်းစားတယ်၊ ပြီးတော့ ခေါင်းလေးခါယမ်းပြီး
ပြောတယ်။

"မ.....မှတ်.....မိ...ဘူး........"

"အရင်က သမီးတို့ ဘယ်မြို့မှာနေတာလဲ......."

လူကြီးတွေက ထပ်မေးကြည့်တယ်။

ဒီမေးခွန်းကိုလည်း ကြည်ကြည် မဖြေနိုင်ဘူး၊

ဘယ်လိုပဲဖြစ်ဖြစ် ကြည်ကြည် လူဝင်စားဆိုတာကို ရ
ကွက်ထဲမှာ လူပြောသူပြောများလာတယ်။

ကြည်ကြည့်ရဲ့ အတိတ်ဘဝကအကြောင်းတွေကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အချိန် ကောက်မေးမေး၊ ဘယ်သူက မေးမေး.....၊

ကြည်ကြည်ကတော့ ဒီအတိုင်းပဲ ပြောတယ်၊

တစ်ရက်မှာ ဦးစိန်မောင် ကျိုက်ထိုဘူတာကို ရောက်သွားတယ်၊

ဘူတာက ဝါရင့် လက်မှတ်စစ်တစ်ယောက်ကို မေးကြည့်တယ်။

"ဟိုးတုန်းက ဦးညွန့်တင်ဆိုတဲ့ မီးရထားလက်မှတ်စစ်တစ်ယောက်ကို ကြားဖူး၊ တွေ့ဖူးလား........၊

လွန်ခဲ့တဲ့ ငါးနှစ်ကျော်၊ ခြောက်နှစ်၊ ခုနစ်နှစ်လောက်ကပေါ့....."

"ရှိတယ်၊ မီးရထားလက်မှတ်စစ်တွေထဲမှာ ကိုညွန့်တင်ဆိုတဲ့နာမည်နဲ့ နှစ်ယောက်၊ သုံးယောက်လောက် ဟိုးတုန်းက တွေ့ဖူးတယ်၊

ခုတော့ တစ်ယောက်မှ မတွေ့တော့ဘူး......၊

နယ်ပြောင်းသွားကြတာလား၊ အလုပ်က ထွက်သွားကြတာလားတော့ မသိဘူး...."

ဦးစိန်မောင်ဟာ သူ့သမီးကြည်ကြည်ပြောတာ မှန်နိုင်တယ်လို့ ကောက်ချက်ချလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



... သူ စုံစမ်းသိရှိတဲ့အကြောင်းကိုလည်း ဇနီးဖြစ်သူ ဒေါ် သိန်းရွှေကို ပြောပြလိုက်တယ်၊

အကြောင်းဆုံလာရင် သူ့အချိန်တန်လာရင် လူဝင်စား ကြည်ကြည်တစ်ယောက်၊

သူ့ရဲ့အတိတ်ဘဝကို ပိပိပြင်ပြင် သတိရလာနိုင်တယ်လို့ လည်း တွေးထားကြတယ်.....။

သူတို့ တွေးထားတဲ့အတိုင်းပါပဲ......။

"နှင်းပုလဲကို သွားချင်တယ်.....၊

နှင်းပုလဲကို လိုက်ပို့ပေး......"

ထင်မှတ်မထားတဲ့ နေ့တစ်နေ့မှာ ကြည်ကြည် ရိုကျ တယ်။

ကြည်ကြည်ပြောတဲ့ စကားတွေက ဘယ်သူမှမျှော်လင့် မထားတဲ့စကား၊

နှင်းပုလဲမြို့လေးဟာ လူဝင်စားမလေးကြည်ကြည်ရဲ့ အ တိတ်ဘဝ တစ်စိတ်တစ်ပိုင်းနဲ့ ပတ်သက်နေလိမ့်မယ်လို့ ယူဆ မိကြတယ်။

ဒါပေမဲ့ ဘာတွေ ဆက်ပြောမလဲဆိုတာ သိချင်တာ ကြောင့် ကြည်ကြည်ပြောတာကို မသိကျိုးကျွန်ပြုနေလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



လူဝင်စားတွေရဲ့သဘာဝက အရမ်းထူးဆန်းတယ်။

နားလည်နိုင်ဖို့လည်း အင်မတန်ခက်ခဲတယ်။

အတိတ်ဘဝဖြစ်စဉ်တွေကိုလည်း အမြဲတမ်း သတိရနေတာ မဟုတ်ဘူး။

မမျှော်လင့်တဲ့ အချိန်၊ မထင်မှတ်တဲ့ အချိန်ကျမှ သတိရတတ်တယ်။

သတိရတဲ့အခါမှာလည်း အဲဒီအကြောင်းအရာကိုပဲ တစ်ခါး၊ တစိုက်မတ်မတ် ပြောဆိုနေလေ့ရှိတယ်.........။

အခုလည်း ကြည်ကြည်ဟာ ဘာကို သတိရတာလည်း မသိဘူး၊

နှင်းပုလဲကို လိုက်ပို့ဖို့ပဲ တစ်ဝိုတည်းပူဆာပြီး ဂျီကျနေတယ်၊

နှစ်ရက်လောက် ကြာတဲ့အခါမှာတော့ ဦးစိန်မောင်နဲ့ ဒေါ်သိန်းရွှေတို့ဟာ ကြည်ကြည့်ကို နှင်းပုလဲလိုက်ပို့ဖို့ ခေါ်ဖြစ်သွားကြတယ်။

"နှင်းပုလဲကို ဘာနဲ့သွားရမှာလဲ သမီး....."

"မီးရထားနဲ့ သွားမယ်......"

"ဟိုရောက်ရင် ဘယ်ကိုဆက်သွားမှာလဲ.........

ကြည်ကြည် ငြိမ်သွားတယ်၊ စဉ်းစားတယ်၊ ခဏကြာ

www.burmeseclassic.com

www.burmeseclassic.com



မှ........၊

"သမီးတို့အိမ် ရှိတယ်၊ အဲဒီကိုသွားမယ်......." လို့ပြော တယ်။

နောက်တစ်နေ့နံနက်မှာပဲ ဦးစိန်မောင်၊ ဒေါ်သိန်းရွှေ ကြည်ကြည်တို့ မိသားစုသုံးယောက်....၊

ကျိုက်ထိုကနေ ရထားနဲ့ထွက်လာခဲ့တယ်။

နေ့လည်ခင်းလောက်မှာ နှင်းပုလဲဘူတာကို ရောက် တယ်၊

ဘူတာကို ရထားဆိုက်တာနဲ့ ကြည်ကြည် ပြေးဆင်း သွားတယ်၊

ဦးစိန်မောင်တို့ လင်မယားလည်း ကြည်ကြည့်နောက် က လိုက်ရတယ်၊

ကြည်ကြည်ဟာ ဘူတာကိုဖြတ်ပြီး မီးရထားဝန်ထမ်း တွေနေတဲ့ နေအိမ်လိုင်းတန်းလျားတွေ ရှိရာဆီကို ခပ်သွက်သွက် သွားတယ်၊

အိမ်တစ်အိမ်ရှေ့ကိုရောက်တော့ ရပ်ပြီး အကြာကြီး စိုက်ကြည့်နေတယ်။

စိုက်ကြည့်နေရင်း ကြည်ကြည့်မျက်လုံးအိမ်ထဲက မျက်

www.burmeseclassic.com

www.burmeseclassic.com



ည်တွေ တလိမ့်လိမ့်၊ လိမ့်ဆင်းကျလာတယ်။

တဟင့်ဟင့် ငိုရှိုက်သံလည်း ထွက်လာတယ်၊ ခဏနေ တော့ ငိုသံကြီးနဲ့ပဲ အိမ်ထဲကိုလှမ်းခေါ်တယ်၊

"ကိုညွန့်...... ကိုညွန့်... ကိုညွန့်......"

ငိုသံနဲ့ ထပ်တလဲလဲခေါ်နေတဲ့ ကြည်ကြည်ရဲ့အသံစူး လေးက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းနေတယ်။

ဦးစိန်မောင်တို့လင်မယားကတော့ ဘာမှဝင်မပြောဘဲ ကြည်ကြည့် အပြုအမူတွေကိုပဲ စောင့်ကြည့်နေကြတယ်။

ခဏကြာတော့ အသက်ငါးဆယ်ကျော်အရွယ် မိန်းမ ကြီးတစ်ယောက် ရောက်လာတယ်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ....." လို့ မေးတယ်။

ကြည်ကြည်ဟာ လာမေးတဲ့မိန်းမကြီးကို တွေ့တာနဲ့ ရှိုက်နေရာကနေ ချက်ချင်း မျက်နှာလေးဝင်းပသွားတယ်။

ဝမ်းသာအားရနဲ့ ခေါ်လိုက်တယ်။

"မနီ..... မနီ.... နင်.... မနီ မဟုတ်လား....."

ငါးနှစ်အရွယ်လေးက သူငယ်ချင်းအရင်းလို ခင်ခင်မင် မင် ခေါ်နေတာကြောင့် မိန်းမကြီးအံ့ဩသွားတယ်........။

ကြည်ကြည့်ကိုရော၊ ဦးစိန်မောင်တို့ လင်မယားကိုရော



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်တဲ့အကြည့်နဲ့ ကြည့်နေတယ်။

"မနီ..... နင် ငါ့ကို မမှတ်မိဘူးလား.........၊

ငါ သိန်းတင်မ လေ......."

"ဘာ.... သိန်းတင်မ...."

မိန်းမကြီး လန့်သွားတယ်၊ မျက်လုံးတွေလည်း ပြူး ကျယ်သွားတယ်။

မယုံနိုင်ခြင်းတွေနဲ့လည်း တအံ့တသြ ဖြစ်နေတယ်—

"နင်.... နင်...... နင်က......၊

တကယ် သိန်းတင်မ လား....."

မိန်းမကြီးရဲ့ နှုတ်က စကားတွေ ထစ်ထစ်ငေါ့ငေါ့ ထွက် လာတယ်။

"ဟုတ်တယ်လေ၊ ငါ သိန်းတင်မ လေ......"

ကြည်ကြည်ဟာ ဝမ်းသာအားရနဲ့ မိန်းမကြီးရဲ့လက်ကို ဆွဲကိုင်၊ လှုပ်ရမ်းပြီး ပြောနေတယ်။

လှုဝင်စားမလေး ကြည်ကြည်ရဲ့ ထူးခြားဆန်းကြယ် ဖြစ်[illegible]ပါ။

မိန်းမကြီးရဲ့ နာမည်ဟာ အမှန်တကယ်ပဲ 'နီ' ဖြစ် နေတယ်.......။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်ဟာ အတိတ်ဘဝက ခင်ခဲ့တဲ့ဒေါ်နီကို ဘယ်လိုလုပ်ပြီး မှတ်မိနိုင်တာလဲ.....။

ဒါကတော့ သဘာဝတရားရဲ့ လျှို့ဝှက်ချက်တစ်ခု ဖြစ်ပါလိမ့်မယ်။

ဘယ်သူမှ ပြောနိုင်မှာမဟုတ်ပါဘူး။

ဦးစိန်မောင်က ဒေါ်နီ့ကို လူဝင်စားမလေး ကြည်ကြည့်အကြောင်း ရှင်းပြတယ်။

ညာဘက်လက်ဖျံမှာ ကြက်ပျံနေတဲ့ပုံသဏ္ဍာန် အမှတ်မည်းပါတာ ပြောပြတယ်။

"ဦးညွန့်တင်က သူ့မိန်းမကို သိပ်ချစ်တာလေ၊

ဒါ့ကြောင့် လူဝင်စားရင် သိအောင်ဆိုပြီး ညာဘက်လက်ဖျံမှာ ကြက်ပျံနေတဲ့ပုံသဏ္ဍာန် အမှတ်အသား ရေးဆွဲပေးလိုက်တာ......၊

အဲဒီအမှတ်က တကယ်ပါလာတာကိုး.......”

ဒေါ်နီဟာ ကြည်ကြည့်လက်ဖျံက အမှတ်ကိုကြည့်ရင်း အံ့ဩမဆုံး ဖြစ်နေတယ်.......။

ဒေါ်နီပြောပြလို့....၊

အငယ်မလေးရဲ့ခြေထောက်က ရေနွေးပူလောင်တဲ့ ဒဏ်



www.burmeseclassic.com

www.burmeseclassic.com



ရာတွေ ပျောက်ကင်းသွားတဲ့အကြောင်းနဲ့......၊

မြေထောက်မှာ အမာရွတ်တွေကျန်နေတဲ့အကြောင်း သိရတယ်......။

"မသိန်းတင်ဆုံးပြီးတော့ ကိုညွန့်တင် စိတ်လေသွားတယ်........၊

အရက်တွေသောက်တယ်၊

နောက်တော့ အလုပ်ကထွက်သွားတယ်၊

သမီးလေးနှစ်ယောက်ခေါ်ပြီး သူ့မိဘဆွေမျိုးတွေရှိရာ အညာကိုပြန်သွားတယ်.....၊

အဲဒီအချိန်ကစပြီး ကိုညွန့်တင်အကြောင်းကို ဘာသတင်းမှ မကြားရတော့ဘူး......"

ဒေါ်နီ့စကားကြားတော့ ကြည်ကြည် ငိုင်ကျသွားတယ်။

"ရက်စက်လိုက်တာနော်.......၊

ကျွန်မပြန်လာတာကိုတောင် မစောင့်တော့ဘူး......" လို့ ပြောတယ်၊ ပြောရင်းငိုတယ်.....။

ဒေါ်နီက ဦးစိန်မောင်တို့မိသားစုကို သူ့အိမ်ခေါ်သွားတယ်.....၊

သူနဲ့အတူ တွဲပြီးရိုက်ထားတဲ့ ဒေါ်သိန်းတင်ရဲ့ပုံကို ပြ



www.burmeseclassic.com

www.burmeseclassic.com



တယ်......။

ဟိုဘက်ဘဝက ဒေါ်သိန်းတင်ရဲ့ပုံဟာ ယခုဘဝမှာ လူဝင်စားဖြစ်လာတဲ့ ကြည်ကြည်နဲ့ တော်တော်ကြီးတူနေတာကို တွေ့ကြရတယ်......။

ဒေါ်နီသတင်းပေးလိုက်လို့ ဟိုဘက်ဘဝက ဒေါ်သိန်းတင်နဲ့ ခင်မင်ခဲ့ကြသူတွေ ကြည်ကြည့်ကို လာကြည့်ကြတယ်။

ဒေါ်သိန်းတင်နဲ့ တစ်ရုပ်တည်းဖြစ်နေတဲ့ ကြည်ကြည့်ကို တွေ့တော့ အံ့သြကြတယ်။

အထူးသဖြင့် သူတို့အားလုံးလိုလိုက ကိုညွန့်တင်က ကြက်ပျံနေတဲ့ပုံသဏ္ဌာန် အမှတ်လေး ရေးဆွဲပေးလိုက်တာကို သိကြတယ်။

ဒါကြောင့် ကြည်ကြည့်လက်ဖျံက အမှတ်ကိုကြည့်ပြီး လည်း တအံ့တသြဖြစ်ကြရတယ်။

ကြည်ကြည်ကလည်း အားလုံးကို မဟုတ်ပေမဲ့ တစ်ယောက်စ နှစ်ယောက်စကို အမည်နှင့်တကွ မှတ်မိနေတယ်။

ဦးစိန်မောင်တို့မိသားစုဟာ ဒေါ်နီ့အိမ်မှာ တစ်နေကုန်တည်းခို၊ စကားတွေပြောပြီး ညရထားနဲ့ ကျိုက်ထိုကိုပြန်လာခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်ဟာ သူလာတဲ့အထိမစောင့်ဘဲ အလုပ်က ထွက်၊ နှင်းပုလဲကလည်းထွက်သွားတဲ့ ကိုညွန့်တင်ကို စိတ်နာသွားတာလား.......၊

ဒါမှမဟုတ်.......၊

အတိတ်ဘဝဟောင်းက အဖြစ်အပျက်တွေကို ပြန်ပြီးပဲ မေ့ပျောက်သွားတာလား မသိဘူး၊

နှင်းပုလဲကနေ ပြန်လာတဲ့အချိန်ကစပြီး သူ့အတိတ်ဘဝအကြောင်းတွေ၊

ကိုညွန့်တင်နဲ့ သမီးနှစ်ယောက်အကြောင်းတွေကို လုံးဝမှမပြောတာ ယနေ့ထိတိုင်ပါပဲတဲ့........။

ခုချိန်မှာတော့ လူဝင်စားမလေးကြည်ကြည်ဟာ ဘွားဘွား ဒေါ်ကြည်ကြည်ဘဝကို ရောက်ရှိနေပြီး........၊

ရန်ကုန်မြို့ ကံဘဲ့မှာ နေထိုင်လျက်ရှိပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



# လူသတ်သမားနှင့် လူဝင်စား

ဒီဖြစ်ရပ်မှန်ဇာတ်လမ်းက ဆန်းကြယ်တဲ့လူဝင်စားတစ်ယောက်နဲ့......၊

လောဘ၊ ဒေါသ၊ မောဟ ထုပြောလှတဲ့ လူသားတစ်ယောက်တို့ရဲ့ ဆုံတွေ့မှုကနေ ဖြစ်ပေါ်လာတဲ့ ချောက်ချားစရာအဖြစ်အပျက်တစ်ခုပါ။

ဒီဖြစ်ရပ်ကို စာရေးဆရာလည်းဟုတ်၊

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံခဲ့ရတဲ့ နိုင်ငံရေးသမားလည်းဟုတ်တဲ့၊

စာရေးသူရဲ့ မိတ်ဆွေတစ်ယောက်က ပြောပြခဲ့ခြင်းဖြစ်ပါတယ်။

သူဟာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က နိုင်ငံရေးအမ ၅ (ည)နဲ့ အင်းစိန်ထောင်ကို လေ့လာရေးခရီးရောက်သွားတယ်၊

အဲဒီခရီးစဉ်မှာ လူသတ်မှုနဲ့ အပြစ်ကျလာတဲ့ လူသတ်သမားတစ်ယောက်နဲ့ အပေါင်းအသင်းဖြစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတင်ပြမယ့် လူသတ်သမားနဲ့ လူဝင်စားဇာတ်လမ်းဟာ အဲဒီ လူသတ်သမားကိုယ်တိုင်......၊

ဇာတ်ကောင် တစ်ကောင်အဖြစ် ပါဝင်ခဲ့ရတဲ့ ဇာတ်လမ်းတစ်ပုဒ်ဆိုတာလည်း ပြောပြခဲ့ပါတယ်။

❖ ❖ ❖

"ဂိုး......."

"ဂိုး......."

ကြက်သီးဖြန်းဖြန်း ထလောက်အောင် ရတ်တရက်ထွက်ပေါ်လာတဲ့ ငှက်ဆိုးထိုးသံတွေ..........၊

ဒီအသံတွေက ကြားရသူတိုင်းကို အသည်းငယ်စေလိပ်ပြာလွင့်စေ၊ လန့်ဖျပ်သွားစေရဲ့........။

ညကလည်း ချောက်ချားစရာကောင်းအောင် မှောင်လို့မည်းလို့......။

လောကကြီးတစ်ခုလုံး ကြောက်မက်ဖွယ် အမိုက်တိုက်ကြီးထဲ ထိတ်လန့်စရာ ကျရောက်ငြိမ်သက်နေတယ်။

သက်ရှိတစ်စုံတစ်ယောက်မျှ မရှိသလို တိတ်ဆိတ်နေတဲ့ လယ်တဲအိမ်ကြီးတစ်ခုထဲမှာ.....၊

www.burmeseclassic.com

www.burmeseclassic.com



အိပ်မရနိုင်သူ လူတစ်ယောက် ရှိနေတယ်၊

သူ့နာမည်က ကျော်တင့်။

လယ်တဲအိမ်ကြီးပိုင်ရှင် ဦးတင်မောင်၊ ဒေါ်နှင်းရည်တို့ရဲ့ မွေးစားသားကျော်တင့်.......၊

ကျော်တင့်၊ ဦးတင်မောင်အိမ် ရောက်လာတာကြာပြီ၊

သူ့အသက်နဲ့ အမျှလို့တောင် ပြောလို့ရတယ်၊ နို့ဗို့အရွယ်ကတည်းက ရောက်လာတာ၊

ကျော်တင့်မှာ အဖေ ဓေါ်စရာ မရှိဘူး၊

ကျော်တင့်အမေက ရွာမှာ သတင်းမကောင်းတဲ့ မိန်းကလေးတစ်ယောက်၊

ကျော်တင့်အမေဟာ ကျော်တင့် လူ့လောကထဲရောက်မလာအောင် နည်းအမျိုးမျိုး ကြိုးစားခဲ့တယ်၊

ဒါပေမဲ့ ကျော်တင့်က အသက်ပြင်းတယ်၊ လူ့လောကထဲ ရောက်ဖြစ်အောင် ရောက်လာတယ်။

ကျော်တင့် လသားအရွယ်လေးမှာပဲ သူ့အမေ အပြင်းဖျားပြီး ဆုံးသွားတယ်။

ကံဆိုးခြင်းတွေကိုသာ ယူဆောင်လာပြီး မျိုးစေ့မဲ့တဲ့ ကျော်တင့်ကို ဘယ်ဆွေမျိုးသားချင်းတွေကမှ မမွေးချင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ခါးခါးသီးသီး ငြင်းကြတယ်၊

နောက်ဆုံးမှာ ကျော်တင့် ကို သားသမီးမထွန်းကားတဲ့ ဦးတင်မောင်+ ဒေါ်နှင်းရည်တို့လင်မယားက မွေးစားလိုက်ကြ တယ်........၊

ဦးတင်မောင်တို့ လင်မယားဟာ စိတ်ကောင်းစေတနာ ကောင်းရှိတဲ့ သူတော်ကောင်းတွေဖြစ်တာကြောင့် ကျော်တင့်ကို သားအရင်းလိုပဲ ချစ်ကြတယ်၊

ပြုစုယုယ ကျွေးမွေးသုတ်သင်ပေးကြတယ်၊

ပညာတွေလည်း သင်ပေးကြတယ်၊

ခက်နေတာက ကျော်တင့်......၊

အသက်တွေသာ တဖြည်းဖြည်းရလာတယ်၊ အရွယ် သာ တစ်စတစ်စကြီးပြင်းလာတယ်၊

"မျိုးစေ့မမှန်၊ ပင်မသန်" ဆိုတဲ့ စကားအတိုင်း ဘာတစ် ခုမှ ဖြစ်မြောက်မလာခဲ့ဘူး၊

ဒီကြားထဲ အရက်ကလေးတမြမြ လုပ်လာတယ်၊ ကြက် တိုက်တတ်၊ ဖဲရိုက်တတ်လာတယ်......။

အဖဘက်က ပါလာတဲ့ စရိုက်ဆိုးလား၊

အမိဘက်က ပါလာတဲ့ ဗီဇဆိုးလား မသိဘူး၊ ဆိုးမ



www.burmeseclassic.com

www.burmeseclassic.com



ပြင်လို့လည်း မရဘူး။

ဆိုးမတဲ့သူ သူ့ရန်သူဖြစ်နေတယ်။

ဦးတင်မောင်တို့ ဇနီးမောင်နှံလည်း ကုသိုလ်ကံပဲလို့ သဘောထားပြီး ဆိုးမမရတဲ့ကျော်တင့်ကို ဥပေက္ခာပြုထားလိုက်ကြတယ်။

ကံအားလျော်စွာပဲ ကျော်တင့် အသက်(၂၀) အရောက်မှာ ဦးတင်မောင်တို့ဇနီးမောင်နှံ.......၊

လေးဆယ်ကျော်မှ ကံပေါ်ပြီး သားလေးမောင်မင်းနိုင်ကို ထွန်းကားတယ်။

ခုဆိုရင် မောင်မင်းနိုင် ရှစ်နှစ်သားအရွယ် ရောက်နေပြီ၊

ဖြေသာတာတစ်ခုက မွေးစားသားကျော်တင့် ဆိုးသလောက်၊ သွမ်းသလောက်.......၊

မောင်မင်းနိုင်လေးက လိမ္မာရေးခြား ရှိနေခြင်းပါ၊

အရွယ်နဲ့မလိုက်အောင်လည်း မိဘအပေါ် သိတတ်တယ်၊ အကူအညီပေးတယ်။

ကျော်တင့် မောင်မင်းနိုင်ကို ကြည့်မရဘူး၊ အလိုလိုနှိမ်းတီးနေတယ်......၊

တစ်ဦးတည်းသော သားအဖြစ်ကနေ မောင်မင်းနိုင်ဆို

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပြိုင်ဖက်နောက်တစ်ဦး ပေါ်လာတာရယ်.........၊

သူ့ အိမ်က ပစ္စည်းပစ္စယတွေ အလစ်သုတ်ခိုးယူတဲ့အခါ မောင်မင်းနိုင်ကို ဂရုတစိုက်၊ သတိထားနေရတာတွေကြောင့်ဖြစ်တယ်။

မောင်မင်းနိုင်ကလည်း ကျော်တင့်ရဲ့ မကောင်းတဲ့အကျင့်စရိုက်ကို သိတယ်၊

ဂရုတစိုက် စောင့်ကြည့်တယ်၊

ကျော်တင့်ရဲ့မသမာမှုတွေ ပြောတာနဲ့ မိဘတွေဆီ ချက်ခြင်းပြန်တိုင်လေ့ရှိတယ်။

ဒါတွေကြောင့်လည်း ကျော်တင့်ရဲ့အမုန်းတွေ မောင်မင်းနိုင်ဆီ စုပြုံရောက်နေတာဖြစ်တယ်၊.

ဒီနေ့ ကျော်တင့် အပြစ်တစ်ခုကျူးလွန်တယ်၊

ကျီထဲက စပါးတွေ လှည်းတစ်စီးတိုက်လောက် ခိုးတယ်......၊

သူ စားဖို့သောက်ဖို့တော့ မဟုတ်ဘူး၊ ဖိုးတုတ်ကို ဖဲကြွေးဆပ်ဖို့ခိုးတာ.......။-

ဒီနေ့ ဦးတင်မောင်နဲ့ ဒေါ်နှင်းရည်တို့ အခြားရွာက ဆွေမျိုးတစ်ယောက်ရဲ့ အသုဘကို ညအိပ်ညနေသွားရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအခွင့်အရေးမျိုးက ရတောင့်ရခဲ အခွင့်အရေး၊

ဦးတင်မောင်ရော၊ ဒေါ်နှင်းရည်ပါ အိမ်ကခွာတဲ့အလေ့
ထ မရှိဘူး၊

အထူးသဖြင့် ဘယ်ကိုမှ ညအိပ်ညနေခရီး မထွက်ကြ
း၊

ဘာ့ကြောင့်လည်းဆိုတော့ ကျော်တင့်ကို အိမ်အပ်ပြီး
းတာ၊ သူ့ခိုးလက် ရွှေထုပ်အပ်ပြီးသွားတာနဲ့ တူနေလို့ပါ။

ကျော်တင့်ကို စိတ်မချတာကြောင့် အချုပ်မိသလိုဖြစ်ပြီး
ယ်ကိုမှ ညအိပ်ခရီးမသွားရဲတာ၊

ခုတော့၊ ဆွေမျိုးသားချင်းထဲက နာရေး၊

မဖြစ်အနေ သွားရမယ့်နာရေး ဖြစ်နေလို့ မလွဲမရှောင်
သွားရတာဖြစ်တယ်။

ဦးတင်မောင်တို့လင်မယား အိမ်ကထွက်တာနဲ့ ကျော်
င့် သူ့အစီအစဉ်ကို စပြီးအကောင်အထည်ဖော်တယ်၊

ဖိုးတုတ်ကို လှည်းနဲ့ချက်ချင်းလာပြီး စပါးယူဖို့ အ
ကြောင်းကြားတယ်၊

ဖိုးတုတ်ရောက်ဖို့ နီးလာချိန်မှာ မောင်မင်းနိုင်ကို ရှာထဲ
တ်ပြီး ဈေးဝယ်ခိုင်းလိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့လယ်တဲအိမ်နဲ့ ပျဉ်းမပင်ရွာက တစ်မိုင်လောက်ဝေးတယ်၊

ဦးတင်မောင်တို့လင်မယားဟာ အိမ်ထောင်ဦးကတည်းက ရွာထဲမှာမနေဘူး၊

မိဘတွေလက်ဖွဲ့တဲ့ လယ်ထဲမှာပဲ အိမ်ဆောက်ပြီး သီးခြားနေထိုင်တာ ဖြစ်တယ်။

ရွာကိုရောက်အောင် ဧရာဝတီမြစ်ကမ်းဘေး လူသွားလမ်းလေးအတိုင်း သွားရတယ်၊

အသွားအပြန် တစ်နာရီလောက်ကြာမယ်၊

မောင်မင်းနိုင် ပြန်မရောက်ခင် ကျီထဲကစပါးတစ်စီးအေးအေးဆေးဆေး ထုတ်နိုင်မယ် ိုတာ ကျော်တင့်တွက်ထားတယ်၊

ဒါက ကျော်တင့်ရဲ့အတွေးပဲ။

ကျော်တင့် မောင်မင်းနိုင်ကို လျှော့တွက်ခဲ့တာဖြစ်တယ်မောင်မင်းနိုင်က အကင်းပါးတယ်၊

မိဘတွေသွားတာနဲ့ ကျော်တင့် ပျာယာခတ်၊ အလုပ်ရှုပ်နေတာကို သတိထားမိတယ်၊

ကြီးတော့ သူ့ကို ရွာဈေးဆိုင်သွားခိုင်းပြီး ပ ာ်ထုတ်လိုက်

www.burmeseclassic.com



ာလည်း သဘောပေါက်တယ်၊

ဒီကြားထဲ လမ်းမှာ လှည်းကိုအပြင်းမောင်းလာ တဲ့ ဖိုး

ာတ်ကိုတွေ့တယ်။

"ဟော့.... ကောင်လေး၊ ဘယ်သွားမလို့လဲ........"

ဖိုးတုတ်၊ မောင်မင်းနိုင်ကို မေးတယ်။

"ရွာထဲ ဈေးသွားဝယ်မလို့ဗျ.......၊

ကိုဖိုးတုတ်ကြီးကော.... ဘယ်သွားမလို့တုန်း........"

"ငါလား...... ကျီးပင်ပေါက်ရွာ သွားမလို့ဟေ့....."

ဖိုးတုတ်ပြောတာကို မောင်မင်းနိုင် မယုံဘူး၊

ကျီးပင်ပေါက်ရွာကို မြစ်ကမ်းပါးလမ်းအတိုင်း သွားလို့

ရပေမဲ့ ကွေ့ပတ်နေတယ်၊

အခြားနီးတဲ့လမ်းတွေက မသွားဘဲ၊ တစ်ကွေ့ဝ စ်ပတ်

သွားရတဲ့လမ်းက သွားတယ်ဆိုတာ မဖြစ်နိုင်ဘူး။

နောက်ပြီး ဖိုးတုတ်ဆိုတာက သူ့အစ်ကိုကျော်တင့်ရဲ့

ရိုက်ဖော် ရိုက်ဖက်၊ ကြက်တိုက်ဖော် တိုက်ဖက်ဆိုတာ မောင်

င်းနိုင် သိတယ်။

အားလုံးကို ခြုံကြည့်လိုက်ရော့ အစ်ကိုကျော်တင့်နဲ့

ိုးတုတ်တို့ပေါင်းပြီး မဟုတ်တာတစ်ခုခု လုပ်တော့မယ်လို့ မောင်

www.burmeseclassic.com

www.burmeseclassic.com



မင်းနိုင် စဉ်းစားမိတယ်၊

ဒါ့ကြောင့် ရွာနားရောက်ကာမှ ရွာထဲမဝင်တော့
လယ်ထဲအိမ်ကို အပြေးပြန်လာခဲ့တယ်၊

သူထင်တဲ့အတိုင်းပဲ။

ကျော်တင့်နဲ့ဖိုးတုတ်တို့ ကျီထဲကစပါးတွေ၊ အိတ်နဲ့ထ
လှည်းပေါ်တင်နေတာ ပက်ပင်းမိတယ်။

ကျော်ကင့်၊ မောင်မင်းနိုင်ကို အဖေအမေနဲ့မတို
ချော့မော့ပြောနေတုန်း ဖိုးတုတ်က တင်ပြီးသား စပါးအိတ်တေ
လှည်းမောင်းထွက်သွားတယ်.......၊

သူ့၊ ကျီထဲကစပါးတွေ ခိုးထုတ်တဲ့ကိစ္စ လူကြီးတွေ
သွားတော့မယ်........၊

မိဘတွေပြန်လာရင် တိုင်မပြောဖို့ မောင်မင်းနိုင်ကို
ဘယ်လိုမှ တားလို့ရမှာမဟုတ်ဘူးဆိုတာ ကျော်တင့်နားလ
တယ်........၊

အရင်ကလည်း သူ့၊ ခဏခဏလုပ်ခဲ့လို့ ဦးတင်မော
ဆူပူကြိမ်းမောင်းမှုကို ခံခဲ့ရပြီးပြီ။

ဒီတစ်ကြိမ်သာသိသွားရင် သူ အိမ်ပေါ်ကဆင်းရလ
မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်နဲ့တောင် မဟုတ်ဘူး၊ ခေါင်းနဲ့ဆင်းရမှာ သေချာတယ်၊

အိပ်ပေါ်ကနင်ချခံရတာနဲ့ သူ့ဘဝ စုတ်ပြတ်သွားပြီ၊

သောင်ပြင်လွတ်တဲ့ ခွေးတစ်ကောင်လိုဘဝမျိုး ရောက်ပြီ

သူ့ဘဝ ဒီလိုဖြစ်သွားမှာ သူ အရမ်းကြောက်တယ်၊

သောင်ပြင်မှာ ဦးတည်ရာမဲ့ ပြေးလွှားနေတဲ့ ခွေးတစ်ကောင်လိုဘဝမျိုး သူ ဘယ်တော့မှအဖြစ်မခံနိုင်ဘူး၊

"ငါ..... ဘာလုပ်ရမလဲ.....၊

ဘာလုပ်ရင် ကောင်းမလဲ......."

ကြောက်လန့်စိတ်ကြောင့် သူ့ခေါင်းကို တူနှင့်တစ်ချက်ပြီးတစ်ချက် ထုနက်နေတဲ့အတိုင်း ခံစားနေရတယ်.. .....၊

ပြဿနာက သူ့ကိုတစ်နေကုန် ဖိစီးထားတယ်၊ ညရောက်တဲ့အထိ လေးလေးလံလံ ဖိစီးနေတယ်၊

မောင်မင်းနိုင် အိပ်ပျော်သွားပေမဲ့ ကျော်ဝင့်ကတော့ အိပ်မရအောင် စိတ်တွေပူပန်နေတယ်.......၊

ညက တစ်စတစ်စ နက်လာကယ်၊

ချောက်ချားစရာကောင်းအောင် မှောင်မည်းလာတယ်၊

လောကကြီးတစ်ခုလုံး ကြောက်မက်ဖွယ် အမှောင်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးထဲ ထိတ်လန့်စရာကျရောက် ငြိမ်သက်နေချိန်မှာ၊

လယ်တဲအိမ်ကြီးကလည်း တိတ်ဆိတ်လို့........၊

"ဂိူး........"

"ဂိူး........"

သူတို့အိမ်ခေါင်မိုးပေါ် ထိုးချလိုက်တဲ့ ငှက်ဆိုးအော်သံ နှစ်ချက် ရုတ်တရက်ထွက်ပေါ်လာတယ်၊

ငှက်ဆိုးထိုးသံဆိုတာ မရဏမင်းရဲ့ အချက်ပေးသံ— သေခြင်းတရားရဲ့ အတိတ်နိမိတ်တွေ.......၊

သူ့စိတ်ထဲမှာ ရိုင်းမိုက်တဲ့ အကြံအစည်တစ်ခု ဖျတ်ခ ဝင်လာတယ်၊

"ဒီကောင် သေမှ......၊

ဒီကောင်မင်းနိုင် မရှိမှ........"

သရဲတစ္ဆေ ပူးကပ်ခံရသလို ကျော်တင့် အိပ်ရာထဲက ဝုန်းခနဲ ထလိုက်တယ်၊

မီးခွက်ထွန်းပြီး လက်နက်တစ်စုံတစ်ခုကို ရှာတယ် ရဲဒင်းတစ်လက်ကို တွေ့တယ်၊

ရဲတင်းက အဟောင်းကြီး၊ အသွားတုံးနေလို့ ခုတ် တော့ပေမဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ရဲတင်းအနှောင့်နဲ့ သံရိုက်တူသဘောမျိုး သုံးနေကြတယ်........။

ကျော်တင့် ရဲတင်းကို ကောက်ယူလိုက်တယ်၊

အိပ်နေတဲ့မောင်မင်းနိုင်ဆီ တဖြည်းဖြည်း တိုးကပ်သွားတယ်။

မောင်မင်းနိုင် တစ်ဘက်စောင်းပြီးအိပ်နေတာ တွေ့ရတယ်။

ကျော်တင့်၊ ရဲတင်းကိုမြှောက်ပြီး မောင်မင်းနိုင်ရဲ့ ဦးခေါင်းနောက်စေ့ဘက် ခုတ်ချလိုက်တယ်။

ရဲတင်းအသွားနဲ့ ဦးခေါင်းခွံထိသံက တိတ်ဆိတ်တဲ့ညမှာ ကျယ်လောင်လွန်းတယ်၊

ခွပ်ခနဲ အသံတစ်ချက် မြည်သွားတယ်၊

သူ မောင်မင်းနိုင်ရဲ့ဦးခေါင်းကို ဆက်တိုက်ဆက်တိုက် ရဲတင်းနဲ့ခုတ်တယ်၊

ညည်းညူသံလိုလို အသံတစ်ချက်ထွက်ပေါ်ပြီး မောင်မင်းနိုင် ငြိမ်ကျသွားတယ်။

ကျော်တင့် အချိန်အနည်းငယ်ကြာတဲ့အထိ ရဲတင်းကိုင်ရင်း စောင့်ကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းနိုင် အသက်မရှိတာသေချာသွားမှ စပါး
အောက်မြေကြီးကို ခပ်နက်နက်တူးပြီး အလောင်းရော၊ ရဲတင်း
ပါ မြှုပ်လိုက်တယ်.........။

နောက်နေ့မနက်စောစောမှာ ဦးတင်မောင်တို့သွား
ရွာကို လိုက်သွားတယ်၊

မောင်မင်းနိုင်တစ်ယောက် မြစ်ထဲရေသွားချိုးရာက အိမ်
ကိုပြန်မလာတော့ဘဲ ပျောက်နေတဲ့အကြောင်း ပြောတယ်။

ချဉ်းမပင်တစ်ရွာလုံး အိမ်ရှိလူကုန်ထွက်ပြီး မောင်မင်း
နိုင်ကို ရှာဖွေကြတယ်......။

မြစ်ရေစီးကြောင်းအတိုင်း ပိုက်စိပ်တိုက် သူကတိုက်
တယ်၊ ရေငုပ်ကျွမ်းကျင်သူက ရေငုပ်ပြီးရှာတယ်။

မြစ်အောက်ဘက် အဝေးကြီးထိရောက်အောင် လှေ
တွေ၊ မော်တော်တွေနဲ့ လိုက်ရှာသူကလည်း ရှာရဲ့.......၊

မောင်မင်းနိုင်ရဲ့အလောင်းကို မြှုပ်ထားတာက တစ်နေ
ရာ၊ ရှာဖွေနေကြတာက တစ်နေရာမို့ ဘယ်လိုမှမတွေ့ကြဘူး

နောက်ဆုံးတော့ မောင်မင်းနိုင်တစ်ယောက် မြစ်ထဲ
ဆင်းချိုးရင်း ရေနစ်သေဆုံးသွားပြီလို့ပဲ သတ်မှတ်လိုက်ကြတယ်

ဦးတင်မောင်နဲ့ ဒေါ်နှင်းရည်တို့ရဲ့ ဆုံးရှုံးမှု ကြီးမားလှ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်.....။

မိခင်ဖြစ်တဲ့ ဒေါ်နှင်းရည်ဆိုရင် အသည်းခွေ ပြက်ကြွေ မတတ် ခံစားရလွန်းတဲ့အတွက် စိတ်နဲ့လူနဲ့မကပ်တဲ့အထိ စိတ္တဇ ဝေဒနာ စွဲကပ်သွားရတယ်၊

ရက်၊ လ များစွာ ကြာမြင့်ပြီးချိန်မှာတော့ သေသောသူ ကြာရင်မေ့ ဆိုတဲ့စကားအတိုင်း မောင်မင်းနိုင်ရဲ့အဖြစ်နဲ့ ပတ် သက်ပြီး တစ်စတစ်စ မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြတယ်၊

ဒီလိုနဲ့ မောင်မင်းနိုင် သေဆုံးတာ ခုနစ်နှစ်၊ ရှစ်နှစ် လောက် ကြာမြင့်ခဲ့ပြီး တစ်ရက်မှာတော့ ပျဉ်းမပင်ရွာထဲကို ညီ့ သည်လူစိမ်းသုံးယောက် ရောက်ရှိလာတယ်။

ခြောက်နှစ်အရွယ် သားယောကျာ်းလေးတစ်ယောက်နဲ့ သူတို့မိဘနှစ်ပါးတို့ပဲ ဖြစ်တယ်........။

သူတို့က ဦးတင်မောင်၊ ဒေါ်နှင်းရည်တို့အိမ်ကို မေးမြန်း ရှာဖွေပြီး ရောက်လာကြတယ်၊

"ကျွန်တော်တို့ရဲ့သားလေး မောင်ရဲရင့်ပါ၊

သူက ပျဉ်းမပင်ရွာမှာ ဟိုဘက်ဘဝက သူ့ရဲ့မိဘနှစ်ပါး ဖြစ်ခဲ့တဲ့ ဦးတင်မောင်၊ ဒေါ်နှင်းရည်တို့ရှိတဲ့အကြောင်း ခဏခဏ ပြောလို့ ရှာဖွေပြီးလာတွေ့ကြတာ ဖြစ်ပါတယ်......

www.burmeseclassic.com

www.burmeseclassic.com



ညည့်သည်လှည်းမယားရဲ့စကားကြောင့် ဦးတင်မောင်ရော ဒေါ်နှင်းရည်ပါ အံ့ဩသွားကြတယ်၊

မောင်ရဲရင့်လေးဟာ ဦးတင်မောင်နဲ့ ဒေါ်နှင်းရည်တို့ကို မြင်မြင်ချင်း ဟိုဘက်ဘဝဟောင်းက သူ့ရဲ့မိဘနှစ်ပါးဆိုတာ ပြောပြနိုင်တယ်......၊

နောက်ပြီး.....“ ဟိုဘက်ဘဝတုန်းက ကျွန်တော်နေခဲ့တဲ့အိမ်က ဒီအိမ်မဟုတ်ဘူး၊

လယ်ထဲမှာဆောက်ထားတဲ့ လယ်တဲအိမ်ကြီး၊ ခေါင်းရင်းခြံထောင့်မှာ စပါးကျီရှိတယ်လေ.......” လို့ ပြောတယ်။

မောင်ရဲရင့်ကို အတိတ်ဘဝကမောင်မင်းနိုင်ဆိုတာ အားလုံး ယုံကြည်လက်ခံသွားကြတယ်......။

ဟုတ်တယ်၊ ဟိုးတုန်းက ဦးတင်မောင်တို့အိမ်ဟာ လယ်ထဲမှာ သီးခြားဆောက်ထားတဲ့အိမ် ဖြစ်တယ်........၊

ပြီးခဲ့တဲ့နှစ်ကမှ မြစ်ရေတွေကြီးပြီး ကမ်းပါးတွေပြိုကျခဲ့တယ်၊

မြစ်ကြောင်းက ဦးတင်မောင်တို့ လယ်ထဲအိမ်အနီး ရောက်လာတယ်။

ဒါ့ကြောင့် သူတို့အိမ်ကို ရွာထဲပြန်ရွှေ့ခဲ့တာ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စပါးကျီကိုလည်း အမိုးအကာတွေဖျက်ပြီး ယူခဲ့ပြီးပြီ။ တိုင်နဲ့အခင်းပဲ ဖျက်ယူဖို့ ကျန်တော့တယ်......။

ဦးတင်မောင်တို့လင်မယားဟာ ရေနစ်သေဆုံးသွားခဲ့တဲ့ သားလေးမောင်မင်းနိုင် လူ့ဝင်စားဖြစ်ပြီး.........၊

သူတို့ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတဲ့အတွက် ဝမ်းအသာကြီး သာနေကြတယ်။

သေဆုံးရတဲ့အကြောင်း မေးမြန်းကြည့်ကြတယ်၊

"ကျွန်တော်အိပ်နေတုန်း လူတစ်ယောက်က ခေါင်းကို ရဲတင်းနဲ့ ခုတ်သတ်တာကြောင့် သေခဲ့ရတာပါ........"

ဦးတင်မောင်ရော၊ ဆွေမျိုးအချို့ပါ အံ့အားသင့်သွားကြတယ်......။

"သေသေချာချာ ပြန်စဉ်းစားပါဦးသားရဲ့.......၊

ဟိုဘက်ဘဝတုန်းက သား ရေနစ်ပြီးသေဆုံးခဲ့တာ မဟုတ်ဘူးလား....."

"မဟုတ်ပါဘူး ခင်ဗျာ......၊

ကျွန်တော့်ကို ရဲတင်းနဲ့ခုတ်သတ်လို့ ကျွန်တော်သေဆုံးရတာပါ......"

"ဒါဆိုရင် သားကိုသတ်တာ ဘယ်သူလဲဆိုတာ သား

www.burmeseclassic.com

www.burmeseclassic.com



ပါလား....."

"အဲ့ဒါတော့ ကျွန်တော်မမှတ်မိပါဘူး......."

"ဒါဆိုရင် သားဟိုဘက်ဘဝကအကြောင်းတွေ နောက်ထပ် ဘာများမှတ်မိသေးလဲ.........."

ဦးတင်မောင်က ထပ်မေးတယ်။

"ကျွန်တော့်အလောင်းကို ခြံထဲမှာ မြှုပ်ထားတယ်၊ အဲဒါတော့ သေသေချာချာ မှတ်မိတယ်......"

"ဟုတ်ရဲ့လား သားရယ်......"

"ဟုတ်ပါတယ် ခင်ဗျာ.....၊

ကျွန်တော့်အလောင်းနဲ့အတူတူ ကျွန်တော့်ကိုခုတ်သတ်တဲ့ ရဲတင်းကိုပါ မြှုပ်ထားပါတယ်....."

မောင်ရဲရင့်ပြောတဲ့စကား ဟုတ်၊ မဟုတ်/ မှန်၊ မမှန် သွားဖွေကြည့်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

သွားမယ့်အဖွဲ့ကို ရွာလူကြီးနှစ်ယောက်က ဦးဆောင်ပြီး မောင်ရဲရင့်နဲ့ ကာလသားနှစ်ယောက်ပဲ ခေါ်သွားတယ်။

မောင်ရဲရင့်ရဲ့ မိဘနှစ်ပါးကိုတော့ ခရီးပန်းလာလို့ပြီး ခေါ်မသွားတော့ဘူး၊

ဦးတင်မောင်က အသက်အရွယ် ကြီးရင့်နေပြီး၊ ခေါ်နှင်း

www.burmeseclassic.com

www.burmeseclassic.com



ည်ကလည်း စိတ်ဝေဒနာသည် ဖြစ်နေတာကြောင့် ရွာမှာ ပဲ
ားရစ်တယ်.....။

အရင်လယ်တဲအိမ်ဟောင်းနေရာက မြစ်အောက်ဘက်
ရှိတာကြောင့် လှေနဲ့သွားဖို့အတွက် မြစ်ဆိပ်ဆင်းလာကြတယ်၊

မြစ်ဆိပ်မှာ ကူးတို့လှေသမားတစ်ယောက် လှေပေါ်ထိုင်
း လူစောင့်နေတယ်၊

"ကျော်တင့်ရေ.....၊

မင်းတို့အရင်ကနေခဲ့တဲ့ လယ်တဲအိမ်နေရာဟောင်းကို
ိုက်ပို့စမ်းဟေ့......"

ရွာလူကြီးက ကူးတို့လှေသမားကို ပြောလိုက်တယ်၊

မောင်ရဲရင့်ဟာ ကျော်တင့်ဆိုတဲ့နာမည်ကို ကြားတာနဲ့
ူးတို့လှေသမားကို မျက်တောင်မခတ်တမ်း ကြည့်နေတယ်၊

သူ့စိတ်ထဲမှာ ကျော်တင့်ကို ရင်းရင်းနှီးနှီး သိခဲ့ဖူးတဲ့
ူလို့ ထင်နေတယ်။

ဒါပေမဲ့ ဘာ့ကြောင့်လဲမသိဘူး၊ သဲသဲကွဲကွဲတော့
တ်ပြန်ဘူး......၊

"ဘာကိစ္စရှိလို့တုန်းဗျ......"

ကျော်တင့် လှေကိုကမ်းကပ်ရင်း ရွာလူကြီးကို မေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ဒါ မင်းညီ မောင်မင်းနိုင်ဝင်စားတဲ့ ကလေးလေ၊ ငါတို့အားလုံးက သူ့ကို ရေနစ်သေသွားတာလို့ ထင်ခဲ့ကြတယ်.....၊

ခု၊ သူပြောမှ ခေါင်းကို ရဲတင်းနဲ့ ခုတ်သတ်ခံရတဲ့အကြောင်း သိတော့တယ်၊

သူ့အလောင်းကို မင်းတို့ခြံထဲမှာ မြှုပ်ထားတာတဲ့....၊

အဲဒါ ဟုတ်၊ မဟုတ် သွားဖော်ကြည့်ကြမလို့ကွ......."

ရွာလူကြီးရဲ့စကားကြောင့် ကျော်တင့် ထိတ်လန့်သွားတယ်......၊

သူ၊ မင်းနိုင် ဝင်စားတယ်ဆိုတဲ့ ကောင်လေးကို လှမ်းကြည့်လိုက်တယ်...၊

ကောင်လေးကလည်း သူ့ကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေတာတွေ့တော့ သူ ကြက်သီးထသွားတယ်၊

လက်တွေကသာ လှေကို ရေစီးကြောင်းထဲပို့ပြီး ထိန်းနေပေမဲ့ သူ့စိတ်တွေက ဟိုးတုန်းက သွေးပျက်စရာကောင်းတဲ့ညကို ပြန်သွားနေတယ်၊

ချောက်ချားစရာ မှောင်မည်း တိတ်ဆိတ်နေတဲ့ည......။

ငှက်ဆိုးထိုးသံတွေနဲ့ မရဏည.......။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီညမှာ သူ မောင်မင်းနိုင်ကို ရဲတင်းနဲ့ခုတ်သတ်ပစ်ခဲ့တယ်......၊

နောက်ပြီး အလောင်းကို စပါးကျီအောက်မှာမြှုပ်ပြီး မှတ်ထဲမှာ ရေနစ်သေသွားသယောင် ဇာတ်လမ်းဆင်ခဲ့တယ်.....၊

အခု မောင်မင်းနိုင် ဝင်စားတယ်ဆိုတဲ့ ကောင်လေး ရောက်လာပြီ.......။

မောင်မင်းနိုင် အသတ်ခံရတဲ့အကြောင်း ပြောပြီး အလောင်းမြှုပ်ထားတဲ့နေရာကို လိုက်ပြတော့မယ်၊

စပါးကျီအောက်က မြေကြီးကိုသာ တူးဆွလိုက်ရင် မောင်မင်းနိုင်ရဲ့အရိုးစုကို မလွဲမသွေ တွေ့ရလိမ့်မယ်.......။

လူသတ်လက်နက်ဖြစ်တဲ့ ရဲတင်းကိုလည်း တွေ့မယ်၊

နောက်ဆုံး အချက်အလက်အားလုံး ဆက်စပ်ပြီး ဖော်ထုတ်လိုက်ရင် လူသတ်တရားခံပေါ်ပေါက်လာမှာ မြေကြီးပေါ်ကျတ်မလွဲ ဖြစ်တယ်၊

ပေါ်ပေါက်လာမယ့် တရားခံက.........၊

တစ်ချိန်က ဦးတင်မောင်၊ ဒေါ်နှင်းရည်တို့ရဲ့ မွေးစားသား ကျော်တင့်၊ ဆိုးမိုက်လွန်းပေတေလွန်းတဲ့ အိမ်ကနေ အပြီးအပိုင် နှင်ချခြင်းခံထားရတဲ့ ကျော်တင့်.........၊



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ပင်ပန်းဆင်းရဲခြင်းတွေနဲ့ ရုန်းကန်၊ လှေခတ်စားနေရတဲ့ ကျော်တင့်....၊

လူသတ်တရားခံဟာ သူဆိုတဲ့ ကျော်တင့်ဆိုတာ တစ်လောကလုံး သိသွားကြတာနဲ့ တစ်ပြိုင်နက်.......၊

ကျော်တင့်မျက်လုံးထဲမှာ လည်ပင်း ကြိုးတန်းလန်းနဲ့ ကြိုးစင်ပေါ်မှာရပ်နေတဲ့ သူ့ကိုယ်ကိုမြင်နေတယ်။

"ဂျိုင်း" ခနဲအသံကြီးရဲ့ မြည်သံကို နားထဲမှာ ကျယ်ကျယ်လောင်လောင် ကြားယောင်လိုက်တယ်၊

ကြိုးက တုန်ခါနေတယ်၊

သူ့ခန္ဓာကိုယ်ကြီးကလည်း ဇာဆတ်ဆတ်တုန်လို့၊ အသက်ငင်လို့.....။

"မဖြစ်ဘူး....၊ မဖြစ်ဘူး.....၊

ဒီလို အဖြစ်အခံနိုင်ဘူး........"

ထိတ်လန့်မှု၊ စိတ်လှုပ်ရှားမှုတွေကြောင့် သူ အသံထွက်ပြီး အော်လိုက်မိတယ်။

သူ့အော်သံကြောင့် လှေပေါ်ပါလာတဲ့သူအားလုံး အံ့အားသင့်သွားတယ်။

ဒီအချိန်မှာပဲ ကျော်တင့်ဟာ စိတ်ဖောက်ပြန်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အရှုးတစ်ယောက်လို ရေထဲကို ဝုန်းခနဲခုန်ချတယ်။

လှေနံရံကိုကိုင်ပြီး မှောက်ပစ်လိုက်ပါတော့တယ်။

"ဝင်မှာအမြဲ ငရဲမှာအပ" တဲ့....။

ကိုယ်ပြုမှားမိခဲ့တဲ့ ကြမ္မာဆိုးကို ငရဲကျနေတဲ့ကာလက လွဲပြီး ဝင်ကြွေးဆပ်ကြရတယ်။

ကြမ္မာဝင်ကြွေးကလည်း နွားခြေရာနောက်ကဲ လှည်း ဘီးလိုက်သလို ထပ်ကြပ်မကွာ လိုက်နေခဲ့တယ်။

တစ်ချို့က တင်ရှိခဲ့တဲ့ဝင်ကြွေးကို တစ်ဘဝတည်းနဲ့ အကြွေအလည် ဆပ်နိုင်ခဲ့သလို......၊

အချို့ကျတော့လည်း ဘဝပေါင်းများစွာ မကြေမချင်း ပေးဆပ်ကြရတယ်။

မောင်မင်းနိုင်နဲ့ ကျော်တင့်တို့နှစ်ယောက်အနေနဲ့လည်း အတိတ်သံသရာမှာ ဘယ်လိုကံကြမ္မာဆိုးတွေ ပါလာခဲ့သလဲဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး.......။

မောင်မင်းနိုင်ဘဝမှာလည်း ကျော်တင့်ရဲ့ရဲ့တ ်းနဲ့ ခုတ် သတ်တာ ခံခဲ့ရတယ်။

မောင်မင်းနိုင်ဘဝကနေ သေဆုံးပြီး မောင်ရဲရင့် လူ့ ဝင်စားဖြစ်လာပြန်တော့လည်း ကျော်တင့်ရဲ့ လှေ ကြသတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ခဲ့တာကိုပဲ ထပ်မံခံခဲ့ရပြန်တယ်။

သူတို့ရဲ့ ကြမ္မာဝဋ်ကြွေးတွေ အဆုံးသတ်သွားပြီလား။
ဒါမှမဟုတ် ကျန်ရှိနေသေးသလား.......။
သူတို့ကိုယ်တိုင်ပင်လျှင် သိနိုင်မှာမဟုတ်ပါဘူး။

❖ ❖ ❖

'လူတစ်ယောက်သေဆုံးပြီး လူအဖြစ် တစ်ဖန်ပြန်ပြီး မွေးဖွားလာတာကို လူဝင်စားလို့ခေါ်ပါတယ်။

ကံ၊ ကံ၏အကျိုးနဲ့ သုံးဆယ့်တစ်ဘုံကို လက်ခံတဲ့ ဗုဒ္ဓဘာသာဝင်တွေက လူသေပြီးလူပြန်ဖြစ်တဲ့ လူဝင်စားအယူအဆကို လက်ခံကြတယ်။

ဟိုတုန်းက နာမ်လောကကို မယုံကြည်တဲ့ အနောက်ကမ္ဘာက ရုပ်ဝါဒီသမားတွေလည်း ခုချိန်မှာတော့ လူဝင်စားအယူအဆတွေကို လက်ခံနေကြပါပြီ....။

အရှေ့တိုင်းရဲ့ နာမ်လောကနဲ့ လူဝင်စားဖြစ်စဉ်တွေအပေါ် စနစ်တကျ၊ လေ့လာသုတေသန ပြုနေကြပါပြီ။

သုတေသနတွေကနေ ထူးခြားဆန်းပြားတဲ့ လူဝင်စားဖြစ်စဉ်တွေအကြောင်း အံ့ဩဖွယ် သိရှိနေကြပါပြီ.......။



www.burmeseclassic.com

www.burmeseclassic.com



လူဝင်စားဖြစ်စဉ်တွေဟာ သာမာန်အားဖြင့် ဘယ်လိုမှ ယုံကြည်လက်ခံနိုင်စရာ မရှိတဲ့ဖြစ်စဉ်၊ ဖြစ်ရပ်တွေပါ။

အနောက်နိုင်ငံက သုတေသနပြု လေ့လာချက်တစ်ခု ထဲမှာ–

လူဝင်စားဖြစ်လာတဲ့သူဟာ အတိတ်ဘဝက ဦးခေါင်းကို သေနတ်နဲ့ပစ်ခတ်ခံရပြီး သေဆုံးခဲ့သူပါ။

ကျည်ဆံက ညာဘက်နားထင်ကနေဝင်၊ ဦးနှောက်ကို ဖြတ်သန်းပြီးမှ ဝဲဘက်နားထင်ကနေ ထွက်သွားတယ်။

လူဝင်စားကို လေ့လာတဲ့အခါမှာလည်း ဘယ်နားထင်၊ ညာနားထင်က ကျည်ဆံဝင်ပေါက်၊ ထွက်ပေါက်တွေ ပါရှိတဲ့အ ပြင်.........၊

ဦးနှောက်ထဲမှာလည်း ကျည်ဆံဖြတ်သွားတဲ့ လမ်း ကြောင်းကြီးတစ်ခု ပါနေတာကို အံ့ဩဖွယ်တွေ့ရှိရပါသတဲ့။

စာရေးသူ ပဲခူးတိုင်းအရှေ့ခြမ်း၊ ဖြူးမြို့နယ်ထဲက ကညွတ်ကွင်းမြို့မှာ နေထိုင်စဉ်ကလည်း၊

ကညွတ်ကွင်းမြို့ အနောက်ဘက် တစ်မိုင်ခန့်အကွာက ရွာလေးတစ်ရွာမှာ လူဝင်စား အမွှာညီအစ်မနှစ်ယောက်ကို တွေ့ ခဲ့ဖူးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗမာရွာစစ်စစ်မှာ ဗမာလူမျိုးစစ်စစ် ဇနီးမောင်နှံ
ယောက်ကနေ လူဝင်စားအင်္ဂလိပ်မလေးနှစ်ယောက် မွေးဖွား
ခဲ့တဲ့ ဖြစ်စဉ်ပါ။

အဲဒီ အင်္ဂလိပ်လူဝင်စားမလေး နှစ်ယောက်စလုံး အင်္ဂ
လိပ်အမျိုးသမီးတွေလို အသားအရေဖြူဆွတ်ပြီး.....၊

ဆံနွယ်တွေကလည်း ငွေရောင်ဆံနွယ်တွေပါ။

နောက်ပြီး သူတို့ရဲ့မျက်လုံးလေးတွေကလည်း အင်္ဂလိပ်
လူမျိုးတွေရဲ့မျက်လုံးတွေလို မီးခိုးပြာရောင်လေးတွေပဲ ဖြစ်ပါ
တယ်။

ဘယ်လိုကနေ ဘယ်လို လူဝင်စားဖြစ်လာတယ်ဆိုတာ
တော့ သေသေချာချာ မသိရပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဒီဖြစ်စဉ်ကလည်း လူဝင်စားဖြစ်စဉ်
တွေထဲက ဆန်းကြယ်တဲ့အဖြစ်အပျက် တစ်ခုပါ၊

မြန်မာပြည်အရပ်ရပ်မှာ ထူးခြားတဲ့ လူဝင်စားဖြစ်စဉ်
တွေ အများအပြားရှိနေပါသေးတယ်။

အကြောင်းတိုက်ဆိုင်တဲ့အခါများမှာ လေ့လာစုံစမ်းမေး
မြန်းပြီး ဆက်လက်တင်ပြနိုင်ဖို့ ကြိုးစားပါဦးမယ်။ ။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ရွဲလမ်းတစ္ဆေ

မသူဇာရဲ့ ပင်ကိုအသံမဟုတ်ဘဲ
ယောက်ျားကြီး တစ်ယောက်အသံ
ဖြစ်နေတာကြောင့်....၊
အားလုံး အံ့အားတသင့် ဖြစ်သွားတယ်၊
ရုပ်ကလည်း ရုပ်ဆိုးဆိုး
လူအိုကြီးတစ်ယောက်ရုပ်မျိုး
ပြောင်းသွားတာကြောင့်
မိန်းမတစ်ချို့ လန့်ပြီး
နောက်ကို ဆုတ်သွားတယ်။

www.burmeseclassic.com



# ရွဲလမ်းတစ္ဆေ

ညရယ်၊ အမှောင်ရယ်က အမြဲအုန်းတွဲနေတဲ့ အရာနှစ်ခု ပါ..........။

ညရောက်တာနဲ့ အမှောင်တွေကလည်း လောကကြီး ထဲကို တ...ဟစ်စ ချင်းနင်း ဝင်ရောက်လာကြတယ်၊

ပြီးတော့ ညကမ္ဘာကြီးတစ်ခုလုံးကို ပိန်းပိန်းပိတ် မှောင် မည်းအောင် လုပ်ပစ်လိုက်တယ်။

ညကာလကို ရောက်တာနဲ့......၊

ထိတ်လန့်စရာ အမှောင်တွေ ကြီးစိုးလာတယ်........၊

လောကကြီးက တိတ်ဆိတ်ပြီး......၊

ချောက်ချားစရာကောင်းအောင် ငြိမ်သက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့ရင်ထဲကို အားငယ်ခြင်းနဲ့ အကြောက်တရားတွေ ကိန်းအောင်းခိုဝင်လာတယ်။

အဲဒီအချိန်မှာပဲ နာနာဘာဝ၊ တစ္ဆေသရဲကောင်တွေဟာ အစာရှာဖွေ စားသောက်ကြဖို့၊

သူတို့နေထိုင်ရာ နေရာဌာနကနေ အလျှို အလျှို ထွက်ခွာသွားကြပါတော့တယ်......။

❖ ❖ ❖

"ကျွီ......... ခုန်း..... ဂလွမ်း.... ဂလွမ်း.........."

ညရဲ့ တိတ်ဆိတ်မှုကို ချိုးဖျက်လိုက်တဲ့အသံတွေ.....၊

"ဒါ...... အိမ်ရှေ့သံပန်းတံခါး ဖွင့်တဲ့အသံ......"

မသူဇာ အသံကြားတာနဲ့ တန်းသိလိုက်တယ်။

ပထမတော့ အိပ်ချင်မူးတူးနဲ့မို့ ခင်ပွန်းသည် ကိုဇော်ဝင်း ပြန်လာတာလားလို့ တွေးမိသေးတယ်။

ဒါပေမဲ့ ချက်ချင်းဆိုသလို မဖြစ်နိုင်ဘူးဆိုတာ သိလိုက်တယ်.......။

သူတို့ ရန်ကုန်တာမွေကနေ၊ သုံးဆယ်မြို့ကိုပြောင်းလာတာ မကြာသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းအနောက်ဘက်က ဒေါ်ဝိတန်းရပ်မှာ ခြံကွက်တစ်ကွက် ဝယ်တယ်.........။

ခြံဝယ်တုန်းကပါတဲ့ အိမ်လေးကိုဖျက်ပြီး အိမ်သစ်ပြန်ဆောက်တယ်။

အိမ်သစ်ပြန်ဆောက်တယ်ဆိုပေမဲ့ အိမ်ဟောင်းပါပဲ။

တောင်ခြေရွာလေးတစ်ရွာက အိမ်ဟောင်းကိုဝယ်၊ ဖျက်ယူလာပြီး ပြန်ဆောက်တဲ့အိမ်သစ်။

တောင်ခြေရွာဆိုတော့ သစ်သားတွေက ကောင်းတယ်

တိုင်တွေက အချင်းတစ်ပေလောက်ရှိတဲ့ ကျွန်းတိုင်လုံးတွေ၊ ထုတ်၊ လျှောက်၊ ဒိုင်း၊ မြားတွေကလည်း ကျွန်းခွဲသားတွေချည်းပဲ။

ရက်မနဲ့ ဆင့်တွေလောက်ပဲ ပျဉ်းကတိုးသစ်တွေ ပါတယ်၊

အိမ်ဆောက်ပေးပြီးတာနဲ့ ကိုကျော်ဝင်းက သူ့ ကားမောင်းအလုပ်ရှိရာ ရန်ကုန်ကို ပြန်သွားရတယ်။

အိမ်မှာ မသူဇာ၊ သားလေးနှစ်ယောက်နဲ့ တစ်နှစ်အရွယ် သမီးလေးတစ်ယောက်တို့ ကျန်ခဲ့တယ်......။

ကိုဇော်ဝင်း လကုန်ပြီးလောက်မှ ပြန်လာဖြစ်မယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ ချက်ချင်း သတိရလိုက်တယ်။

မသူဇာ၊ ကလေးတွေမနိုးအောင် သတိထားပြီး အိပ်ရာက ထတယ်၊

တံခါးဆီကို ခြေဖော့ပြီး အသာလျှောက်လာတယ်၊

တံခါးရှက်မှာဖြစ်နေတဲ့ အပေါက်ငယ်ကနေ ချောင်းကြည့်လိုက်တယ်.....။

"တင်.......၊

ဒါ..... ဘယ်လိုဖြစ်တာလဲ......၊

ခြံတံခါး သေသေချာချာ ပိတ်ထားတာကို....."

ဟုတ်တယ်၊ ခြံတံခါးနှစ်ရွက်စလုံး ပွင့်နေတယ်။

သူ၊ မအိပ်မီက ခြံတံခါး သေသေချာချာ ပိတ်ခဲ့တာကို သတိရလိုက်တယ်။

တံခါးက သံပန်းတံခါး၊ တံခါးနှစ်ရွက်ဆုံစေ့ငြိုး တစ်ဖက်မှာရှိတဲ့ သံကွင်းလေးထဲကို မင်းတုပ်ထိုးထည့်ရတယ်၊

သော့ခလောက်မရှိပေမဲ့ အလွယ်တကူတော့ ဖွင့်လို့မရဘူး.........။

"အခု ဘာလို့ပွင့်နေတာပါလိမ့်........၊

ခြံတံခါးဖွင့်သံလည်း ကြားရတယ်........၊

www.burmeseclassic.com

www.burmeseclassic.com



သေချာပြီ.....၊ လူတစ်ယောက်ဝင်လာတာပဲ ဖြစ်မယ်....”

အန္တရာယ်သတိပေး ခေါင်းလောင်းသံတွေ သူ့အာရုံမှာ ဆူညံသွားတယ်။

မသူဇာ၊ အိပ်ရာဘက်ပြန်လာပြီး သူ့အနီးမှာ အမြဲထား အိပ်တဲ့ဓါးရှည်ကို ကိုင်ထားလိုက်တယ်။

သူခိုးဖြစ်ဖြစ်၊ ဓါးပြဖြစ်ဖြစ် ဘယ်လိုလူမှ မသူဇာ မ ကြောက်ဘူး၊

အိမ်ပေါ်တက်လာလို့ကတော့ ဓါးနဲ့ခုတ်ပစ်မှာ သေချာ တယ်....။

ခင်ပွန်းသည်က တစ်ရပ်တစ်ကျေး၊ စီးပွားရှာသွားနေ ရတဲ့ အချိန်မှာ........၊

အိမ်မှာကျန်ခဲ့တဲ့ သူ့အနေနှင့်လည်း မိသားစုကို အ သက်နဲ့လဲစောင့်ရှောက်ဖို့ အသိတရားနဲ့ သတ္တိတွေရှိတယ်၊

မသူဇာ၊ ဓါးကိုကိုင်ပြီး အသာငြိမ်နေလိုက်တယ်။

“အိမ်ပေါ်တက်လာဖို့ ကြိုးစားလို့ကတော့၊ ရှေ့နောက် စဉ်းစားမှာ မဟုတ်တော့ဘူး၊

ဘာဖြစ်ဖြစ် ခုတ်ပစ်မှာပဲ....” လို့လည်း ယခုပြတ် ဆုံး ဖြတ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အချိန်တွေသာ တဖြည်းဖြည်း ကြာလာတယ်၊ ဘာသံမှ ဆက်မကြားရတော့ဘူး။

အချိန်တွေ ဘယ်လောက်ထိ ကြာမြင့်သွားလဲမသိဘူး၊ သူ ငိုက်မျဉ်းပြီး မှေးခနဲအိပ်ပျော်သွားတယ်.....။

"ကျွိ......."

ခြံတံခါးပေါက်က သံပန်းတံခါးမြည်သံက သူ့ကို လှုပ်နှိုးလိုက်ပြန်တယ်။

သူ အလန့်တကြားနိုးပြီး တံခါးပေါက်ကနေ ခြံတံခါးကို လှမ်းကြည့်တယ်....။

အိမ်ရှေ့မီးရောင်ကြောင့် ခြံတံခါးကို လင်းလင်းရှင်းရှင်း မြင်နေရတယ်.....။

တံခါးရွက်တွေအနီးမှာ ဘယ်သူမှ ရှိမနေဘူး။

သက်ရှိသတ္တဝါဆိုလို့ ခွေးတစ်ကောင်၊ ကြောင်တစ်မြီး တောင် မတွေ့ရဘူး။

ဒါပေမဲ့.........၊

စောစောတုန်းကပွင့်နေတဲ့ တံခါးရွက် နှစ်ရွက်စလုံးက စေ့ပြီး ပိတ်နေတယ်။

သူကြည့်နေခိုက်မှာပဲ.......၊

www.burmeseclassic.com

www.burmeseclassic.com



"ခုန်း..... ဂလွမ်း.... ဂလွမ်း........."ဆိုတဲ့ အသံတွေထွက်ပေါ်လာတယ်။

အသံနဲ့အတူ သူ့တစ်သက်မှာ တစ်ကြိမ်တစ်ခါမှ မမြင်၊ မတွေ့ဘူးတဲ့ အထူးအဆန်းတစ်ခုကို မြင်တွေ့လိုက်ရတယ်။

ဟုတ်တယ်။

ဘယ်သူမှမရှိဘဲပိတ်သွားတဲ့ သံပန်းတံခါးက သံမင်းတုပ်ဟာ သူ့အလိုလိုရွေ့ပြီး တစ်ဖက်တံခါးရွက်က သံကွင်းလေးထဲ ဝင်သွားတယ်။

မျက်စိရှေ့မှာ မျက်ဝါးထင်ထင်မြင်နေရတဲ့ မြင်ကွင်းကြောင့် မသူဇာ ကြက်သီးဖျန်းဖျန်းထသွားတယ်....။

ခေါင်းနပန်းတွေ ကြီးသွားတယ်။

အခြေအနေက ဒီလောက်နဲ့ ရပ်မသွားသေးဘူး။

"ဖလပ်....."

"ဖလပ်....."

"ဖလပ်....."

ခြေသံတွေ........၊ လူတစ်ယောက်ရဲ့ ခြေသံတွေ.......။

တစ်စုံတစ်ယောက် ခြံဝင်းတံခါးကနေ အိမ်ဘက်ကိုလှမ်းလျှောက်လာတဲ့ ခြေသံတွေ......။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကြားနေရတယ်၊ ထင်ထင်ရှားရှား ကြားနေရတယ်။ ဒါပေမဲ့ ဘယ်သူမှမရှိဘူး။

ခြေသံတွေက တစ်စတစ်စ နီးကပ်လာတယ်၊ အိမ်တံစက်မြိတ်အနီးထိတိုင် ကပ်လာတယ်။

"ဖလပ်......၊ ဖလပ်......"

ခြေသံတစ်ချက်၊ နှစ်ချက် နောက်ဆုံးကြားလိုက်ရပြီး ဘာသံမှ မကြားရတော့ဘူး။

ညက ပုံမှန်အတိုင်း ပြန်ဖြစ်သွားတယ်။

တိတ်ဆိတ် ငြိမ်သက်သွားတယ်။

ဒါပေမဲ့ မသူဇာ့ရင်တွေကတော့ တဒုန်းဒုန်းနဲ့ ခပ်ကြမ်းကြမ်းခုန်နေတယ်။

လူတစ်စုံတစ်ယောက်မှ မမြင်မတွေ့ရဘဲ သူ့အလိုလိုပွင့်သွားတဲ့ တံခါး.....။

အလိုအလျောက်ပိတ်ပြီး မင်းတုပ်ထိုးနေတဲ့ တံခါးနှစ်ချက်ရဲ့ မြင်ကွင်း......၊

အကောင်အထည်မမြင်ရဘဲ ခြံထဲဝင်လာတဲ့ ခြေသံများ တစ်ခုပြီးတစ်ခု သူ့မျက်လုံးထဲကမထွက်အောင် ငြိနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြားရတဲ့ ခြေသံတွေက ခြံထဲမှာမဟုတ်ဘူး၊ အိမ်ပေါ်မှာ။

သူတို့အိပ်ခန်းရဲ့ ခေါင်းရင်းက ဧည့်ခန်းထဲမှာ လူတစ်ယောက် တရှုပ်ရှုပ်သွားနေတယ်။

ဟိုသွားလိုက်၊ ဒီသွားလိုက်.....။

ခြေသံတွေကလည်း ရပ်သွားလိုက်၊ ထွက်ပေါ်လာလိုက်နဲ့........။

ကြောက်လွန်းတာကြောင့် သူ အိပ်လို့မရတော့ဘူး။

သူနဲ့ကလေးတွေရှိတဲ့ အိပ်ခန်းထဲ ဝင်လာလေမလား။

သရဲဆိုတာ ရုပ်ပုံတွေထဲကလို ရုပ်ပျက်ဆင်းပျက် အတောင်ကြီးလား၊ အစွယ်ကြီးနဲ့လား၊ တစ်ကိုယ်လုံး အမွှေးတွေနဲ့လား......။

အမျိုးမျိုးတွေးရင်း ကြောက်နေမိတယ်။

ခေါင်းတွေကြီးနေတယ်။

မသူဇာ၊ အိမ်ထောင်မကျမီက သူနာပြုလုပ်ခဲ့ဖူးတယ်၊ သူ့မျက်စိအောက်မှာ၊ သူ့လက်ပေါ်မှာ၊ အသက်ပျောက်သွားတဲ့ သူနာတွေ ကြုံဖူးတယ်။

ညကြီးမင်းကြီး ပိတ်ဖြူဖုံးထားတဲ့ လူသေအလောင်းတွေကို သံအခေါင်းကြီးထဲထည့်၊



www.burmeseclassic.com

www.burmeseclassic.com



ကြားရတဲ့ ခြေသံတွေက ခြံထဲမှာမဟုတ်ဘူး၊ အိမ်ပေါ်မှာ။
သူတို့အိပ်ခန်းရဲ့ ခေါင်းရင်းက ဧည့်ခန်းထဲမှာ လူတစ်ယောက် တရှုပ်ရှုပ်သွားနေတယ်။
ဟိုသွားလိုက်၊ ဒီသွားလိုက်.....။
ခြေသံတွေကလည်း ရပ်သွားလိုက်၊ ထွက်ပေါ်လာလိုက်.......။
ကြောက်လွန်းတာကြောင့် သူ အိပ်လို့မရတော့ဘူး။
သူနဲ့ကလေးတွေရှိတဲ့ အိပ်ခန်းထဲ ဝင်လာလေမလား။
သရဲဆိုတာ ရုပ်ပုံတွေထဲကလို ရုပ်ပျက်ဆင်းပျက် အသွားတောင်ကြီးလား၊ အစွယ်ကြီးနဲ့လား၊ တစ်ကိုယ်လုံး အမွှေးတွေနဲ့လား......။
အမျိုးမျိုးတွေးရင်း ကြောက်နေမိတယ်။
ခေါင်းတွေကြီးနေတယ်။
မသူဇာ၊ အိမ်ထောင်မကျမီက သူနာပြုလုပ်ခဲ့ဖူးတယ်၊ သူ့မျက်စိအောက်မှာ၊ သူ့လက်ပေါ်မှာ၊ အသက်ပျောက်သွားတဲ့ လူနာတွေ ကြုံဖူးတယ်။
ညကြီးမင်းကြီး ပိတ်ဖြူဖုံးထားတဲ့ လူသေအလောင်းတွေကို သံအခေါင်းကြီးထဲထည့်၊



www.burmeseclassic.com

www.burmeseclassic.com



ဘီးတပ်တွန်းလှည်းပေါ်တင်ပြီး သူကိုယ်တိုင် ရင်ခွဲရုံထဲ တရော်ရော်နဲ့ အရောက်ပို့ပူးတယ်။

ဒါ့ကြောင့် ကြောက်စိတ်လန့်စိတ် မရှိသလောက် နည်း တယ်။

ခုတော့ သူနာပြုအလုပ်က ထွက်တာကြာသွားလို့လား။

သရဲခြောက်တာ ခဏခဏ ခံရတာကြောင့်လား မသိ ဘူး.........၊ အသည်းငယ်သလို ဖြစ်လာတယ်။

လိပ်ပြာလန့်လာတယ်၊

ညရောက်မှာကိုတောင် ကြောက်လန့်လာနေတယ်။

တစ်ညနစ်ညပဲ စောင့်ကြည့်လိုက်ရတယ်၊ သရဲသောင်း ကျန်းနေတာကို ကိုဇော်ဝင်းကိုယ်တိုင် သိသွားတယ်။

သရဲက သူတို့ခြံထဲမှာ ရှိနေတာဖြစ်ပြီး ညညမှာခြံတံခါး ဖွင့်ပြီး အပြင်ထွက်တယ်။

သူပြန်ဝင်လာတဲ့အခါမှာလည်း ခြံတံခါးပြန်ပိတ်လေ့ ရှိ တယ်ဆိုတာ သဘောပေါက်သွားတယ်။

နောက်ပြီး ညဥ့်နက်သန်းခေါင် ဧည့်ခန်းထဲမှာ လမ်း လျှောက်နေတဲ့ ခြေသံဂျုပ်ဂျုပ်ကိုလည်း သူကိုယ်တိုင်ကြား လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူရောက်ပြီး သုံးရက်မြောက်ညမှာတော့ အဆိုးဆုံးအခြေအနေတစ်ခုနဲ့ ကြုံလိုက်ရပါတယ်။

အဲဒီညက တစ်ညလုံး ဘာအနှောင့်အယှက်မှ မတွေ့ရဘူး၊ ကောင်းကောင်းမွန်မွန် အိပ်စက်ကြရတယ်။

ပြဿနာက မနက်လင်းအားကြီးချိန်မှ ဖြစ်တာ။

ထုံးစံအတိုင်း မသူဇာ အိပ်ရာကထတယ်၊

မနက်လင်းပြီဆိုတဲ့အတွေးနဲ့ ကိုဇော်ဝင်း ထလိုက်မသွားတော့ဘဲ ဆက်အိပ်နေတယ်။

ဘယ်လောက်မှ မကြာဘူး၊

စူးစူးဝါးဝါး ငယ်သံပါအောင် အော်လိုက်တဲ့ မသူဇာရဲ့အသံကို ကြားလိုက်ရတယ်။

ကိုဇော်ဝင်း အမြန်လူးလဲထပြီး ပြေးသွားတယ်။

အိပ်ရှေ့တံခါးဝမှာ မသူဇာ ရပ်နေတယ်။

မျက်စိစုံမှိတ်ပြီး ကြောက်လန့်တကြား အော်နေတယ်၊

အလွန်အကြူး ကြောက်လန့်နေတာကြောင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတယ်။

"ဘာလဲ...... ဘာလဲ....၊

ဘာဖြစ်တာလဲ........"

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ဝင်း အမောတကော မေးတယ်၊

"သရဲ.... သရဲ........ သရဲကြီး............"

ကိုဇော်ဝင်း သဘောပေါက်လိုက်ပြီ.......၊ မသူဇာ သရဲခြောက်ခံရပြီ......။

မသူဇာကို အသာအယာ ဖေးဖေးမမတွဲခေါ်ပြီး အိပ်ရှေ့ခန်းထဲ ခေါ်လာတယ်။

စိတ်ငြိမ်ပြီး အကြောက်အလန့်ပြေသွားအောင် ရေတစ်ခွက် ခပ်တိုက်လိုက်တယ်။

ခဏကြာတော့ မသူဇာ ပုံမှန်အတိုင်းပြန်ဖြစ်သွားတယ်၊

"အောက်ဆင်းမလို့ တံခါးဖွင့်လိုက်တော့.....၊

လှေကားထစ်ပေါ်မှာ လူကြီး ၁စ်ယောက် ကျောပေးပြီး ထိုင်နေတယ်.......၊

တံခါးဖွင့်သံကြားလို့နဲ့ တူပါရဲ့၊ ကျွန်မကို မော့ကြည့်တယ်......၊

အရေပြားတွေ ရှုံ့တွနေတဲ့ ရုပ်ပျက်ဆင်းပျက်မျက်နှာကြီး၊ သိပ်ကြောက်တာပဲ......" လို့ မသူဇာက ပြောတယ်။

"အဲဒီသရဲကြီး ဘယ်ထွက်သွားတာလဲ....." မေးတော့

"လှေကားထစ်မှာပဲ ဖျတ်ခနဲပျောက်သွားတယ်....."



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောပြတယ်။

အစပထမမှာ အသံဗလံလေးပဲ ကြားရတဲ့သရဲ၊ ခု အကောင်အထည်ပါ တွေ့လာရပြီ။

ဒီ တဖြည်းဖြည်း အတင့်ရဲလာတာပဲ......။

နောက်၊ ဒီထက်ဒီထက် ပိုဆိုးလာရင် လူ့တွေပါ ဒုက္ခရောက်နိုင်တယ်၊

ကလေးတွေကလည်း ရှိသေးတယ်။

ဒါ့ကြောင့် သရဲကို မြန်မြန်နှင်ထုတ်ဖို့ လင်မယားနှစ်ယောက် တိုင်ပင်လိုက်ကြတယ်။

❖ ❖ ❖

ပယောဂဆရာကြီးက ဆန်မန်း၊ သဲမန်းတွေယူပြီး ခြံပတ်ပတ်လည်ကို ကိုယ်တိုင်လိုက်ပြီး ကြဲပက်တယ်။

နောက်ပြီး တစ်ခြံလုံးကို ချည်မန်းကြိုးနဲ့ ပုံးပတ်ပတ်တယ်။

အစီအရင်တွေလုပ်ပြီးတော့ အိမ်ပေါ် ပြန်တက်လာတယ်၊ အိမ်ရှေ့ဧည့်ခန်းထဲမှာ ကိုဇော်ဝင်းတို့လင်မယားရယ်၊ ဆွေမျိုးသားချင်းအချို့နဲ့ အိမ်နီးချင်းတွေရယ်၊

www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း ဆယ်ယောက်၊ ဆယ့် ငါးယောက်လောက် ထိုင်နေကြတယ်။

ဆရာကြီးက ကလေးငယ်တွေ တစ်ယောက်မှမရှိစေနဲ့ဆိုလို့ အိမ်ပေါ်မှာ ကလေးတစ်ယောက်မှမရှိဘူး။

ကိုဇော်ဝင်းဟာ သူတို့ကလေးတွေကို တစ်ခြံကျော်က ဆွေမျိုးအိမ်ကို ပို့ထားတယ်။

ဆရာကြီးက အိမ်ပေါ်မှာရောက်နေတဲ့ ပရိသတ်အားလုံးကို လက်အုပ်ချီခိုင်းပြီး ဘုရားကို အာရုံပြုစေတယ်။

အဲဒီနောက်မှာ ဆရာကြီးဟာ တစ်စုံတစ်ခုကို နှုတ်က တတွတ်တွတ် ရွတ်ဆိုနေတယ်။

သူရွတ်ဆိုတာက ဂါထာ၊ မန္တာန်ရွတ်တာမျိုး မဟုတ်ဘူး တစ်စုံတစ်ယောက်ကို ငေါက်ငမ်းကြိမ်းမောင်းနေတဲ့ အသံမျိုး ဖြစ်တာကြောင့်၊

သရဲကို ဝင်ပူးဖို့အမိန့်ပေးနေပြီဆိုတာ အားလုံးလိုလို သဘောပေါက်နေတယ်၊

ဆရာကြီးရဲ့ ဩာန်နဲ့မာန်နဲ့ ရွတ်ဆိုသံကလွဲပြီး အခန်းထဲမှာ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေတယ်......။

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးမိနစ်လောက် အကြာမှာ ထူးခြားမှုတစ်ခု စပြီး ဖြစ်တယ်။

မသူဇာတစ်ယောက် လက်အုပ်ချီ ပုဆစ်ဒူးတုပ် ထိုင်နေရာကနေ ရုတ်တရက် ခွေခနဲလဲကျသွားတယ်။

ဆရာကြီးဟာ ချည်မန်းကြိုးကွင်းတစ်ခုယူပြီး မသူဇာ့လည်ပင်းကို စွပ်ပေးလိုက်တယ်။

ငါးစပ်ကလည်း "ချုပ်လိုက်ပြီ" လို့ ပြောတယ်။

"ဘာမှလုပ်မပေးနဲ့ ဒီအတိုင်းကြည့်နေ......"

ဆရာကြီးစကားကြောင့် ပြုစုပေးဖို့ တန်ပြင်နေတဲ့ မိန်းမတစ်ချို့ ဒီအတိုင်းပြန်ထိုင်ပြီး မသူဇာကိုကြည့်နေကြတယ်။

ချက်ချင်းဆိုသလို တအင်းအင်းညည်းတွားရင်း မသူဇာ သတိပြန်လည်လာတယ်။

မသူဇာဟာ ပုဆစ်ဒူးတုပ်ထိုင်ရာကနေ ယောက်ျားတွေထိုင်သလို တင်ပျဉ်ခွေအနေအထားကို ပြောင်းထိုင်လိုက်တယ်.....။

ခန္ဓာကိုယ်ကလည်း ရှေ့နောက်လှုပ်ပြီး ယိမ်းနေတယ်၊

မသူဇာကို သရဲဝင်ပူးနေပြီဆိုတာ အားလုံး သဘော ပေါက်သွားကြတယ်။

"ကဲ..... ပြောစမ်း၊ ခင်ဗျား ဘယ်သူလဲ......"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးအမိန့်ပေးလိုက်တာနဲ့ မသူဇာနှုတ်က စကား သံထွက်လာတယ်......။

ဒါပေမဲ့ မသူဇာရဲ့ ပင်ကိုအသံမဟုတ်ဘဲ ယောကျ်ားကြီး တစ်ယောက်အသံ ဖြစ်နေတာကြောင့် အားလုံး အံ့အားတသ ဖြစ်သွားတယ်။

ရုပ်ကလည်း ရုပ်ဆိုးဆိုး လူအိုကြီးတစ်ယောက်ရုပ်မျိုး ပြောင်းသွားတာကြောင့် မိန်းမတစ်ချို့ လန့်ပြီး နောက်ကိုဆုတ် သွားတယ်။

"ကျုပ်နာမည် ဆိုးပေ...."

မသူဇာက အသံသြသြကြီးနဲ့ ပြန်ဖြေတယ်။

"ခင်ဗျား၊ ဘယ်လိုအကြောင်းကြောင့် ဒီအိမ်ကို လာတာ လဲ........"

"ဒါ..... ကျုပ်အိမ်၊ ကျုပ်ပိုင်တဲ့အိမ်၊

ဒါကြောင့် ကျုပ်လာနေတာ........."

သရဲပြောတဲ့ စကားကြောင့် ကိုဇော်ဝင်း အံ့သြသွား တယ်..........၊

"ဒီအိမ်က ကိုဇော်ဝင်း၊ မသူဇာတို့ပိုင်ဆိုင်တဲ့ အိမ် ဘယ်လိုကြောင့် ခင်ဗျားအိမ် ဖြစ်ရတာလဲ...."

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုယ်တိုင် တောင်ပေါ်တက်ပြီး သစ်ခုတ်ခဲ့တယ်၊

တောင်အောက်ကိုအရောက် ကျုပ်ပုခုံးနဲ့ထမ်းချပြီးမှ ကျုပ်ကိုယ်တိုင် ဆောက်ခဲ့တဲ့အိမ်.....၊

ကျုပ်အိမ်မဟုတ်လို့ ဘယ်သူ့အိမ် ဖြစ်ရမှာလဲ........"

ဒီတော့မှ ဆရာကြီးရော၊ ကိုဇော်ဝင်းရော၊ ပရိသတ်တွေရော......၊

ကိုဇော်ဝင်း အိမ်ဟောင်းဝယ်ရာက၊ အိမ်ကိုစွဲပြီး ပါလာတဲ့သရဲဆိုတာ သဘောပေါက်သွားတယ်။

"အော်.... ခင်ဗျားက အိမ်ကိုစွဲပြီး မှီကပ်နေတာကိုး။ ဒီအိမ်က ခင်ဗျားအိမ် မဟုတ်တော့ဘူးလေ.....၊

ခင်ဗျားမိန်းမနဲ့ ခင်ဗျားသားသမီးတွေ စိတ်တူညီမျှ ရောင်းလိုက်လို့ ကိုဇော်ဝင်းတို့က တန်ရာတန်ကြေးပေးပြီး ဝယ်ထားတာ.......၊

ဒါကြောင့် ကိုဇော်ဝင်းတို့ ပိုင်ဆိုင်တဲ့အိမ် ဖြစ်သွားပြီ ခင်ဗျားနဲ့ ဘာမှမဆိုင်တော့ဘူးလေ......."

"ဒါတွေ ကျုပ်မသိဘူး၊

ကျုပ်သိတာက ဒီအိမ်ဟာ ကျုပ်အိမ်ဖြစ်တယ်ဆိုတာပဲ"

ဒေါသတကြီးအော်ဟစ်နေတဲ့ သရဲရဲ့စကားကြောင့် ဆ

www.burmeseclassic.com

www.burmeseclassic.com



ရာကြီး ပြုံးလိုက်တယ်။

ပြီးတော့ လေအေးအေးလေးနဲ့ ပြောတယ်။

"မသေမီကတည်းက ဒီအိမ်ကိုစွဲပြီး အဝိဇ္ဇာတွေ ထူ ပြောခဲ့ပုံရတယ်.......၊

ဒါကြောင့် လားရာဂတိမကောင်းဘဲ သရဲတစ္ဆေ ဖြစ်လာ ခဲ့တယ်.....၊

ဟော.... ခု သရဲတစ္ဆေဘဝမှာလည်း ဘာမဟုတ်တဲ့ ဒီ အိမ်ကိုပဲ စွဲလန်းတပ်မက်နေပြန်ပြီ......၊

ဒီလို အမိုက်မှောင်တွေဖုံးလွှမ်းနေမှတော့ အရှိမေတ္တာယူ ဘုရားပွင့်တာတောင် ဒီ ယုတ်နိမ့်တဲ့ဘဝက လွတ်မှာမဟုတ်ဘူး

သုံးဆယ့်တစ်ဘုံသား ဆိုလည်းနွှားတွေဖြစ်တဲ့ သတ္တဝါ မှန်သမျှ ငါ့သား၊ ငါ့မယား၊ ငါ့အိမ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ ဆိုတာပဲစွဲလန်း နေကြတယ်။

ဒါတွေအားလုံး တစ်ခုမကျန်၊ အကုန်လုံး ထားခဲ့ရတာ မဟုတ်လား....၊

ဆင်းရဲနုံချာလွန်းလှတဲ့ ဒီဘဝကလွတ်အောင်ပဲ ကြိုး စမ်းပါ......"

ဆရာကြီးရဲ့ တရားစကားကို သရဲဆိုးပနားလည်

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။

စောစောကလို ခွန်းတုံ့မပြန်တော့ဘူး၊ ငြိမ်နားထောင်နေတယ်။

ဆရာကြီးဟာ သရဲဆိုးပေရဲ့အကဲကို တစ်ချက်ကြည့်လိုက်တယ်၊ ပြီးမှ ဆက်ပြောတယ်။

"ခင်ဗျားကတော့ ခင်ဗျားဘာသာ သွားလာနေတာပေမယ့် တစ်အိမ်တည်းအတူတူနေတဲ့လူတွေကျ ထိတ်ရ၊ လန့်ရ၊ ကြောက်ရွံ့ရ ဖြစ်နေကြတယ်........၊

လူသားနဲ့ နာနာဘာဝဆိုတာကလည်း အတူနေလို့မရဘူး၊

ဒါကြောင့် ခင်ဗျားအနေနဲ့ ဒီဝင်း၊ ဒီခြံထဲကနေပြီး သင့်လျော်ရာဘုံဌာနကို ပြောင်းရွှေ့နေထိုင်ဖို့ မေတ္တာရပ်ခံပါတယ်..."

ဆရာကြီးရဲ့ စကားအဆုံးမှာ သရဲဆိုးပေရဲ့မျက်နှာ ငိုသွားတယ်။

"ကျုပ်ကိုယ်တိုင် ခင်ဗျားအတွက် ဘုံဌာနရှာပေးရမလား ခင်ဗျားဘာသာ ရှာမလား......"

သရဲဆိုးပေ မျက်နှာမော့လာတယ်၊ သူ့ အမူအရာက ...သယ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ နှစ်ဘဝဆက်တိုင် စွဲလမ်းခဲ့တဲ့အိမ်ကို စွန့်ခွါရမှာ ကြောင့် ဝမ်းနည်းနေပုံရတယ်။

ပြီးတော့ အက်ကွဲကွဲ၊ ယောက်ျားသံကြီးနဲ့......၊

"ကျုပ် နားလည်ပါပြီ.......၊

ကျုပ် ဒီအိမ်ကနေ ဒီညမှာပဲ ထွက်ခွါသွားပါမယ်...."

လို့ ပြောတယ်။

သရဲဆိုးပေဆီက စိတ်ချရတဲ့ကတိစကားကို ရယူပြီးမှ-

ဆရာကြီးဟာ မသူဇာရဲ့လည်ပင်းမှာ စွပ်ထားတဲ့ ချည် မန်းကွင်းကို ဖြုတ်ယူတယ်။

သရဲဆိုးပေကို မသူဇာရဲ့ ခန္ဓာကိုယ်ကနေ ထွက်ခွါခွင့်ပြု လိုက်တယ်။

ခါတိုင်းညတွေမှာ ည (၈)နာရီပတ်ဝန်းကျင်လောက် သ ရဲဆိုးပေ အစာရှာထွက်လေ့ရှိတယ်။

သူထွက်တာနဲ့ ပိတ်ထားတဲ့သံပန်းတံခါးပွင့်သံ ကြားရ လေ့ရှိတယ်။

ကိုဇော်ဝင်းနဲ့ မသူဇာတို့လင်မယား တစ်ညလုံးအိပ် ဘဲ သတိထားနေကြပေမဲ့......၊

သန်းခေါင်းကျော်တဲ့တိုင်အောင် ဘာသံမှ မကြားရသေး

www.burmeseclassic.com

www.burmeseclassic.com



ဘူး။

မနက် ၁ရက်တက်ကာနီး လင်းအားကြီးအချိန်ရောက်မှ........၊

"ကျွိ..... ဂလွမ်း.... ဂလွမ်း......" ဆိုတဲ့ သံပန်းတံခါးဖွင့်သံကို ကြားလိုက်ရတယ်။

သူတို့ အသာထကြည့်တော့ ပွင့်သွားတဲ့သံပန်းတံခါးတွေ သူ့အလိုလိုပြန်ပိတ်သွားတာကို တွေ့ကြရတယ်၊

"သရဲဆိုးပေ.....၊ အပြီးထွက်သွားတာမို့ တံခါးကို တစ်ခါတည်း ပြန်ပိတ်ပေးသွားတာပဲ......."

ကိုဇော်ဝင်း၊ မသူဇာကို တိုးတိုးပြောလိုက်တယ်။

ဟုတ်ပါတယ်၊ သူပြောတဲ့ အတိုင်းပါပဲ။

အဲဒီညကစပြီး သရဲဆိုးပေရဲ့အသံကို သူတို့မကြားကြရတော့ဘူး။

မျိုးမတူဇာတ်ခြား၊ လူနဲ့ နာနာဘာဝပေမဲ့၊

နှင်ထုတ်လိုက်ရတဲ့အတွက် ကိုဇော်ဝင်းရော၊ မသူဇာပါ စိတ်မကောင်းဖြစ်ကြရတယ်၊

ဘယ်လိုပဲဖြစ်ဖြစ်၊ သူတို့ ဘာမှမတတ်နိုင်ကြတော့ဘူး

စွဲလမ်းတစ္ဆေ ဆိုးပေတစ်ယောက်.......၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလို မကောင်းဆိုးဝါးဘဝကနေ အမြန်ဆုံးလွတ်မြောက်ပါစေဆိုတဲ့ ဆုတောင်းစကားတစ်ခွန်းကို ဆိုရုံကလွဲပြီး၊ သူတို့ ဘာမှ၊ မတတ်နိုင်တော့ဘူး ဖြစ်ပါတယ်။

စာဖတ်ပရိသတ်အား ဘာဝရလေးစားလျက်

မောင်မှိုင်းညို (ချောင်းဦး)
၁၁၊ ဇွန် ၂၀၁၆။

❖ ❖ ❖ ❖ ❖

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ ရေးသားထုတ်ဝေခဲ့တဲ့
ဖြစ်ရပ်မှန်ဇာတ်လမ်းများနှင့် ပတ်သက်ပြီး
ဝေဖန်အကြံပြုလိုရှိ ဖြစ်စေ၊
စာဖတ်သူကိုယ်တိုင် ကြုံတွေ့ခဲ့သော/
တစ်ဆင့်ကြားသိခဲ့သော
အမှန်တကယ် ဖြစ်ပျက်ခဲ့တဲ့
ထူးခြားဆန်းကြယ် ဖြစ်ရပ်မှန်များကို
ဖွင့်ဟလိုရှိဖြစ်စေ၊ စာရေးသူရဲ့ဖုန်းနံပါတ်
(၀၉–၂၆၄၀၀၀၁၃၅) သို့
ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

မောင်မြိုင်းညို့ (ချောင်းဦး)



www.burmeseclassic.com